

100
နန္ဒကျော်သူ
ကု လုံ ဏ် ရှိ မှု အ င်း
ရေသောက်နန်းတော်
ဒုတိယပိုင်း
ဇာတ်သိမ်း

နန္ဒကျော်သူ

# ရေအောက်နန်းတော်

ဒုတိယပိုင်း ( ဇာတ်သိမ်း )

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၅၁၇၁၂၀၇
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၀၃၁၀၁၀၈
၂၀၀၈ - ခုနှစ်

ပထမအကြိမ်၊ အုပ်ရေ-၅၀၀
တန်ဖိုး-၁၀၀၀/-ကျပ်။

ထုတ်ဝေသူ
ဒေါ်မိုးကေခိုင်၊ ချိုတေးသံစာပေ
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့ (၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်
ဦးသော်လွင်မြင့် (စန္ဒကူး-ပုံနှိပ်တိုက်)
9 (H) နဝရတ်ရိပ်သာလမ်း၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပုံနှိပ်
ဦးဝင်းကျော်မိုး (မုံရွေး-ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅-လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

## ဒို့တာဝန်အရေးသုံးပါး

- ☆ ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ☆ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ☆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- ☆ နိုင်ငံတော်ကည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- ☆ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
- ☆ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
- ☆ ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- ☆ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
- ☆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

## လူမှုရေးဦးတည်ချက်(၄)ရပ်

- ☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- ☆ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
- ☆ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

ရေအောက်ကမ္ဘာ ..

ရေပေါ်မှာထက် ရေအောက်က ပို၍ လုံခြုံစိတ်ချရ၏။

ယခု ချူလျှူရှမ်းသည် လုံခြုံစိတ်ချရသော ရေအောက်ကမ္ဘာထဲသို့ ရောက်ရှိသွားပြီ ဖြစ်၏။

ဤသို့ဆိုလျှင် ချူလျှူရှမ်းအတွက် လုံခြုံမှု ရှိပြီလော။

ဝူးထိဝါးက ချူလျှူရှမ်းကို အမြဲတန်းပြောလေ့ရှိသော စကားတစ်ခွန်းမှာ ချူလျှူရှမ်းသည် အလွန်ကံကောင်းသူဟူသော စကားဖြစ်၏။

ယခုလည်း ချူလျှူရှမ်းသည် သေမင်းလက်မှ လက်မတင်ကလေး လွတ်မြောက်ခဲ့ခြင်း ဖြစ်၏။

အကယ်၍သာ အမှတ်(၉)မိန်းကလေးသည် သီလရှင်ကျောင်းကို မကြည့်မိဘဲ ရေထဲသို့ ကြည့်လိုက်မိပါက လှိုင်းဂယက်များထနေသည်ကို မြင်တွေ့ရမည်ဖြစ်၏။

ယခု အမှတ်(၉) မိန်းကလေးက သီလရှင်ကျောင်းကိုသာ

အာရု စိုက်လိုက်မိသောကြောင့် ရေမျက်နှာပြင်ပေါ်၌ ချူလှူချူရှမ်းကြောင့် ဖြစ်ပေါ်ခဲ့သော လှိုင်းဂယက်များကို သတိမပြုလိုက်မိခြင်းဖြစ်၏။

ချူလှူချူရှမ်းသည် ရေထဲသို့ လျှော၍ဆင်းလိုက်ပြီးနောက် ရေအောက်သို့ ငုပ်လျှိုး၍သွား၏။

သူသည် ရေအောက်သို့ ရောက်ရှိသွားသည့်တိုင်အောင် သူ၏ရင်သည် ထိတ်လန့်တုန်လှုပ်နေဆဲ ဖြစ်၏။

သူသည် သေမင်း၏လက်မှ လက်မတင်ကလေး လွတ်မြောက်ခဲ့ကြောင်းကို သူက ကောင်းစွာ သိ၏။

တစ်ဆက်တည်းမှာပင် လျင်မြန်စွာ ပြေးလွှားရောက်ရှိလာသော အဖြူရောင်မိန်းကလေး၏ ကိုယ်ဖော့ပညာကိုလည်း အံ့သြမိ၏။

တပည့်၏ ကိုယ်ဖော့ပညာက ဤမျှကောင်းနေလျှင် ဆရာ၏ကိုယ်ဖော့ပညာသည် မည်သို့ရှိမည်ကို ချူလှူချူရှမ်းက ခန့်မှန်း၍မရတော့ပါ။

ချူလှူချူရှမ်းသဝည် ရေအောက်သို့ ငုပ်သွားပြီး ကျောက်တုံးတစ်တုံးကို တွယ်ဖက်ထားလိုက်၏။

ထိန်လင်းနေသော လရောင်က ရေပြင်ကို ထိုးဖောက်၍ ရေအောက်သို့ ကျရောက်နေ၏။

ရေက ထူးခြားစွာ ကြည်လင်နေ၏။



ထို့ကြောင့် ဒိုးယိုပေါက်မြင်နိုင်သော ကြေးမုံမှန်တစ်ချပ်ကဲ့သို့ ကောင်းကင်ပေါ်မှ လရောင်သည် ရေပြင်ကို ထိုးဖောက်၍ ရေအောက်ကမ္ဘာထဲသို့ ကျရောက်နေ၏။

လ၏အလင်းရောင်ကြောင့် ရေအောက်မှ ဖြူဖွေးသော သဲပွင့်များမှာ အရောင်တဖိတ်ဖိတ် ထနေ၏။

ချူလှူချူရှမ်းသ ည် ရေအောက်ကမ္ဘာသို့ ရောက်သောအခါ လေဟာပြင်ထဲ၌ နေထိုင်ရသကဲ့သို့ လွတ်လပ်နေ၏။

သူသည် ရေထဲ၌ အနေများသူ ဖြစ်ခဲ့၏။

ထို့ကြောင့် ပင်လယ်, မြစ်, ချောင်းများ၏ ရေအမျိုးမျိုးကို ကောင်းစွာ ခွဲခြားသိခဲ့၏။

ရေအောက်ကမ္ဘာမှ သတ္တဝါများသည် သူနှင့်ရင်းနှီးသော မိတ်ဆွေများပမာ ဖြစ်ခဲ့၏။

သို့သော် ယခု သူသည်ရေအောက်ကမ္ဘာသို့ ရောက်နေသော်လည်း သူ၏ စိတ်ထဲ၌ ရေအောက်ကမ္ဘာသို့ ရောက်နေသည်ဟု မထင်မိပါ။

သူ၏စိတ်ထဲ၌ ထူးဆန်းစွာ ခံစားမှုတစ်မျိုး ဖြစ်ပေါ်နေ၏။

ထို့ကြောင့် သူသံည် ရေအောက်ကမ္ဘာကို တစ်ချက်ဝေ့ကြည့်လိုက်၏။

ထိုသို့ကြည့်လိုက်သည်နှင့် မိမိရောက်ရှိနေသော ရေအောက်ကမ္ဘာသည် ထူးဆန်းနေသည်ကို သတိပြုလိုက်မိ၏။

အကြောင်းမှာ ရေအောက်ကမ္ဘာ၌ ရေနေသတ္တဝါများကို မတွေ့ရသောကြောင့်ပင် ဖြစ်သည် မဟုတ်ပါလား။

ထို့ကြောင့် ချူလွှူရှမ်းသည် ရေအောက်ထဲသို့ ရောက်နေသော်လည်း မိမိတစ်ကြိမ်တစ်ခါမျှ မရောက်ဘူးသော မြို့တစ်မြို့ကို ရောက်နေသကဲ့သို့ ခံစားနေရ၏။

ပမာပြောရလျှင် ထိုမြို့ကလေးသည် သန့်ရှင်းသပ်ရပ်၍ လှပသောမြို့တစ်မြို့ဖြစ်၏။

သို့သော် ထိုမြို့၌ နေထိုင်သူ တစ်ယောက်မျှ မရှိပါ။

ထို့ကြောင့် လူမရှိသောမြို့သည် မည်မျှ သန့်ရှင်းသပ်ရပ်၍ လှပနေပါစေ ထိုမြို့သို့ ရောက်လာသူ၏ ရင်ထဲ၌ ထူးခြားသော ခံစားမှု တစ်မျိုးကို ခံစားနေရမည်ဖြစ်သည် မဟုတ်ပါလား။

❋ ❋ ❋

ချူလွှူရှမ်းသည် ရေအောက်ကမ္ဘာ၏ ထူးခြားမှုကို ကြည့်ရင်း ရေအောက်နန်းတော်၏ ထူးခြားမှုကို သတိရလာ၏။

ရေအောက်နန်းတော်၏ ထူးခြားမှုမှာ ရေအောက်နန်းတော်၏ လျှို့ဝှက်တံခါးပေါက်များသည် အတွင်းမှအပြင်သို့ ထွက်နိုင်ပြီး အပြင်မှ အတွင်းသို့ ဝင်၍မရခြင်းပင် ဖြစ်၏။

ထိုအကြောင်းကို သီလရှင်ကျောင်း၌ စုယုံယုံ၏ အဒေါ်က ပြောခဲ့ခြင်းဖြစ်၏။



ဤသို့ဆိုလျှင် ရေနန်းဒေဝီသည် အဘယ်ကြောင့် လျှို့ဝှက်လမ်းများကို ထိုသို့ဖောက်လုပ်ထားရသနည်း။

သို့တည်းမဟုတ် မိမိကို ရေနန်းဒေဝီထံ မသွားစေလိုသောကြောင့် စုယုံယုံ၏ အဒေါ်က တမင်လိမ်ညာ၍ ပြောလိုက်ခြင်းလော။

စုယုံယုံ၏ အဒေါ်က မိမိကို အမှန်ပြောခြင်းဖြစ်စေ၊ လိမ်ညာပြောလိုက်ခြင်းဖြစ်စေ စုယုံယုံ၏အဒေါ်သည် မိမိအတွက် စေတနာနှင့်ပြောခြင်းသာ ဖြစ်ကြောင်း ချူလွှူရှမ်းက နားလည်ထား၏။

တစ်ဆက်တည်းမှာပင် ချူလွှူရှမ်းသည် ရေအောက်နန်းတော်သို့ ကျူးကျော်ဝင်ရောက်လာသူများကို မည်သူမည်ဝါ ဖြစ်ကြောင်း သိချင်စိတ် ဖြစ်ပေါ်လာ၏။

ထိုလူများသည် အဘယ့်ကြောင့် ရေအောက်နန်းတော်သို့ ရောက် လာရသနည်း။

ရေအောက်နန်းတော်မှ အစောင့်အကြပ်များက ထိုလူစုကို ဖမ်းမိသွားပြီလော ...

သို့တည်းမဟုတ် ထိုလူများသည် ရေအောက်နန်းတော်မှ အစောင့်အကြပ်များ၏ လက်မှလွတ်မြောက်သွားပြီလော ...။

ချူလွှူရှမ်းသည် သိချင်စိတ်ကို ထိန်းချုပ်၍ မရတော့ပါ။

ထို့ကြောင့် သူသည် ရေပေါ်သို့ ပြန်လည်၍ ကူးခတ်တက်လိုက်၏။

ထို့နောက် သူသည်ရေမျက်နှာပြင်ပေါ်သို့ ဦးခေါင်းပြူကာ ပတ်ဝန်းကျင်ကို ကြည့်လိုက်၏။

လရောင်က ထိန်ထိန်သာနေ၏။

လရောင်အောက်၌ ဤရေကန်သည် အလွန်သာယာ ကြည်နူး ဖွယ်ကောင်းနေ၏။

ရေကန်ထဲသို့ ရေတံခွန်မှ ရေများက စီးကျနေ၏။

ထို့ကြောင့် ဖြူဖွေးသော ရေမြှုပ်ကလေးများ ဖြစ်ပေါ်နေ၏။

လရောင်ကြောင့် ထိုရေမြှုပ်ကလေးများသည် သက်တန့်ရောင် အဖြစ် ပြောင်းလဲသွား၏။

ထိုသို့ သာယာကြည်နူးဖွယ်ကောင်းသော သဘာဝ၏ ပန်းချီကားထဲသို့ လူ(၃)ယောက် ပြေးဝင်လာ၏။

ထိုလူ(၃)ယောက်သည် နံရံသဖွယ် ဖြစ်ပေါ်နေသော တောင်ကမ္ဘားရံကြားထဲမှ ပြေးထွက်လာခြင်းဖြစ်၏။

ထိုလူ(၃)ယောက်၏ လှုပ်ရှားမှုက အလွန်လျင်မြန်၏။

ထို့ကြောင့် ထိုလူ(၃)ယောက်၏ ကိုယ်ဖော့ပညာမှာ ပထမတန်းအဆင့်၌ ရှိသည်ဟု သတ်မှတ်ရမည်ဖြစ်၏။

ထိုလူ(၃)ယောက်သည် တောင်ကမ္ဘားရံကြားမှ ပြေးထွက်လာပြီး ရေတံခွန်ဘက်သို့ ပြေးလွှားသွား၏။

လရောင်ကြောင့် ထိုလူ(၃)ယောက်၏ မျက်နှာကို ချူလျူရှမ်းက မြင်တွေ့လိုက်ရ၏။



ထိုသို့ မြင်တွေ့လိုက်ရသည်နှင့် ချူလျူရှမ်း၏ ရင်ထဲ၌ ထိတ်ခနဲ ဖြစ်သွား၏။

ထို့အပြင် အံ့သြကာ မျက်လုံးများလည်း ပြူးကျယ်သွား၏။

အကြောင်းမှာ ထိုလူ(၃)ယောက်သည် ဝူးထိဝါးအဘိုးအို တုဟုန်နှင့် အဝါရောင်သိုင်းသမား လူဝါးတို့ဖြစ်နေသောကြောင့်ပင် မဟုတ်ပါလား။

❋ ❋ ❋

ချူလျူရှမ်းသည် မျက်လုံးပြူးသွား၏။

တစ်ဆက်တည်းမှာပင် ထိုလူ(၃)ယောက်အတွက် စိုးရိမ်စိတ် ဖြစ်ပေါ်လာ၏။

ထို့ကြောင့် ...

သူသည်ရေထဲမှ ခုန်ထွက်ကာ ထိုလူ(၃)ယောက် ကို ဟန့်တားရန် ဟန်ပြင်လိုက်၏။

သို့သော် သူသည် အလွန်နောက်ကျသွားပြီဖြစ်၏။

အကြောင်းမှာ အဖြူရောင်ဝတ်ဆင်ထားသော မိန်းကလေးများသည် နေရာအနှံ့မှ အလျှိုလျှို ပေါ်ထွက်လာပြီး ဝူးထိဝါးတို့ကို ဝိုင်းရံလိုက်သောကြောင့်ပင် ဖြစ်သည် မဟုတ်ပါလား။

ဝူးထိဝါး၊ အဘိုးအို တုဟုန်နှင့် အဝါရောင်သိုင်းသမား ယုဝါးတို့သည် ရုတ်တရက် ပေါ်ထွက်လာသော အဖြူရောင် မိန်းကလေး

များကို မြင်တွေ့လိုက်ရသောအခါ ထိတ်လန့်သွားပြီး ပြေးလွှားနေသော ခြေလှမ်းများကို ရပ်တန့်လိုက်ရ၏။

အပြာရောင်မိန်းကလေးများက နေရာအနှံ့မှ အလျှိုလျှို ထွက်လာပြီး ဝူးထိဝါးတို့ကို ဝိုင်းရံလိုက်၏။

ဝူးထိဝါးတို့သည် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြ၏။

ထို့နောက် သူတို့သည် တစ်ယောက်နှင့်တစ်ယောက် ကျောချင်းကပ်ကာ အပြာရောင်မိန်းကလေးများကို ရင်ဆိုင်ရန် အသင့်ပြင်လိုက်ကြ၏။

အပြာရောင် ဝတ်ဆင်ထားသော မိန်းကလေးမှာ စုစုပေါင်း (၁၄)ယောက် (၁၅)ယောက်ခန့် ရှိ၏။

သူတို့သည် ဝူးထိဝါးတို့ကို ဝိုင်းရံထား၏။

သူတို့သည် ဝူးထိဝါးတို့ကို အလျင်စလို ဝင်ရောက်တိုက်ခိုက်ခြင်း မပြုဘဲ ထွက်မပြေးနိုင်ရုံသာ ဝိုင်းရံထားခြင်းဖြစ်၏။

ဝူးထိဝါးတို့ကလည်း မိန်းကလေးများက တိုက်ခိုက်လာလျှင် တုန့်ပြန်တိုက်ခိုက်ရန် အသင့်ပြင်ထား၏။

သို့သော် မိန်းကလေးများက စတင်တိုက်ခိုက်ခြင်း မပြုသေးပါ။

အတန်ကြာသောအခါ ဝူးထိဝါးသည် စိတ်မရှည်နိုင်တော့ပါ။

ထို့ကြောင့် သူက စတင်၍ ...



"ဟော့ ... ဒါ ရေအောက်နန်းတော်လား"

ဟု မေးလိုက်၏။

အပြာရောင်မိန်းကလေးတစ်ချို့က ရယ်မောလိုက်၏။

ဝူးထိဝါးက မျက်မှောင်ကြုတ်ကာ ...

"ဘာရယ်တာလဲ၊ ဒါရေအောက်နန်းတော်လားလို့ ကျုပ်မေးနေတယ်"

ဟု ထပ်၍ မေးလိုက်၏။

မိန်းကလေး တစ်ယောက်က ...

"ရယ်စရာကောင်းလို့ ရေအောက်နန်းတော်ကို တမင်ဝင်လာပြီးမှ ရေအောက်နန်းတော်လားလို့ မေးနေတာ ရယ်စရာကောင်းလို့"

ဝူးထိဝါးက နှာခေါင်းရှုံ့ကာ ...

"မေးရမယ်လေ ...တော်တော်ကြာ နေရာမှားနေမှာစိုးလို့"

မိန်းကလေးတစ်ယောက်က ...

"မမှားပါဘူး၊ ဒါ ရေအောက်နန်းတော်ပါပဲ၊ ရှင်တို့ လာချင်တဲ့ ရေအောက်နန်းတော်ပဲ"

ထိုစဉ် အပြာရောင်ဝတ် မိန်းကလေးများ၏ကြားမှ အမျိုးသမီးကြီးတစ်ယောက် တိုးထွက်လာ၏။

ထိုအမျိုးသမီးကို မြင်တွေ့လိုက်သောအခါ ထိုအမျိုးသမီးမှာ သီလရှင်ကျောင်းထဲ၌ တွေ့ဆုံခဲ့ရသော စုယုံယုံ၏ အဒေါ်ဖြစ်ကြောင်း ချူလွှူရှမ်းကသိလိုက်၏။

ထိုအမျိုးသမီးကြီးက မိန်းကလေးများကြားမှ ထိုးထွက်လာပြီး ဂူးထိဝါးတို့ကို တစ်ချက်မျှ အကဲခတ်ကြည့်လိုက်၏။

ပြီးမှ ...

"ရှင်တို့က ဘယ်သူတွေလဲ၊ ဘာကိစ္စရှိလို့လဲ"

ဟု မေးလိုက်၏။

သူမ၏ အသံက ခက်ထန်ခြင်းမရှိပါ။

သူမ၏အသံက ပျော့ပျောင်းပြီး သိမ်မွေ့၏။

သူမက ထိုသို့မေးလိုက်သောအခါ အဝါရောင်သိုင်းသမား လုဝါးက ...

"ကျုပ်က လုဝါး ...သူကဂူးထိဝါး၊ သူကတော့ ကယ်ပါကိုဏ်းက တစ်ကိုယ်တော် သိုင်းသမားတဲ့ဟုန်ပဲ"

ဟု အော်ပြောလိုက်၏။

လုဝါးကထိုသို့ပြောလိုက်သဖြင့် ဂူးထိဝါးသည် မျက်လုံးပြူးသွား၏။

လုဝါး၏ စကားကို ကြားသောအခါ ချူလျူရှမ်းသည် ပြုံးလိုက်မိ၏။

လုဝါးလို သိုင်းလောကသားများက အဝါရောင်သိုင်းသမားဟု ခေါ်ကြ၏။

လုဝါး၏နောက်ထပ် နာမည်တစ်ခုမှာ လူကြီးလူကောင်းသိုင်းသမားဖြစ်၏။



အကြောင်းမှာ လုဝါးသည် မည်သည့်အခါမှ လိမ်လည် ပြောဆိုခဲ့ခြင်းမရှိသောကြောင့် ဖြစ်၏။

လူကြီးလူကောင်းဟူသည့် စကားကို လိမ်လည်ပြောဆိုလေ့မရှိပါ။

ထို့အပြင် လူကြီးလူကောင်းသည် မိမိ၏ပြောခဲ့သော စကားအပေါ် တာဝန်ယူလေ့ရှိ၏။

လူကြီးလူကောင်းသည် အန္တရာယ်နှင့် ရင်ဆိုင်နေရသည့်တိုင်အောင် အမှန်ကိုအမှန်အတိုင်း ပြောဆိုတတ်၏။

ယခုလည်း လုဝါးသည် အန္တရာယ်နှင့်ရင်ဆိုင်နေရသော်လည်း အမှန်အတိုင်း ပြောဆိုလိုက်၏။

ထို့ကြောင့် ချူလျူရှမ်းက ပြုံးလိုက်မိခြင်းဖြစ်၏။

ယခု သူတို့ရောက်ရှိနေသော နေရာသည် အလွန်အန္တရာယ်များ၏။

ထိုသို့ အန္တရာယ်များသော နေရာ၌ တစ်ခါတစ်ရံ လိမ်လည်ပြောဆို၍ အန္တရာယ်မှလွတ်မြောက်အောင် နည်းလမ်းရှာဖွေရ၏။

ယခုမူ လုဝါးက အမှန်အတိုင်း ဖြေလိုက်ပြီဖြစ်၏။

လုဝါး၏စကားကြောင့် အမျိုးသမီးကြီးသည် မျက်မှောင်ကြုတ်ကာ ...

"ရှင်တို့ ဘယ်သူတွေပဲဖြစ်ဖြစ်၊ ဒီနေရာကို ရောက်ရင် လက်နက်ချပြီး ကျွန်မတို့ရဲ့ အမိန့်ကို နာခံရမယ်"

ဟု ပြောလိုက်၏။

ဝူးထိဝါးက ရယ်မောလိုက်ပြီး ...

"ဘာလဲ ကျုပ်တို့နာမည်ကို ကြားလိုက်တာနဲ့ ကြောက်သွားတုန်ပြီး ကျုပ်တို့ကို လက်နက်ချခိုင်းတာလား"

ဟု ခပ်ထေ့ထေ့ ပြောလိုက်၏။

ဝူးထိဝါး၏ စကားကြောင့် အမျိုးသမီးကြီးသည် သိသိသာသာ မျက်မှောင်ကုတ်သွားပြီး ...

"အင်း ...ရှင်တို့က သေချင်ပြီနဲ့တူတယ်"

ဟု ပြောလိုက်၏။

လုဝါးက ...

"ကျုပ်တို့က ဒီကိုလာတာ အနှောင့်အယှက်ပေးဖို့ မဟုတ်ဘူး"

ဟု ပြောလိုက်၏။

အမျိုးသမီးကြီးက သက်ပြင်းချလိုက်ပြီး ...

"ဒီကို ဝင်လာတာကိုက အနှောင့်အယှက် ပေးတာပဲ"

လဝါးက မျက်မှောင်ကုတ်ကာ ...

"ကျုပ်စကားမဆုံးသေးဘူး၊ ထင်ရာမြင်ရာ မပြောနဲ့"

အမျိုးသမီးကြီးက မျက်မှောင်ကုတ်ရင်း ...

"ဒီနေရာက ပျော်ပွဲစားထွက်တဲ့ နေရာမှ မဟုတ်ဘဲ၊ ရှင်တို့က သူတစ်ပါးရဲ့ ပိုင်နက်ကို ကျူးလွန်တာ အနှောင့်အယှက်ပေးတာ မဟုတ်လို့ ဘာလဲ"



လုဝါးက မျက်မှောင်ကုတ်ရင်း ...

"ကျုပ်တို့ကမိတ်ဆွေ နှစ်ယောက်ကို လာရှာတာ"

အမျိုးသမီးကြီးက မျက်မှောင်ကုတ်ကာ ...

"ဒီမှာ ကျွန်မတို့ပဲရှိတာ၊ ဘယ်လိုလုပ်ပြီး ရှင်တို့ရဲ့ မိတ်ဆွေ ရှိပါ့မလဲ"

လုဝါးကလက်နှစ်ဖက် ဆုပ်လိုက်ပြီး ဦးညွှတ်ကာ ...

"ကျုပ်တို့ရဲ့ မိတ်ဆွေက ခင်ဗျားတို့ရဲ့ရေအောက်နန်းတော်က လူမဟုတ်ပါဘူး"

အမျိုးသမီးကြီးက ဦးခေါင်းခါရမ်းကာ ...

"ဒီနေရာကို တစိမ်းတရံစာတွေ မလာပါဘူး"

လုဝါးက တစ်စုံတစ်ရာကို ပြောရန် ဟန်ပြင်လိုက်၏။

ပြီးမှ မပြောတော့ဘဲ ဝူးထိဝါးကို ကြည့်လိုက်၏။

ထို့နောက် သူသည် ဦးခေါင်းကို ညိတ်ကာ ...

"ဟုတ်သားပဲ၊ သူပြောတာ ဖြစ်နိုင်တယ်၊ ဒီနေရာကို ဘယ်သူမှ လာမှာ မဟုတ်ဘူး"

ဝူးထိဝါးက နှာခေါင်းတစ်ချက်တွန့်ကာ ...

"ခင်ဗျားက သူပြောတာကို ယုံလို့လား"

လုဝါးက မျက်ခုံးပင့်ကာ ...

"သူပြောတာ ဟုတ်မှာပါ၊ ငါတို့လူတွေက တစ်ခြားကို သွားတာလဲဖြစ်နိုင်တာပဲ၊ ဒီကို သွားမယ်လို့မှ ပြောမသွားတာ"

ဝူးထိဝါးက နှာခေါင်းကို တစ်ချက်ပွတ်ကာ ...

"ခင်ဗျားက ရိုးသားသလို သူတို့က ရိုးသားလိမ့်မယ်လို့ ဘယ်သူအာမခံမှာလဲ"

အဖြူရောင် မိန်းကလေးတစ်ယောက်က လက်ကာပြရင်း ...

"တော်ပါတော့၊ သေမယ့်လူတွေက အတော်စကားများတာပဲ"

ဟု ဝင်ရောက်ပြောလိုက်၏။

ငြိမ်သက်နေသော အဘိုးအို တုဟုန်က ဒေါသဖြစ်ကာ ...

"ဟေ့ ...မင်းတို့က ဘယ်လိုလူစားတွေလဲ၊ သတ်ဖို့ဖြတ်ဖို့ပဲ စဉ်းစားနေတယ်၊ တော်ပြီ မင်းတို့နဲ့ စကားမပြောဘူး၊ ရေနန်းဒေဝီကို သွားခေါ်ပေး၊ သူနဲ့ပဲ စကားပြောတော့မယ်"

ဟု ပြောလိုက်၏။

အဖြူရောင် မိန်းကလေးက ပြုံးလိုက်ပြီး ...

"ဟုတ်ကဲ့ ... ကျွန်မတို့ကလဲ ကျူးကျော်ဝင်ရောက်လာတဲ့ လူတွေကို သခင်မကြီးဆီ ခေါ်သွားလေ့ရှိပါတယ်၊ ဒါပေမယ့် ..."

သူမက စကားကမိ ဆုံးအောင်မပြောဘဲ ရပ်ထားလိုက်၏။

အဘိုးအို တုဟုန်က မျက်မှောင်ကြုတ်ကာ ...

"ဒါပေမယ့် ဘာဖြစ်လဲ"

မိန်းကလေးက မဲ့ပြုံးပြုံး လိုက်ပြီး ...

"ဒါပေမယ့် လူသေအလောင်းတွေကိုပဲ ခေါ်သွားပေးပါတယ်"

ဟု ပြောလိုက်၏။



မိန်းကလေး၏ စကားကြောင့် အဘိုးအို တုဟုန်သည် ဒေါသဖြစ်ကာ ...

"မင်းစကားက ဘာလဲ၊ ဟေ့ ဒီမှာ မင်းအသက်ဘယ်လောက်ရှိပြီလဲ၊ လူငယ်ဆိုတာ လူကြီးကို အရိုအသေထားသင့်တယ်၊ စကားကို ပြီးစလွယ်မပြောရဘူး"

မိန်းကလေးက ရယ်မောကာ ...

"လူကြီးဖြစ်ပြီး ဒေါသကြီးလိုက်တာ သူများရဲ့ပိုင်နက်ထဲကိုလည်း ကျူးကျော်လာသေးတယ်၊ ဒေါသကလည်း ကြီးသေးတယ်၊ ဒီလိုလူတွေ ဒီလောကကြီးထဲမှာ ရှိမနေသင့်ဘူး"

ထိုစကားကြောင့် အဘိုးအို တုဟုန်သည် မိန်းကလေးကို မျက်လုံးပြူးပြီး ဒေါသတကြီးဖြင့် ကြည့်ကာ ...

"လူကြီးကို လူကြီးမှန်းမသိတဲ့ ကလေးတွေလည်း လောကထဲမှာ ရှိမနေသင့်ဘူး၊ နောင်ကြီးလာမည့် ကလေးတော့ အတုယူမှားလိမ်းမယ်"

ဟု ပြောလိုက်၏။

ချုလျှူရှမ်းသည် သူတို့၏ အချီအချ ပြောဆိုနေသော စကားများကို နားထောင်ရင်း မျက်လုံးပြူးလာ၏။

မကြာခင် တိုက်ခိုက်ကြတော့မည်ဟူ၍လည်း တွေးလိုက်မိ၏။

ချုလျှူရှမ်း၏ အတွေးမဆုံးမီမှာပင် ဝူးထိဝါးနှင့် အဘိုးအို

တုဟုန်တို့က စတင်၍ မိန်းကလေးများကို ဝင်ရောက်တိုက်ခိုက်လိုက်လေတော့သည် မဟုတ်ပါလား။

❋ ❋ ❋

ဂူးထိဝါးနှင့် အဘိုးအိုတုဟုန်တို့က စတင်လှုပ်ရှားလိုက်သည်နှင့် အမျိုးသမီးကြီးက နှုတ်ခမ်းကို တစ်ချက်ကိုက်လိုက်ပြီး ...

"အင်း ... နှစ်ပေါင်း(၂၀)ကျော်ပြီ ဒီနေရာကို ဘယ်သူမှ ဝင်လာပြီး မစော်ကားရဲဘူး၊ အခု ရှင်တို့ရဲ့ လုပ်ရပ်အတွက် ပေးဆပ်ရလိမ့်မယ်"

ဟု ပြောလိုက်၏။

ထို့နောက် သူမက လက်ဝှေ့ယမ်းလိုက်ရာ မိန်းကလေး (၈) ယောက်သည် တိုက်ပွဲကြားသို့ ခုန်ဝင်သွားပြီး ဂူးထိဝါးနှင့်အဘိုးအိုတုဟုန်တို့ကို ဝိုင်းရံ၍ တိုက်ခိုက်လိုက်လေတော့၏။

အဝါရောင်သိုင်းသမား လုဝါးက ဦးခေါင်းခါရမ်းလိုက်ပြီး လက်ကို ဝှေ့ယမ်းကာ ...

"ဟေ့ အားလုံးရပ်လိုက်"

ဟု လှမ်း၍ အော်ပြောလိုက်၏။

လုဝါးက ထိုသို့အော်ဟစ်လိုက်သော်လည်း တစ်ယောက်မျှ လုဝါး၏စကားကို အရေးမထားပါ။

လုဝါး၏ စကားကို အရေးမထားသည့်အပြင် အဖြူရောင်



မိန်းကလေး(၄)ယောက်က လုဝါးထံသို့ ခုန်ဝင်လာပြီး တရကြမ်း တိုက်ခိုက်လိုက်လေတော့၏။

ထို့ကြောင့် လုဝါးလည်း တိုက်ပွဲထဲသို့ ရောက်ရှိသွားလေတော့၏။

အဖြူရောင်မိန်းကလေးများသည် အုပ်စု(၃)စုခွဲ လိုက်၏။

ထို့နောက် သူတို့သည် ဂူးထိဝါး အဘိုးအို တုဟုန်နှင့် လုဝါးတို့ကို ဝိုင်းရံတိုက်ခိုက်လိုက်၏။

အဖြူရောင် မိန်းကလေးများသည် ဂူးထိဝါးတို့ကို တစ်ယောက်ချင်းစီ ခွဲထွက်လာအောင် တိုက်ခိုက်လိုက်ခြင်း ဖြစ်၏။

ထို့ကြောင့် ဂူးထိဝါးတို့သည် တစ်ယောက်နှင့်တစ်ယောက် ကျောချင်းကပ်၍ ရန်သူကို ရင်ဆိုင်နေရာမှ တဖြည်းဖြည်း တစ်ယောက်ချင်းစီ ကွဲထွက်သွား၏။

မကြာမီ ဂူထိဝါးနှင့် မိန်းကလေးတစ်အုပ်စု၊ လုဝါးနှင့် မိန်းကလေးတစ်အုပ်စု၊ တုဟုန်နှင့်မိန်းကလေးတစ်အုပ်စု အုပ်စု(၃)စု ဖြစ်လာ၏။

တိုက်ပွဲက(၃)နေရာ၌ ဖြစ်ပေါ်လာ၏။

အဖြူရောင်ဝတ်ထားသော မိန်းကလေးများက ဂူးထိဝါးတို့ကို သဲသဲမဲမဲ တရကြမ်း တိုက်ခိုက်နေ၏။

ထို့ကြောင့် ရေကန်တစ်ဝိုက်၌ သံနှင့်သံချင်း ထိသောအသံများ လက်နက်များကို လေထဲ၌ ဝှေ့ယမ်းသောအသံများ၊ အားမာန်

သွင်းကာ အော်ဟစ်သောအသံများ စသဖြင့် ဆူညံစွာ ပေါ်ထွက်လာလေတော့၏။

ချူလျှူရှမ်းသည် ရေပြင်ပေါ်သို့ ဦးခေါင်းပြူ၍ တိုက်ပွဲကို ကြည့်နေ၏။

အဖြူရောင်ဝတ်ဆင်ထားသော မိန်းကလေးများ၏ သိုင်းကွက်များကို မြင်တွေ့ရသောအခါ ထိုမိန်းကလေးများ၏ သိုင်းပညာသည် အလွန်အဆင့်မြင့်ကြောင်း သတိပြုမိ၏။

သို့သော် ထိုမိန်းကလေးများသည် သိုင်းလောက၏ အတွေ့အကြုံ၊ တိုက်ပွဲ၏အတွေ့အကြုံ အလွန်နုနယ်ပုံရ၏။

အကြောင်းမှာ သူတို့သည် အခွင့်အရေးကို အသုံးမချတတ်ကြောင်း တွေ့ရသောကြောင့် ဖြစ်၏။

ဂူးထိဝါးတို့ လူစုသည် သိုင်းလောက၏ အတွေ့အကြုံ ရင့်ကျက်သူများ ဖြစ်၏။

တိုက်ပွဲပေါင်းများစွာကိုလည်း ဆင်နွှဲခဲ့ဖူး၍ တိုက်ပွဲ၏အတွေ့အကြုံရင့်ကျက်နေသူများ ဖြစ်၏။

ထို့ကြောင့် သူတို့သည် အခွင့်အရေးကို ကောင်းစွာ အသုံးချတတ်သူများဖြစ်၏။

သို့ဖြစ်၍ တိုတောင်းသော အချိန်အတွင်းမှာပင် ဂူးထိဝါးတို့ လူစုသည် အဖြူရောင်မိန်းကလေးများကို အသာစီးမှပြန်လည် တိုက်ခိုက်နိုင်ပြီ ဖြစ်သည် မဟုတ်ပါလား။



မကြာမီမှာပင် ဂူးထိဝါးတို့ လူစုသည် အဖြူရောင်မိန်းကလေးများကို ကောင်းစွာ အနိုင်ယူနိုင်လိမ့်မည် ဖြစ်ကြောင်း ချူလျှူရှမ်းက သိထား၏။

သို့သော် ...

ချူလျှူရှမ်းသည် စိတ်မအေးနိုင်ပါ။

အကြောင်းမှာ ...

ယခုတိုက်ပွဲ၌ ရေနန်းဒေဝီ ကုန်းနန်းယဉ်နှင့် သီလရှင်ကျောင်းထဲမှ စုယုံယုံ၏အဒေါ် မပါဝင်သေးပါ။

အကယ်၍သာ သူတို့(၃)ယောက် ပါဝင်လာပါက ...

ချူလျှူရှမ်းသည် ဆက်၍ မတွေးတော့ပါ ...။

ထိုအချိန်မှာပင်“အား”ဟူသော အော်သံနှင့်အတူ မိန်းကလေးတစ်ယောက် လွင့်စဉ်သွားလေတော့၏။

တစ်ဆက်တည်းမှာပင် ဂူးထိဝါး၏ အသံကိုကြားရ၏။

“ဟွန်း ...မိန်းကလေးဖြစ်နေလို့ ညှာလိုက်တာ နို့မဟုတ်ရင် အသက်ပါ ပါသွားမယ်”

ဂူးထိဝါး၏ လက်ချက်ကြောင့် မိန်းကလေးတစ်ယောက် လွင့်စဉ်သွားသောအခါ ဂူးထိဝါးကို ဝိုင်းရံတိုက်ခိုက်နေသော မိန်းကလေးများသည် တုန့်ဆိုင်း၍သွား၏။

ထိုစဉ် ...

“မင်းတို့ကို ညှာနေတာ အကောင်းမှတ်နေလား”

ဟု ပြောလိုက်သော တုဟုန်၏ အသံကိုကြားရ၏။

ထို့နောက်"ဝုန်း"ဟူသော အသံနှင့်အတူ မိန်းကလေးတစ်ယောက်သည် ကိုယ်ယိုးကားယားဖြင့် နောက်သို့ လွင့်စဉ်သွား၏။

လုဝါးက လက်ကို ဖွေ့ယမ်းလိုက်ရာ မိန်းကလေးနှစ်ယောက်သည် ဓားတစ်ခြား, လူတစ်ခြား ဖြစ်သွား၏။

ဂူးထိဝါးတို့ကို ဝိုင်းရံတိုက်ခိုက်နေသော မိန်းကလေးများသည် မျက်စိမျက်နှာ ပျက်ဖြစ်လာ၏။

မိန်းကလေးများ၏ တိုက်ခိုက်မှုကလည်း လျော့လျဲကာ ကစဉ့်ကလျားဖြစ်လာ၏။

လူဝါးက ...

"ဒီမှာ မိန်းကလေးတို့ မင်းတို့က ကျုပ်တို့ကို မနိုင်ပါဘူး၊ မင်းတို့ရဲ့ သခင်မ ရေနန်းဒေဝီကို သွားခေါ်ခဲ့ပါ၊ မင်းတို့က ဆက်ပြီး တိုက်ခိုက်နေဦးမယ်ဆိုရင် မင်းတို့တွေ သေချင်သေမယ်၊ မသေရင် တောင်ဒဏ်ရာပြင်းပြင်းထန်ထန် ရလိမ့်မယ်"

ဟု ပြောလိုက်၏။

ချူလျှူရှမ်းက သက်ပြင်းချလိုက်၏။

လုဝါးသည် လိမ်မပြောတတ်ပါ။

ယခုလည်း လုဝါးက အမှန်စကားကို ပြောလိုက်ခြင်းဖြစ်၏။

လုဝါး၏ စကားကြောင့် မိန်းကလေးများသည် တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်၏။



ချူလျှူရှမ်းသည် မိန်းကလေးများဘက်မှ ရှုံးနိမ့်နေပြီ ဖြစ်သော တိုက်ပွဲအခြေအနေကိုကြည့်ပြီး မကြာမီ ရေနန်းဒေဝီ ရောက်လာလိမ့်မည်ဟု ယုံကြည်၏။

သို့သော် ယခုအထိ ရေနန်းဒေဝီ၏ အရိပ်အရောင်ကို မတွေ့ရသေးပါ။

ဤသို့ဆိုလျှင် ရေနန်းဒေဝီသည် အဘယ်ကြောင့် ဤနေရာသို့ ရောက်မလာရသနည်း။

❋ ❋ ❋

ချူလျှူရှမ်းသည် ရေမျက်နှာပြင်ပေါ်သို့ ဦးခေါင်းပြူ၍ ကုန်းပေါ်မှ ဂူးထိဝါးတို့၏ တိုက်ပွဲကိုကြည့်နေ၏။

ထိုစဉ် ငြိမ်သက်နေသော ရေပြင်သည် လှိုင်းဂယက် အနည်းငယ်ထသွားသည်ကို ချူလျှူရှမ်းကသတိပြုမိလိုက်၏။

ထို့ကြောင့် ချူလျှူရှမ်းသည်မျက်မှောင် ကုတ်လိုက်မိ၏။

ရေသည် အဘယ့်ကြောင့် လှုပ်ရှားလာရသနည်း။

တစ်စုံတစ်ခု သို့မဟုတ် တစ်စုံတစ်ယောက် ကြောင့်လော။

ချူလျှူရှမ်းသည် ဘာမှ မစဉ်းစားမတော့ပါ။

သူသည် ရေအောက်ထဲသို့ ပြန်၍ ငုပ်လိုက်၏။

ထို့နောက် သူသည် ရေအောက်ထဲမှ ကျောက်တုံးတစ်ခု၏ နောက်၌ ဝင်ရောက်ပုန်းအောင်းလိုက်၏။

ထိုစဉ် မနီးမဝေးမှ ရေပူပေါင်းများ ပေါ်ထွက်လာ၏။

တစ်ဆက်တည်းမှာပင် ထိုနေရာမှ ကျောက်တုံးတစ်တုံးသည် ဖြည်းညှင်းစွာ ရွေ့လျားလာပြီး လိုဏ်ဂူဝတစ်ခု ဖြစ်ပေါ်လာ၏။

ချူလျှူရှမ်းသည် မယုံကြည်နိုင်သော မျက်လုံးများဖြင့် ကြည့်နေ၏။

လူတစ်ယောက် ဝင်သာသော လိုဏ်ဂူပေါက် ဖြစ်၏။

ထိုနေရာမှ ရေပူပေါင်းများက ပလုံစီ၍ ထွက်လာ၏။

ဤနေရာသည် ရေနန်းဒေဝီ၏ လျှို့ဝှက်တံခါးပေါက်လော၊

ချူလျှူရှမ်းသည် ထိုသို့တွေးမိသည်နှင့် မိမိ၏ခန္ဓာကိုယ်ကို ကျုံ့ကာ ကျောက်တုံး၏ နောက်၌ပုန်းကွယ်လိုက်၏။

ထိုအချိန်မှာပင် ရေပူပေါင်းများကြားမှ လူရိပ်နှစ်ရိပ်ကို တွေ့လိုက်ရ၏။

ထိုလူရိပ် နှစ်ရိပ်သည် လိုဏ်ဂူထဲမှ ထွက်လာခြင်း ဖြစ်၏။

ထိုလူရိပ် နှစ်ရိပ်သည် အဖြူရောင်ဝတ်ထားသော မိန်းကလေး နှစ်ယောက်ဖြစ်၏။

ထိုမိန်းကလေးနှစ်ယောက်အနက် တစ်ယောက်ကို ချူလျှူရှမ်းက သိ၏။

ထိုမိန်းကလေးမှာ ကုန်းနန်းယဉ်ဖြစ်သည် မဟုတ်ပါလား။

ကုန်းနန်းယဉ်သည် တစ်ခြား မိန်းကလေးတစ်ယောက်၏ လက်ကိုတွဲကာ လိုဏ်ဂူထဲမှ ထွက်လာခြင်း ဖြစ်၏။



သူတို့သည် ရေအောက်ထဲ၌ လှုပ်ရှားနေခြင်းဖြစ်သော်လည်း သူတို့၏ လှုပ်ရှားပုံမှာ ကုန်းပေါ်၌ လမ်းလျှောက်နေသကဲ့သို့ ထင်မှတ်ရ၏။

ရေပူပေါင်းများကြောင့် ချူလျှူရှမ်းသည် ကုန်းနန်းယဉ်နှင့် အတူ ပါလာသော မိန်းကလေး၏ မျက်နှာကို ကောင်းစွာ မမြင်ရသေးပါ။

သို့သော် ထိုမိန်းကလေးသည် ကုန်းနန်းယဉ်တက် ဦးခေါင်းတစ်လုံးပို၍မြင့်ကြောင်း တွေ့ရ၏။

ချူလျှူရှမ်းသည် မျက်မှောင်ကုတ်လိုက်၏။

ကုန်းနန်းယဉ်ထက် ဦးခေါင်းတစ်လုံး ပို၍မြင့်သော မိန်းကလေးသည် ရေနန်းဒေဝီလော ...

ထိုစဉ် သူတို့သည် လိုဏ်ဂူ၏အပြင်သို့ ရောက်လာပြီ ဖြစ်၏။

ထိုအခါမှ ကုန်းနန်းယဉ်က ဦးခေါင်းတစ်လုံး ပိုမြင့်သော မိန်းကလေး၏ လက်ကိုလွှတ်လိုက်၏။

ထိုမိန်းကလေးက ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်၏။

ထိုအခါမှ ချူလျှူရှမ်းသည် ထိုမိန်းကလေး၏ မျက်နှာကို တွေ့လိုက်ရ၏။

ဝိုင်းစက်သောမျက်လုံး၊ ထူထဲသော မျက်ခုံးရှိပြီး နှာခေါင်းက အနည်းငယ်ကြီးနေ၏။

သူမ၏ နှုတ်ခမ်းက ပါးလွှာ၏။

ထိုပါးလျှာသော နှုတ်ခမ်းကို တင်းတင်းစေ့ထား၏။

သူမ၏ မျက်နှာအသွင်အပြင်ကို ကြည့်ပြီး သူမသည် ဖွဲ့လုံ့လ ကောင်းသော မိန်းကလေး ဖြစ်ကြောင်း ချူလှူရှမ်းက သိလိုက်၏။

ထို့အပြင် ထိုမိန်းကလေး၏ မျက်နှာသည် လှပချောမောခြင်း မရှိသော်လည်း သူမကို မြင်လိုက်သူတိုင်းက ကြည်ညိုလေးစား၍ ကြောက်ရွံ့သော စိတ်များဖြစ်ပေါ် လာလိမ့်မည်ကိုလည်း ချူလှူရှမ်းက သိလိုက်၏။

ဤသို့ဆိုလျှင် ထိုမိန်းကလေးသည် သိုင်းလောကတစ်ခုလုံး၏ စိတ်ဝင်စားနေသော သိုင်းလောက၌ လျှမ်းလျှမ်းတောက် နာမည်ကျော်ကြားနေသော ရေနန်းဒေဝီလော။

သို့သော် ချူလှူရှမ်းသည်ထိုမိန်းကလေးကို ကြည့်ရင်း တစ်စုံတစ်ခု ထူးခြားနေသည်ဟု ခံစားလိုက်ရ၏။

အကြောင်းမှာ ထိုမိန်းကလေး၏ မျက်နှာသည် မိန်းကလေးတစ်ယောက်၏ မျက်နှာမျိုး မဟုတ်ပါ။

အကယ်၍သာ သူမ၏ခန္ဓာကိုယ်သည် မိန်းကလေးတစ်ယောက်၏ ခန္ဓာကိုယ်ကဲ့သို့ ရှိသင့်သည့်အရာများ ရှိမနေပါက သို့တည်းမဟုတ် မိန်းကလေး၏ ခန္ဓာကိုယ်ကဲ့သို့ အချိုးအဆစ်များ ထင်ရှားစွာ မတွေ့ရပါက ထိုမိန်းကလေးကို မိန်းကလေးတစ်ယောက်ဟု ပြောရန် အလွန်ခက်ခဲ၏။

ရေနန်းဒေဝီသည် မိန်းမတစ်ယောက် မဟုတ်ဘဲ မိန်းမလို



ဝတ်စားထားသော ယောကျ်ားတစ်ယောက်ဟု ချူလှူရှမ်းက ယုံကြည်မိမည်ဖြစ်၏။

ချူလှူရှမ်းက ထိုသို့တွေးတောနေစဉ်မှာပင် ရေနန်းဒေဝီသည် ရေပေါ်သို့ တက်မသွားဘဲ ရေကန်၏ အလယ်ဗဟိုသို့ လမ်းလျှောက်၍ သွားနေ၏။

ရေကန်၏ အလယ်ဗဟိုနေရာ၌ အဖြူရောင် ကျောက်တုံးတစ်လုံးရှိနေ၏။

ချူလှူရှမ်းသည် ရေနန်းဒေဝီ၏ လှုပ်ရှားမှုကို တအံ့တသြဖြင့် ငေးကြည့်ရင်း ရေကန်အလယ်မှ အဖြူရောင်ကျောက်တုံးကို ယခုမှ သတိပြုလိုက်မိ၏။

အဖြူရောင်ကျောက်တုံးသို့ ရောက်သောအခါ ရေနန်းဒေဝီသည် ထိုအဖြူရောင် ကျောက်တုံးပေါ်သို့ တက်၍ ထိုင်လိုက်၏။

သူမသည် အဖြူရောင်ကျောက်တုံးပေါ်၌ တင်ပျဉ်ခွေ၍ ထိုင်လိုက်ခြင်းဖြစ်၏။

ချူလှူရှမ်းသည် ရေနန်းဒေဝီ၏ အပြုအမူကို နားမလည်ဟန်ဖြင့် မျက်မှောင်ကုတ်လိုက်မိ၏။

ကုန်းပေါ်၌ အဖြူရောင်မိန်းကလေးများနှင့် ဂူးထိဝါးတို့လူစု တိုက်ခိုက်နေ၏။

အချိန်အနည်းငယ်အတွင်း ဂူးထိဝါးတို့လူစု၏ လက်ချက်ဖြင့် အဖြူရောင်မိန်းကလေးများ ရှုံးနိမ့်တော့မည် ဖြစ်၏။

ထို့ကြောင့် ...

ရေနန်းဒေဝီသည် ကုန်းပေါ်သို့ လျင်မြန်စွာ သွားရောက်၍ တိုက်ပွဲ၏အခြေအနေကို ထိန်းချုပ်ရမည်ဖြစ်၏။

ယခု သူမသည် ရေပေါ်သို့မတက်ဘဲ ရေအောက်ထဲမှ အဖြူရောင်ကျောက်တုံးပေါ်၌ တင်ပျဉ်ခွေ ထိုင်နေ၏။

အဘယ့်ကြောင့် သူမသည် သူမလုပ်တာကို မလုပ်ဘဲ မလုပ်သင့်တာကို လုပ်နေရသနည်း။

ချူလှူရှမ်းက ထိုသို့တွေးတောနေစဉ်မှာပင် ရေနန်းဒေဝီက ကုန်းနန်းယဉ်ကို လက်ဝှေ့ယမ်းပြလိုက်၏။

ကုန်းနန်းယဉ်က ဦးခေါင်းညိတ်လိုက်ပြီး မိမိတို့ထွက်လာသည့် လိုဏ်ဂူဝဘက်သို့ လှည့်ကာ လက်ဝှေ့ယမ်းပြလိုက်၏။

ကုန်းနန်းယဉ်က ထိုသို့လက်ဝှေ့ယမ်းပြလိုက်သည်နှင့် ရေနန်းဒေဝီထိုင်နေသော အဖြူရောင်ကျောက်တုံးအောက်မှ ရေပူပေါင်းများ ထွက်ပေါ်လာ၏။

ထို့နောက် အဖြူရောင်ကျောက်တုံးသည် ဖြည်းညှင်းစွာဖြင့် ရေမျက်နှာပြင်ပေါ်သို့ တက်သွားလေတော့သည် မဟုတ်ပါလား။

❋ ❋ ❋

ငြိမ်သက်နေသော ကန်ရေပြင်၏ ရေမျက်နှာပြင်ပေါ်၌ လှိုင်းကြက်ခွပ်များ ဖြစ်ပေါ်သွား၏။



ထို့နောက် ရေကန်၏ အလယ်ဗဟို၌ ရေများဆူပွက်လာသကဲ့သို့ ရေပူပေါင်းများ ပလုံစီ၍ ဖြစ်ပေါ်လာ၏။

မကြာမီ ရေကန်၏ အလယ်ဗဟိုမှ ရေမျက်နှာသည် မြင့်တက်လာပြီး ရေလုံးကြီးတစ်ခုသည် ရေအောက်မှ တိုးထွက်လာ၏။

ထို့နောက် ရေကန်၏ အလယ်ဗဟို၌ ရေပန်းများ ဖြစ်ပေါ်လာကာ ရေမျက်နှာပြင်၏ အပေါ်သို့ ပန်းထွက်လာ၏။

တစ်ဆက်တည်းမှာပင် တင်ပျဉ်ခွေထိုင်နေသော မိန်းကလေးတစ်ယောက်သည် ရေအောက်မှ ပန်းထွက်လာသော ရေလုံးကြီး၏ ထိပ်၌ ပေါ်ထွက်လာ၏။

ရေအောက်မှပန်းထွက်လာသော ရေလုံးကြီးသည် ရေမျက်နှာပြင်အထက် သုံးလံကွာအထိ မြင့်တက်နေ၏။

ထိုမြင်ကွင်းကို အဝေးမှကြည့်ပါက နတ်မိမယ်တစ်ယောက်သည် ရေအောက်မှ ပေါ်ထွက်လာသည်ဟု ထင်မှတ်ရမည် ဖြစ်၏။

ထိုစဉ် အလွန်ငြိမ့်ညောင်းသာယာသော တေးသံစဉ်တစ်ခုက ပတ်ဝန်းကျင်ကို ဖုံးလွှမ်းသွား၏။

ထိုတေးသံသာသည် အရပ်(၄)မျက်နှာမှ ပေါ်ထွက်လာခြင်းဖြစ်၍ မည်သည့်နေရာမှ တီးခတ်နေကြောင်းကို မသိနိုင်ပါ။

ရေကန်အလယ်မှ ရေလုံးကြီး ပန်းထွက်လာသည်နှင့် ဂူးထိပါးတို့ကို ဝိုင်းရံတိုက်ခိုက်နေသော မိန်းကလေးများသည် ရုတ်တရက်နောက်သို့ ဆုတ်သွား၏။

ဝူးထိဝါးတို့ လှုစုသည် ရေကန်ထဲမှ ရေလုံးကြီး ရုတ်တရက် ထွက်ပေါ်လာသဖြင့် အံ့ဩကာ မှင်တက်မိနေ၏။

သူတို့သည် ရေမျက်နှာပြင် အတွက်(၃)လံကျော် အထိ မြင့်တက်နေသော ရေလုံးကြီးအပေါ်၌ တင်ပျဉ်ခွေ၍ ထိုင်နေသော မိန်းကလေးကို တွေ့မြင်ရသောအခါ စကားမပြောနိုင်လောက်အောင်ပင် အံ့ဩဘနန်းဖြစ်နေမိ၏။

ထိုအချိန်၌ နောက်ဆုတ်သွားသော မိန်းကလေးများကြား၌ ကုန်းနန်းယဉ် ထွက်ပေါ်လာပြီး ဝူးထိဝါးတို့ (၃)ယောက်ကို စူးစိုက်ကြည့်လိုက်၏။

ပြီးမှ ...

"ဒီမှာ ...ရှင်တို့ ဘာရပ်လုပ်နေတာလဲ၊ ကျွန်မတို့ရဲ့ သခင်မကြီး ရေနန်းဒေဝီ တန်ခိုးကို တွေ့ပြီမဟုတ်လား၊ အမြန်ဆုံးဒူးထောက်ပြီး ကန်တော့ကြ"

ဟု ပြောလိုက်၏။

ကုန်းနန်းယဉ်၏ စကားအဆုံး၌ ဝူးထိဝါးက ရယ်မောလိုက်၏။

သူသည် အူလှိုက်သည်းလှိုက် ရယ်မောလိုက်ခြင်း ဖြစ်လေသည်။

သူ၏ ရယ်မောသံကြောင့် ကုန်းနန်းယဉ်ပင် ကြောင်အမ်းအမ်းဖြစ်သွား၏။



ဝူးထိဝါးက ထိုသို့ရယ်မောလိုက်သောအခါ လုဝါးသည် မျက်လုံးပြူးပြီး ဝူးထိဝါးကို ကြည့်လိုက်၏။

သူ၏စိတ်ထဲ၌ လူထူးလူဆန်း တစ်ယောက်လော၊ သို့တည်းမဟုတ် ရူးသွပ်သွားပြီလောဟု တွေးလိုက်မိ၏။

အကြောင်းမှာ ...

ယခုကဲ့သို့ အခြေအနေ၌ ဝူးထိဝါးက အူလှိုက် သည်းလှိုက် ရယ်မောခြင်းကြောင့် အံ့ဩနေမိခြင်း ဖြစ်၏။

ဝူးထိဝါးက ရယ်မောလိုက်ပြီးမှ ...

"မင်းတို့ကိုယ်မင်းတို့ နတ်သမီးတွေလို့ ထင်နေကြတာလား"

ဟု ပြောလိုက်၏။

ဝူးထိဝါး၏ စကားကြောင့် ကုန်းနန်းယဉ်သည် မျက်မှောင်ကုတ်သွားပြီး အနီး၌ ရပ်နေသော မိန်းကလေးကို လှည့်ကြည့်ကာ ...

"အမှတ်(၉) ဒီလူက ဘယ်သူလဲ"

ဟု မေးလိုက်၏။

အမှတ်(၉)ဟု အခေါ်ခံ လိုက်ရသော မိန်းကလေးက ကုန်းနန်းယဉ်ကို ကပျာကယာ ဦးညွှတ်လိုက်ပြီး ...

"သူက ဝူးထိဝါးပါ၊ သူနဲ့အတူပါလာတဲ့ နှစ်ယောက်က အဝါရောင်သိုင်းသမား လုဝါးနဲ့ တစ်ကိုယ်တော်ကယ်ပါ သိုင်းသမား တုဟုန်ပါ"

ဟုပြောလိုက်၏။

အမှတ်(၉)၏ စကားကြောင့် ကုန်းနန်းယဉ်သည် မျက်မှောင်ပို၍ ကုတ်သွား၏။

ပြီးမှ နှုတ်ခမ်းကိုမဲ့ကာ …

"သူတို့က- ကိုယ့်ကိုယ်ကို ဟုတ်လှပြီ ထင်ပြီး ဒီကိုလာနှောင့် ယှက်တာပေါ့ ဟုတ်လား"

ဟု အမှတ်(၉)ကိုမေးလိုက်၏။

ကုန်းနန်းယဉ်၏ စကားကြောင့် အဘိုးအို တုဟုန်က ရယ်မောကာ …

"ကျုပ်တို့က ကျုပ်တို့ကိုယ်ကို ကျုပ်တို့ ဟုတ်လှပြီလို့ မထင်ပါဘူး၊ ဒါပေမယ့် ကိုယ့်ကိုယ်ကို ဟုတ်လှပြီလို့ ထင်နေတဲ့ မင်းနဲ့ယှဉ်ပြိုင်ရဲတယ်"

ဟု ကုန်းနန်းယဉ်ကို လှမ်းပြောလိုက်၏။

ထိုစဉ် ရေလုံးပေါ်၌ တင်ပျဉ်ခွေ၍ ထိုင်နေသော ရေနန်းဒေဝီက ကုန်းနန်းယဉ်ကို လှမ်းမေးလိုက်၏။

"သူက ဘယ်သူလဲ"

အမှန်မှာ ရေနန်းဒေဝီသည် အဘိုးအို တုဟုန်ကို တိုက်ရိုက်မေးရမည်ဖြစ်၏။

သို့သော် …

ယခု သူမက အဘိုးအိုတုဟုန်ကို တိုက်ရိုက်မမေးဘဲ ကုန်းနန်းယဉ်ကို လှမ်းမေးလိုက်၏။



သူမ၏ ဟန်အမူအရာမှာ ယောကျ်ားတွေနှင့် စကားမပြောလိုသော ဟန်အမူအရာ ဖြစ်၏။

ထို့ကြောင့် အဘိုးအိုတုဟုန်သည် နှာခေါင်းတစ်ချက် ရှုံ့လိုက်ပြီး …

"ကျုပ်အကြောင်း သူ့ကိုမေးလို့ သူက ဘယ်လိုသိမှာလဲ … ကျုပ် သိုင်းလောကထဲ ရောက်တဲ့အချိန်မှာ သူ့ကိုတောင် မွေးဦးမှာ မဟုတ်သေးဘူး"

ဟုပြောလိုက်၏။

ကုန်းနန်းယဉ်သည် တုဟုန်၏ စကားကို ဆုံးအောင်စောင့်နေ၏။

တုဟုန်၏ စကားဆုံးသွားသောအခါမှ ကုန်းနန်းယဉ်က အေးစက်သော လေသံဖြင့် …

"တစ်ကိုယ်တော် ကယ်ပါသိုင်းသမားဟာ မူလက လမ်းစားပြ ဖြစ်ပါတယ်၊ အသက်(၃၀)အရွယ်မှာ ကယ်ပါဂိုဏ်းထဲ ရောက်လာပါတယ်၊ သူ့ကို သိုင်းပညာသင်ကြားပေးခဲ့တဲ့ ဆရာကြီးဟာ သိုင်းသမားကြီး လုလန်းဖြစ်ပါတယ်၊ အခု သူဟာ ကယ်ပါဂိုဏ်းမှာ ဌာနခွဲမှူးတာဝန်ကို ထမ်းဆောင်နေပါတယ်"

ကုန်းနန်းယဉ်၏ စကားကြောင့် တုဟုန်သည် မျက်လုံးပြူးသွား၏။

ထိုစဉ် ရေနန်းဒေဝီက …

"ဒါဆို သူဟာ သိုင်းဆရာကြီးလုလန်းရဲ့ သိုင်းပညာအမွေကို အကုန်ရလိုက်တယ်ပေါ့ ဟုတ်လား"

ကုန်းနန်းယဉ်က အေးစက်သော လေသံဖြင့် ...

"မရခဲ့ပါဘူး၊ လုလန်းဟာ ကယ်ပါဂိုဏ်းမှာ ပြိုင်ဘက်ကင်းတဲ့ သိုင်းသမားတစ်ယောက်ပါ၊ သူ့ကို ဆရာကြီးလုလန်းက သိုင်းပညာ အကုန်သင်မပေးခဲ့ပါဘူး၊ ဒါကြောင့် သူဟာ သူ့ဆရာလုလန်းရဲ့ ခြေရာကို မနင်းနိုင်ပါဘူး၊ ဒါပေမယ့် သူ့ရဲ့ကိုယ်ဖော့ပညာကတော့ သူ့ဆရာလုလန်းထက် သာပါတယ်၊ သူ့ရဲ့ဓားသိုင်း(၄၉)ကွက်ဟာ အတော်ထူးချွန်ပါတယ်၊ဒါကြောင့် သူဟာ သူ့ဆရာကို မမီပေမယ့် ကယ်ပါဂိုဏ်းထဲမှာတော့ သူဟာ လူတော်တစ်ယောက်ပါ"

ကုန်းနန်းယဉ်က တစ်ကိုယ်တော် ကယ်ပါသိုင်းသမားကြီး တုဟုန်၏ အကြောင်းကို ခရားရေလွှတ်သလို အထစ်အငေါ့မရှိဘဲ ပြောလိုက်၏။

တုဟုန်သည် မိမိ၏အကြောင်းကို အထစ်အငေါ့မရှိဘဲ ပြောနေသော ကုန်းနန်းယဉ်ကို ပါးစပ်အဟောင်းသားဖြင့် ငေးကြည့်နေမိ၏။

ရေနန်းဒေဝီက သက်ပြင်းချကာ ...

"အင်း ... လုလန်းတောင် ငါ့ရဲ့ပိုင်နက်ကို မလာဝံ့ဘူး၊ သူက ဘာတွေ ဘဝင်မြင့်ပြီး သူ့ဆရာတောင် မလာဝံ့တဲ့ ငါ့ရဲ့ပိုင်နက်ထဲကို ကျူးကျော် ဝင်ရောက်လာရတာလဲ"

ဟု ပြောလိုက်၏။



ကုန်းနန်းယဉ်က ပြုံးလိုက်ပြီး ...

"ဟုတ်ပါတယ် ... အမှန်တော့ တစ်ကိုယ်တော် ကယ်ပါသိုင်း သမားဟာ ရေတွင်းထဲက ဖားလိုပါပဲ၊ သေးငယ်တဲ့ ပတ်ဝန်းကျင်မှာ သူ့ထက်သာတဲ့ သူမရှိတော့ ဘဝင်မြင့်နေတာပါ"

ကုန်းနန်းယဉ်၏ ခပ်နှိမ်နှိမ် ပြောဆိုလိုက်သော စကားကြောင့် တုဟုန်သည် ဒေါပွကာ ...

"ဟေ့ ... ဒီမှာ မင်းကငါ့ကို နှိမ့်ချပြီး ပြောရအောင် မင်းက ဘယ်လောက် တော်နေလို့လဲ"

ဟု လှမ်းအော်၍ ပြောလိုက်၏။

ကုန်းနန်းယဉ်က တုဟုန်၏စကားကို မကြားသကဲ့သို့ ဘာမှ ပြန်မပြောပါ။

သို့မဟုတ် သူမသည် တုဟုန်နှင့် စကားပြောမတန်ဟုသော သဘောဖြင့် တုန့်ပြန်၍ မပြောခြင်းလော။

ထိုအချိန်တွင် ရေနန်းဒေဝီက ဝူးထိဝါးကို မေးငေါ့ပြကာ ...

"သူကရော ဘယ်သူလဲ"

ဟု မေးလိုက်၏။

ကုန်းနန်းယဉ်က ဝူးထိဝါးကို တစ်ချက်ကြည့်ကာ ...

"သူက ဝူးထိဝါးပါ"

ရေနန်းဒေဝီက ...

"သူ့အကြောင်း မင်း ဘာသိသလဲ"

ဟုမေးလိုက်၏။

ဝူးထီဝါးက ရယ်မောကာ ...

"မင်းကသာ ငါ့ရဲ့ကိုယ်ရေးရာဇဝင်ကို ပြောပြနိုင်ရင် မင်းကို ချီးကျူးရမှာပဲ"

ဟုပြောလိုက်၏။

ကုန်းနန်းယဉ်က တစ်ချက် စဉ်းစားလိုက်ပြီး ...

"သူဟာ ချူလျူရှမ်းရဲ့ မိတ်ဆွေဖြစ်ပါတယ်၊ ပြီးတော့ သူဟာ ချူလျူရှမ်းလိုပဲ သိုင်းလောကမှာ သူ့ရဲ့ဇာတိ၊ သူ့ရဲ့သိုင်းပညာကို ဘယ်သူ့ဆီက သင်ကြားခဲ့တယ်ဆိုတာ ဘယ်လိုမှ စုံစမ်းလို့ မရပါဘူး၊ သူဟာ ချမ်းသာကြွယ်ဝတဲ့ မိသားစုက ဆင်းသက်လာတာပါ၊ သူ့ရဲ့ မိဘက သူ့ကို ငယ်စဉ်ကလေးဘဝကတည်းက သိုင်းဆရာကြီးတွေကို ပင့်ဖိတ်ပြီး သူ့ကိုအိမ်မှာဘဲ သိုင်းပညာသင်လာခဲ့ပါတယ်၊ ဒါပေမယ့် အခု သူ့ရဲ့သိုင်းပညာဟာ အဲဒီဆရာကြီးက သင်လာခဲ့တဲ့ သိုင်းပညာ မဟုတ်ပါဘူး"

ဝူးထီဝါးက ဦးခေါင်းညိတ်ကာ လက်ခုပ်တီးလိုက်ရင်း ...

"မင်းပြောတာ မမှားဘူး"

ဟု ထောက်ခံလိုက်၏။

ဝူးထီဝါးက ထိုသို့ ထောက်ခံလိုက်သော်လည်း ကုန်းနန်းယဉ်က ရယ်ခြင်း,ပြုံးခြင်းမရှိပါ။

သူမက ဝူးထီဝါးကိုလည်း မကြည့်ပါ။



သူမက အေးတိအေးစက် လေသံဖြင့် သူမ၏ စကားကိုဆက်၍ ပြောလိုက်၏။

"ဒါကြောင့် လူခပ်များများက သူ့ရဲ့သိုင်းပညာဟာ အလွန် ထူးခြားပြီး နာမည်မဖော်လိုတဲ့ သိုင်းပညာရှင်တစ်ယောက်က သင်ကြားပေးထားလို့ သိုင်းလောကမှာ ပြောခဲ့ကြတယ်"

ဝူးထီဝါးက သက်ပြင်းချလိုက်ပြီး ...

"အင်း ... မင်းက ဒီလောက် သိထားရင် မဆိုးပါဘူး"

ကုန်းနန်းယဉ်က သူမ၏စကားကို ဆက်၍ပြောလိုက်၏။

"သူဟာ ချူလျူရှမ်းနဲ့ ကလေးဘဝကတည်းက ရင်းနှီးလာတဲ့ မိတ်ဆွေပါ၊ ငယ်ပေါင်းကြီးဖော်တွေပါ၊ ဒါပေမယ့် သိုင်းပညာရပ်ဟာ တစ်ချိန်တုန်းက နာမည်ကျော်ကြားခဲ့တဲ့ သံမဏိဂိုဏ်းက သိုင်းပညာရပ်နဲ့ ခပ်ဆင်ဆင်တူတာကို တွေ့ရပါတယ်"

ကုန်းနန်းယဉ်၏ စကားကြောင့် ယခုတစ်ကြိမ်၌ ဝူးထီဝါးသည် ပါးစပ်အဟောင်းသားဖြင့် အံ့သြသွား၏။

သူသည် ကုန်းနန်းယဉ်ကို အတန်ကြာအောင် တအံ့တသြဖြင့် ကြည့်နေပြီးမှ သက်ပြင်းတစ်ချက်ကို လေးကန်စွာ ချလိုက်၏။

ပြီးမှ ...

"အင်း ...မင်းတို့ကို သိုင်းလောကသားတွေက အထင်ကြီးတာ ကြီးလောက်ပါတယ်"

ဟု ပြောလိုက်၏။

ရေနန်းဒေဝီက လက်ကို ဝှေ့ယမ်းကာ ...

"သူတို့(၃)ယောက်က ဒီကို ဘာလာလုပ်တာလဲ"

ဟု မေးလိုက်၏။

ရေနန်းဒေဝီ၏ စကားအဆုံး၌ အမှတ်(၉) မိန်းကလေးက ဦးခေါင်းညွှတ်ကာ ...

"သူတို့က သူတို့ရဲ့ မိတ်ဆွေကို လာရှာတာလို့ ပြောပါတယ်"

အမှတ်(၉) မိန်းကလေး၏ စကားအဆုံး၌ သီလရှင်ကျောင်းထဲမှ အမျိုးသမီးကြီးတစ်ဦးက ဦးညွှတ်ကာ ...

"ကျွန်မတို့ ပိုင်နက်ထဲမှာ အပြင်လူအဝင်အထွက်မရှိဘူးလို့ ကျွန်မ ရှင်းပြပါတယ်၊ ဒါပေမယ့် သူတို့က လက်မခံဘူး"

ရေနန်းဒေဝီက ...

"ဒါဆို သူတို့က ဘာလုပ်ချင်တာလဲ"

သီလရှင်ကျောင်းထဲမှ အမျိုးသမီးကြီးက တစ်စုံတစ်ခု ပြန်၍ မပြောမီ ဝူးထီဝါးက ...

"ကျုပ်တို့လူကို လာရှာတာ၊ ကျုပ်တို့လူကို မတွေ့ရရင် ကျုပ်တို့ဘာမှ မလုပ်ဘူး၊ ကျုပ်တို့ပြန်သွားရုံပဲ"

ဟု လှမ်း၍ ပြောလိုက်၏။

ဝူးထီဝါး၏ စကားကြောင့် ကုန်းနန်းယဉ်က မဲ့ပြုံးပြုံးလိုက်ပြီး ...



"ရှင့်ရဲ့အကြံက မဆိုးပါဘူး၊ ဒါပေမယ့် ရှင်မသိတာ တစ်ခု ရှိတယ်"

ဝူးထီဝါးက မျက်မှောင်ကုတ်ကာ ...

"ဘာလဲ ..."

ကုန်းနန်းယဉ်က မဲ့ပြုံးပြုံးကာ ...

"ဒီနေရာဟာ အလာသာရှိပြီး အပြန်မရှိဘူးဆိုတာပဲ"

ဝူးထီဝါးက ပြုံးလိုက်၏။

ပြီးမှ မိန်းကလေးများကို တစ်ချက်ကြည့်ကာ ...

"မဆိုးပါဘူး၊ ဒီမှာ တစ်သက်လုံးနေရမယ်ဆိုလည်း နေပျော်ပါတယ်၊ ဒါနဲ့ စကားမစပ် ခင်ဗျားတို့က ဘာလုပ်ချင်တာတုန်း"

ရေနန်းဒေဝီက ဝူးထီဝါးတို့ကို တစ်ချက်လှမ်းကြည့်လိုက်၏။

ပြီးမှ သူမသည် ကုန်းနန်းယဉ်ကို ဦးခေါင်းညိတ်ပြကာ ...

"ကုန်းနန်းယဉ် သူတို့ကို ပြောပြလိုက်ပါ၊ ငါ့ကို ဒီရေလုံးပေါ်က တွန်းချနိုင်ရင် သူတို့ကို အသက်ချမ်းသာပေးမယ်လို့"

ကုန်းနန်းယဉ်က ရေနန်းဒေဝီကို ဦးညွှတ်လိုက်ပြီးနောက် ဝူးထီဝါးဘက်သို့ လှည့်ကာ ...

"သခင်မကြီးက ..."

သူမ၏ စကားမဆုံးမီ ဝူးထီဝါးက လက်ကာပြကာ ...

"ကျုပ်တို့ နားမပင်းဘူး၊ စကားပြောတာပဲ ဟိုလူတစ်ဆင့်

ဒီလူတစ်ဆင့်နဲ့ တိုက်ရိုက်ပြောရင် ဘာဖြစ်မှာမို့လို့လဲ"

ဟု ပြောလိုက်၏။

တစ်ကိုယ်တော်ကယ်ပါ သိုင်းသမား တပဟုန်က ကုန်းနန်းယဉ်ကိုကြည့်ကာ ...

"ဟော့ ...မိန်းကလေး မင်းသခင်မက ကတိတည်ပါ့မလား"

ဟုမေးလိုက်၏။

ကုန်းနန်းယဉ်က တပဟုန်ကို စူးစိုက်ကြည့်ကာ ...

"သခင်မကြီးဟာ စကားကို တစ်ခွန်းပဲ ပြောပါတယ်၊ ဘယ်တော့မှ နှစ်ခွန်းမပြောပါဘူး"

လုဝါးက မျက်မှောင်ကုတ်ကာ ...

"ကျုပ်တို့ (၃)ယောက်လုံးနော်၊ ဟုတ်ရဲ့လား"

ဟု မေးလိုက်၏။

ကုန်းနန်းယဉ်က ဦးခေါင်းညိတ်ကာ ...

"ဟုတ်ပါတယ် ရှင်တို့(၃)ယောက်လုံးက ဘယ်နည်းနဲ့ မဆို သခင်မကို ရေလုံးပေါ်က တွန်းချနိုင်ခဲ့ရင် ရှင်တို့အားလုံးကို အသက်ချမ်းသာပေးပါ့မယ်"

ဟု ပြောလိုက်၏။

ဝူးထိဝါးက ပြုံးလိုက်ပြီး ...

"မဆိုးဘူး ... ဒီနည်းကောင်းတယ်"

ဟု ပြောလိုက်၏။



တစ်ကိုယ်တော် ကယ်ပါသိုင်းသမားကြီးတပဟုန်က ရုတ်တရက် လက်ကာပြလိုက်ပြီး ...

"ခဏနေဦး၊ ဒီကိစ္စကို ကျုပ်တို့(၃)ယောက် တိုင်ပင်လိုက်ဦးမယ်"

ဟို ပြောလိုက်၏။

ကုန်းနန်းယဉ်က ပြုံး၍ ဦးခေါင်းညိတ်ကာ ...

"ဟုတ်ကဲ့ တိုင်ပင်နိုင်ပါတယ်၊ ဒါပေမယ့် ရှင်တို့ ဘယ်လိုပဲ တိုင်ပင် ...တိုင်ပင် ရှင်တို့ ရှုံးမှာကတော့ သေချာတယ်ဆိုတာ ကြိုပြီး သတိပေးလိုက်ပါစေ"

ဟု ပြောလိုက်လေ်တော့သည် မဟုတ်ပါလား။

❋ ❋ ❋

ဦးခေါင်း(၃)လုံး ဆိုင်နေ၏။

ဝူးထိဝါး၊ တပဟုန်နှင့် လုဝါးတို့ဖြစ်၏။

သူတို့သည် ခေါင်းချင်းဆိုင်ကာ တိုင်ပင်နေကြခြင်း ဖြစ်၏။

ဝူးထိဝါးက ပြုံးကာ ...

"ဒီတစ်ခါတော့ ရေနန်းဒေဝီ ရှုံးမယ်ဆိုတာ ဗေဒင်မေးဖို့မလိုဘူး"

ဟု ပြောလိုက်၏။

လုဝါးက ဦးခေါင်းခါယမ်းကာ ...

"ဒီလိုပြောလို့မရဘူး၊ သူကနိုင်မယ်ထင်လို့ ကျုပ်တို့ကို အခုလို ပြောရဲတာ"

တုဟုန်က လုဝါးကိုကြည့်ပြီး ...

"ခင်ဗျားကလဲ ဘာဖြစ်လို့အားငယ်နေရတာလဲ၊ ကျုပ်တို့က (၃)ယောက်၊ သူက တစ်ယောက်တည်း ကျုပ်တို့(၃)ယောက်က သူ့ကို တစ်ပြိုင်တည်းပူးပေါင်းပြီး တွန်းချလိုက်ရင် သူက ခံနိုင်ရည်ရှိမှာ လား"

တုဟုန်၏ စကားကြောင့် လုဝါးသည် တွေဝေ၍သွား၏။ ပြီးမှ ...

"အင်း ... မင်းရဲ့အကြံက ကောင်းပါတယ်၊ ဒါပေမယ့် ..."

လုဝါးက စကားကို ဆုံးအောင်မပြောဘဲ ရပ်ထားလိုက်၏။

တုဟုန်က မျက်မှောင်ကုတ်ကာ ...

"ဒါပေမယ့် ဘာဖြစ်လဲ"

လုဝါးက ...

"ဒီလိုလေ ကျုပ်တို့(၃)ယောက်က ပူးပေါင်းပြီး သူ့ကိုတွန်းချတဲ့အခါ သူက ရှောင်လိုက်ရင် ဘယ်လိုလုပ်မလဲ၊ ကျုပ်တို့ ရေထဲကျသွားမှာပေါ့"

လုဝါး၏စကားကြောင့် တုဟုန်သည် တစ်ချက်စဉ်းစားလိုက်ပြီး ...

"အင်း ... မင်းပြောတာ ဟုတ်တယ်၊ စဉ်းစားစရာပဲ"



လုဝါးက တစ်ချက်စဉ်းစားလိုက်ရင်း ...

"ကျုပ်တွေးမိတာကတော့ ကျုပ်တို့(၃)ယောက် ပူးပေါင်းပြီး တစ်ပြိုင်တည်းဝင်ဖို့ မသင့်ဘူး၊ ကျုပ်တို့(၃)ယောက် ပူးပေါင်းပြီး တစ်ပြိုင်တည်း တွန်းချမယ်ဆိုရင်တော့ ကျုပ်တို့ရဲ့ အင်အားကို သူက တောင့်ခံနိုင်မှာ မဟုတ်ဘူး ဒါပေမယ့် သူက ရှောင်လိုက်ရင် ကျုပ်တို့ ရေထဲလိမ့်ကျသွားနိုင်တယ်"

တုဟုန်က မျက်မှောင်ကုတ်ကာ ...

"ကျုပ်တို့ တစ်ယောက်ချင်းစီရဲ့ အတွင်းအားက ထင်သလောက် မနည်းပါဘူး၊ ကျုပ်စဉ်းစားမိတာက ပထမဆုံး ကျုပ်က သူ့ကိုတစ်ဟုန်ထိုး တွန်းချလိုက်မယ်၊ ကျုပ်နောက်က ဂူးထိဝါးက လိုက်လာ ... ဟုတ်ပြီလား၊ ကျုပ်က သူ့ကို တွန်းချတဲ့အခါ သူက ရှောင်လိုက်ရင် ဂူးထိဝါးက သူ့ကိုဆက်ပြီး တွန်းချလိုက်ပါ၊ သူက တစ်ခါရှောင်လိုက်ပြီးရင် နောက်တစ်ခါ ဆက်တိုက်ရှောင်းဖို့ဆိုတာ လွယ်မှာမဟုတ်ဘူး၊ တကယ်လို့ သူက ဂူးထိဝါးရဲ့တိုက်ခိုက်တာကို ထပ်ပြီး ရှောင်နိုင်ခဲ့ရင် ...

ဟုပြောလိုက်ပြီး တုဟုန်ကို ကြည့်လိုက်၏။

တုဟုန်က ...

"နားလည်ပြီ၊ ကျုပ်က သူ့ကိုဆက်ပြီးတိုက်ခိုက်ရမယ်၊ ဟုတ်တယ် မဟုတ်လား"

လုဝါးက ဦးခေါင်းညိတ်ကာ ...

"ဟုတ်တယ် ... ခင်ဗျားက အခြေအနေကိုကြည့်ပြီး ဝင်တိုက်ရင် သူက ဘယ်လိုမှ ရှောင်နိုင်တော့မှာ မဟုတ်ဘူး"

တုဟုန်က ဦးခေါင်းညိတ်ကာ ...

"ကောင်းတယ် ဒီနည်းမဆိုးဘူး"

ဟု ထောက်ခံလိုက်၏။

ဝူးထိဝါးက နှာခေါင်းကို တစ်ချက်ပွတ်ရင်း ...

"ဒီနည်းက သိပ်ပြီး ဟန်ကျမယ် မထင်ဘူး"

ဟု ပြောလိုက်၏။

ဝူးထိဝါး၏ စကားကြောင့် တုဟုန်နှင့် လုဝါးတို့သည် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်၏။

ပြီးမှ သူတို့သည် ဝူးထိဝါးကို မျက်လုံးပြူး၍ ကြည့်လိုက်ရင်း ...

"ဘာဖြစ်လို့လဲ"

ဟု ပြိုင်တူမေးလိုက်၏။

ဝူးထိဝါးက ...

"ခင်ဗျားတို့ပဲ စဉ်းစားကြည့်လေ၊ ရေနန်းဒေဝီဟာ ကျုပ်ထက် အတွင်းအားပိုပြီး အဆင့်မြင့်တယ်လို့ ကျုပ်ထင်တယ်၊ ကျုပ်တို့က သူ့ကို တစ်ယောက်ချင်း လှူခဲ့ပြီး တိုက်ခိုက်တဲ့အခါ သူကမရှောင်ဘဲ လာသမျှ လူကိုတစ်ယောက်ချင်းရိုက်ချရင် ဘယ်လိုလုပ်မလဲ၊ ခင်ဗျားတို့က သူ့ထက်အတွင်းအား အဆင့်မြင့်တယ် ထင်လား"



ဟု ပြောလိုက်၏။

ဝူးထိဝါး၏ စကားကြောင့် လုဝါးနှင့် တုဟုန်တို့သည် တွေဝေ၍သွား၏။

ပြီးမှ ...

လုဝါးသည် သက်ပြင်းချလိုက်ပြီး ...

"အင်း ...မင်းပြောမှဘဲ ကျုပ်လည်း ဒါကိုသတိပြုမိတော့တယ်၊ သူက ရေလုံးပေါ်မှာ ထိုင်နေတာ ကျုပ်တို့ကို တစ်ယောက်ပြီး တစ်ယောက် ရိုက်ချရင် ကျုပ်တို့ ခံနိုင်မှာ မဟုတ်ဘူး"

တုဟုန်က နှုတ်ခမ်းတစ်ချက် ကိုက်လိုက်ပြီး ဝူးထိဝါးကို ကြည့်ကာ ...

"မင်းမှာ ဒါ့ထက်ကောင်းတဲ့ အကြံဉာဏ်ရှိလား"

ဟု မေးလိုက်၏။

ဝူးထိဝါးက ဦးခေါင်းညိတ်ကာ ...

"အင်း ...ရှိတယ်"

ဟု ပြောလိုက်၏။

ဝူးထိဝါး၏ စကားကြောင့် လုဝါးသည် စိတ်ဝင်စားကာ ...

"ဟုတ်လား ...ဘာအကြံလဲ"

ဟု မေးလိုက်၏။

ဝူးထိဝါးက လေသံကို နှိမ့်ချလိုက်ပြီး လေသံတိုးတိုးဖြင့် ...

"အကောင်းဆုံးကတော့ ကျုပ်တို့(၃)ယောက် တစ်ပြိုင်တည်း

သူ့ဆီကို ခုန်ဝင်သွားကြမယ်၊ ဒါပေမယ့် ကျုပ်တို့က သူ့ကို တိုက်နိုက်မှာ မဟုတ်ဘူး"

ဟုပြောလိုက်၏။

ဝူးထိဝါး၏ စကားကြောင့် လုဝါးသည် နားမလည်ဟန်ဖြင့် ဝူးထိဝါးကို ကြည့်ကာ ...

"ဒါဖြင့် ကျုပ်တို့က ဘာလုပ်ကြမှာလဲ"

ဝူးထိဝါးက ပြုံးလိုက်ပြီး ...

"ကျုပ်တို့က သူ့ကို မတိုက်နိုက်ဘဲ သူထိုင်နေတဲ့ ရေလုံးကို ဖြတ်တောက်လိုက်ရင် သူက ရေလုံးပေါ်မှာ ဘယ်လိုလုပ် ထိုင်လို့ရတော့မလဲ"

ဟုပြောလိုက်၏။

ဝူးထိဝါး၏ စကားကြောင့်တုဟုန်နှင့် လုဝါးတို့သည် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြ၏။

ပြီးမှ သူတို့နှစ်ယောက်သည် ပြုံးလိုက်ပြီး ဝူးထိဝါး၏ ပခုံးကို ပုတ်ကာ ...

"ကောင်းတယ် ဒီ့ထက်ကောင်းတဲ့ အကြံတောင် ဒီလောက်ကောင်းမှာ မဟုတ်ဘူး"

ဟု ပြိုင်တူပြောလိုက်လေတော့သည် မဟုတ်ပါလား။

❋ ❋ ❋



ရေထဲမှ ကုန်းနန်းယဉ် ရေပေါ်သို့ တက်သွားပြီးနောက် ချူလျူရှမ်းသည် ပုန်းကွယ်ရာမှ ထွက်လာခဲ့၏။

ထို့နောက် ...

သူသည် ရေနန်းဒေဝီနှင့် ကုန်းနန်းယဉ်တို့ ထွက်လာခဲ့သော လျှို့ဝှက်လိုဏ်ဂူရှိရာသို့ ကူးခတ်လာခဲ့၏။

ထို့နောက် သူသည် ပွင့်နေသော လျှို့ဝှက်လိုဏ်ဂူထဲသို့ လှမ်းကြည့်လိုက်၏။

လျှို့ဝှက်လမ်းထဲ၌ လူသူအရိပ်အယောင်ကို မတွေ့ရပါ။

ချူလျူရှမ်းသည် လျှို့ဝှက်လိုဏ်ဂူထဲသို့ ဝင်ရောက်လိုက်၏။

ရေနန်းဒေဝီသည် ရေပေါ်သို့ တက်သွားပြီဖြစ်၏။

ထို့ကြောင့် ဝူးထိဝါးတို့သည်ရေနန်းဒေဝီနှင့် ရင်ဆိုင်ရတော့မည်ဖြစ်၏။

ဝူးထိဝါးတို့သည်ရေနန်းဒေဝီကို မည်သည့်နည်းနှင့်မျှ ယှဉ်ပြိုင်နိုင်မည် မဟုတ်ကြောင်း ချူလျူရှမ်းက သိထား၏။

သို့သော် သူ့အနေဖြင့် ဝူးထိဝါးတို့ကို သွားရောက်ကူညီ၍ မဖြစ်ပါ။

သူ့အတွက် အရေးကြီးဆုံး အလုပ်မှာ ရေနန်းဒေဝီ၏ လျှို့ဝှက်ချက်ကို ဖော်ထုတ်ရန် ဖြစ်၏။

ရေနန်းဒေဝီ၏ လျှို့ဝှက်ချက်ကိုဖော်ထုတ်နိုင်ခဲ့လျှင် ဝူးထိဝါးတို့အတွက် မျှော်လင့်ချက်ရှိနိုင်မည်ဟု ချူလျူရှမ်းက ယုံကြည်၏။

ထို့ကြောင့် သူသည် ငါးတစ်ကောင်ကဲ့သို့ လှိုဏ်ဂူလမ်းကြောင်း ထဲသို့ဝင်ရောက်ခဲ့ခြင်းဖြစ်၏။

လှိုဏ်ဂူလမ်းကြောင်းထဲသို့ရောက်သောအခါ လူရိပ်လူရောင်မတွေ့ရပါ။

သို့သော် သူသည် ရေလုံးကို မှတ်ထုတ်သော ခလုတ်တစ်ခုကို တွေ့လိုက်ရ၏။

ထိုခလုတ်ကို ပိတ်လိုက်ပါက ရေမျက်နှာပြင်ပေါ်သို့ ပန်းထွက်လာသော ရေလုံးကြီး ရပ်ဆိုင်းသွားမည်ဖြစ်၏၊

ထိုသို့ရပ်ဆိုင်းသွားပါက ရေနန်းဒေဝီသည် ရေထဲသို့လိမ့်ကျလာမည်ဖြစ်၏။

ချူလှူရှမ်းသည် ဆက်၍ မစဉ်းစားတော့ပါ။

သူသည် ထိုခလုတ်ရှိရာသို့ ကူးခတ်သွားပြီး ခလုတ်ကိုပိတ်ရန် ဟန်ပြင်လိုက်၏။

ထိုစဉ် ရုတ်တရက် မြားတစ်စင်းကသူ့ထံသို့ ပစ်လွှင့်လာသည်ကို ချူလှူရှမ်းက မြင်တွေ့လိုက်ရလေတော့၏။

❋ ❋ ❋

ရေလုံးသည် ရေမျက်နှာပြင် အထက်(၃)လံ ကွာအမြင့်အထိ ပန်းထွက်နေ၏။

ရေနန်းဒေဝီသည် ထိုရေလုံးပေါ်၌ တင်ပျဉ်ခွေ ထိုင်နေ၏။



သူမသည် ဝူးထိဝါးတို့(၃)ဦးကို မျက်တောင်မခတ်ဘဲ စူးစိုက်ကြည့်နေ၏။

သူမသည် ဝူးထိဝါးတို့၏ တိုက်ခိုက်မှုကို ရင်ဆိုင်ရန် အသင့်ပြင်ထား၏။

သို့သော် ...

ယခုအချိန်အထိ ဝူးထိဝါးတို့က စတင်တိုက်ခိုက်လာခြင်း မရှိသေးပါ။

ကုန်းနန်းယဉ်သည် ခေါင်းချင်းဆိုင်၍ တိုင်ပင်နေသော ဝူးထိဝါးတို့ကို စိတ်မရှည်ဟန်ဖြင့် ...

"ဘယ်လိုလဲ ... ရှင်တို့တိုင်ပင်တာ ဒီညပြီးဦးမှာလား"

ဟု မေးလိုက်၏။

ဝူးထိဝါးက ကုန်းနန်းယဉ်ကို ပြုံးပြလိုက်ပြီး ...

"ရှင်တို့(၃)ယောက်က ဘယ်လိုများ အကြံထုတ်ထားသလဲ"

ဟု မေးလိုက်၏။

သူမက လုဝါးကို ကြည့်၍မေးလိုက်ခြင်း ဖြစ်၏။

လုဝါးသည် လိမ်ညာပြောတတ်သူ တစ်ယောက် မဟုတ်ပါ။

ထို့ကြောင့်လည်း သိုင်းလောက၌ အဝါရောင်သိုင်းသမား၏ စကားကို လူတိုင်းက ယုံကြည်ကြခြင်း ဖြစ်၏၊

ကုန်းနန်းယဉ်သည် ထိုအချက်ကိုသိထားသဖြင့် လုဝါးကို လှမ်းမေးလိုက်ခြင်း ဖြစ်၏။

လုဝါးကလည်း ဦးခေါင်းကိုညိတ်ကာ မိမိတို့စဉ်းစားထား

သည့် အတိုင်းပြောပြရန် ဟန်ပြင်လိုက်၏။

သို့သော် ...

သူသည် ဘာမျှ ပြန်မပြောဖြစ်ပါ။

အကြောင်းမှာ ဂူးထိဝါးနှင့် တုဟုန်တို့က ကပျာကယာ ဝင်

ရောက်၍ ပြောလိုက်သောကြောင့် ဖြစ်၏။

"မင်းရဲ့ သခင်မကို ပြောလိုက်ပါ၊ ကျုပ်တို့ အသင့်ဖြစ်ပြီ

စ,တော့မယ်လို့"

ကုန်းနန်းယဉ်က ဂူးထိဝါးနှင့် တုဟုန်တို့ကို မျက်စောင်းထိုး၍

တစ်ချက် ကြည့်လိုက်၏။

"ပြီးမှ သူမသည် ရေနန်းဒေဝီကို ဦးညွှတ်ပြလိုက်ရင်း ...

"ရှင်တို့ စပြီး တိုက်ခိုက်နိုင်ပါပြီ"

ဟု ပြောလိုက်၏။

ကုန်းနန်းယဉ်၏ ပြောစကားအဆုံး၌ ဂူးထိဝါးသည် လက်ကို

ဝှေ့ယမ်းပြလိုက်၏။

ထို့နောက် ဂူးထိဝါးတို့သည် ရေနန်းဒေဝီထံသို့ ခုန်ဝင်သွား

လေတော့၏။

ရေနန်းဒေဝီသည် ရေလုံးပေါ်၌ ငြိမ်သက်စွာ ထိုင်နေ၏။

ဂူးထိဝါးတို့သည် ရေနန်းဒေဝီထံသို့ ခုန်ဝင်သွား၏။

သို့သော် သူတို့သည် ရေနန်းဒေဝီကို မတိုက်ခိုက်ပါ။



သူတို့သည် ရေနန်းဒေဝီ ထိုင်နေသော ရေလုံးကို အတွင်းအား

ဖြင့် ဖြတ်တောက်ရန် ဟန်ပြင်လိုက်၏။

ထိုသို့ ရုတ်တရက် ရေနန်းဒေဝီသည် အောက်ဘက်သို့ နိမ့်

ဆင်းလာပြီး လက်နှစ်ဖက်ကို ဝှေ့ယမ်းကာ ဂူးထိဝါးတို့ (၃)ယောက်

ကို ရိုက်ချလိုက်လေတော့၏။

မမျှော်လင့်ဘဲ ရေနန်းဒေဝီက အောက်ဖက်သို့ နိမ့်ဆင်းလာ

ပြီး လက်ကိုဝှေ့ယမ်းကာ ရိုက်ချလိုက်သဖြင့် ဂူးထိဝါးတို့သည်

ထိတ်လန့်ကာ ရှောင်တိမ်းရန် ကြိုးစားလိုက်၏။

သို့သော် သူတို့သည် လေထဲသို့ ရောက်ရှိနေသဖြင့် မည်သို့မျှ

ရှောင်တိမ်းနိုင်စွမ်း မရှိတော့ပါ။

ထို့ကြောင့် ရေနန်းဒေဝီ၏ လက်ဝါးက သူတို့၏ ရင်ဝကို

ရိုက်မိသွားလေတော့၏။

"ဖုတ် ...ဖုတ် ...ဖုတ်"

ဂူးထိဝါးတို့ (၃)ယောက်သည် အသံပင် မထွက်နိုင်ဘဲ သောက်

စာလုံးထိမှန်သော ငှက်ပမာ ရေကန်ထဲသို့ ထိုးကျသွားလေတော့၏။

❋ ❋ ❋

မြား ...

ကုန်းပေါ်၌ မြားကို လေးဖြင့်ပစ်ရ၏။

ရေထဲ၌ မြားကို လေးဖြင့် ပစ်၍မရပါ။

သို့သော် ရေအောက်၌ မြားကို ပစ်၍ရရန် အထူးထိထွင်ထားသော ကိရိယာဖြင့် ပစ်လိုက်ခြင်းဖြစ်၏။

မြားက ချူလှူရှမ်းထံသို့ တန်းတန်းမတ်မတ် ရောက်ရှိလာ၏။

ချူလှူရှမ်းသည် မျက်လုံးပြူးသွား၏။

သို့သော် သူသည် ရေထဲသို့ ရောက်ရှိနေသောအခါ ငါးတစ်ကောင်ကဲ့သို့ ဖြစ်နေ၏။

ထို့ကြောင့် သူသည် သူ့ခန္ဓာကိုယ်ကို ငါးတစ်ကောင်ကဲ့သို့ တွန့်လိမ်လိုက်ရာ မြားက အရင်နောက်ကျောမှ ပွတ်သီကာ လွဲချော်သွား၏။

ထိုအချိန်မှာပင် မိန်းကလေးတစ်ယောက်သည် ချူလှူရှမ်း၏ အနီးသို့ ရောက်လာ၏။

သူမ၏ လှုပ်ရှားမှုမှာ အလွန်လျင်မြန်လှ၏။

ရေမျောင်ငါးတစ်ကောင်ကဲ့သို့ ချူလှူရှမ်းထံ ကူးခတ်လာခြင်းဖြစ်၏။

သူမသည် ချူလှူရှမ်းထံသို့ ရောက်သည်နှင့် ချူလှူရှမ်းကို ဓားဖြင့် ထိုးစိုက်လိုက်၏။

ချူလှူရှမ်းက ဘေးသို့ အသာတိမ်းလိုက်ရာ မိန်းကလေး၏ ဓားချက်က လွဲချော်သွား၏။

ထိုအချိန်၌ ချူလှူရှမ်းကမိန်းကလေး၏ ဖက်ပိုးကို လက်ဝါးစောင်းဖြင့် ခုတ်ချလိုက်၏။



မိန်းကလေး၏ ပါးစပ်ဟ,သွားပြီး ရေပူပေါင်းများ ဖြစ်ပေါ်လာ၏။

ရေများက မိန်းကလေး၏ ပါးစပ်ထဲသို့ ဝင်ရောက်သွား၏။

တစ်ဆက်တည်းမှာပင် မိန်းကလေး၏ ခန္ဓာကိုယ်သည် ယော့ခွေကာ ရေအောက်သို့ ထိုးကျသွား၏။

သို့သော် သူမ၏ ခန္ဓာကိုယ်သည် ရေအောက်ကြမ်းပြင်သို့ ရောက်ရှိမသွားပါ။

အကြောင်းမှာ ချူလှူရှမ်းက မိန်းကလေး၏ ခန္ဓာကိုယ်ကို လက်နှစ်ဖက်ဖြင့် သိုင်းဖက်၍ ထိန်းထားလိုက်သောကြောင့် ဖြစ်၏။

ထို့နောက် သူသည် မိန်းကလေးကို တွဲခေါ်ရင်း လှို့ဝှက်လမ်းကြောင်းအတိုင်း အတွင်းဘက်သို့ ဆက်၍ ဝင်လာခဲ့၏။

သူသည် ရေနန်းဒေဝီ ပြန်မရောက်လာမီ လိုအပ်သည့် ကိစ္စများကို ပြုလုပ်ထားရမည် မဟုတ်ပါလား။

ထို့ကြောင့် သူသည် လှို့ဝှက်လမ်းကြောင်းအတိုင်း အတွင်းဘက်သို့ လျင်မြန်စွာ ကူးခတ်လာခဲ့၏။

လှို့ဝှက်လမ်းကြောင်းသည် အလွန်ရှည်လျား၏။

အချိုးအကွေ့(၃)ခုကို လွန်မြောက်သောအခါ လှို့ဝှက်လမ်းကြောင်း၏ အဆုံးသို့ ရောက်လာ၏။

ထိုနေရာသို့ ရောက်သောအခါ ချူလှူရှမ်းသည် အပေါ်သို့ မော့ကြည့်လိုက်၏။

ထိုသို့မော့ကြည့်လိုက်သောအခါ ရေမျက်နှာပြင်ပေါ်မှ မီးရောင်တစ်ချို့ကိုတွေ့ရ၏။

မီးရောင်ကို တွေ့ရသောကြောင့် အပေါ်၌ အစောင့်အကြပ်ရှိနိုင်သည်ဟု ချူလှူရှမ်းက တွေးလိုက်မိ၏။

ပြီးမှ သူသည် သတိမေ့နေသော မိန်းကလေးကို ရေမျက်နှာပင်ပေါ်သို့ တွန်း၍ တင်ပေးလိုက်လေတော့၏။

❋ ❋ ❋

ချူလှူရှမ်သည် ရေနန်းဒေဝီ၏ ရေအောက်နန်းတော်အကြောင်းကို ကြားဖူးခဲ့၏။

ရေနန်းဒေဝီ၏ ရေအောက်နန်းတော်သည် အလွန်ခမ်းနားသည်ဟု ပြောကြ၏။

သို့သော် တစ်ယောက်နှင့်တစ်ယောက် ပြောဆိုရာ၌ တူညီခြင်း မရှိပါ။

တူညီသောအချက်မှာ ခမ်းနားကြီးကျယ်ခြင်းသာ ဖြစ်၏။

အမှန်မှာ သိုင်းလောကသားတို့သည် ရေနန်းဒေဝီ၏ရေအောက်နန်းတော်ကို ရောက်ဖူးခြင်း မရှိပါ။

ရေနန်းဒေဝီသည် လျှို့ဝှက်မှုများဖြင့် သိုင်းလောကသားတိုင်းက စိတ်ဝင်စားနေသောကြောင့် အမျိုးမျိုး ထင်ကြေးဖြင့် ပြောဆိုနေကြခြင်းသာ ဖြစ်၏။



ယခု ရေနန်းဒေဝီ၏ ရေအောက်နန်းတော်သည် ကျောက်တုံးများဖြင့် တည်ဆောက်ထားသော မြေအောက်အခန်းတစ်ခုသာ ဖြစ်၏။

ကြီးကျယ်ခမ်းနားခြင်း မရှိပါ။

ရေနန်းဒေဝီသည် ဇိမ်ခံတတ်သော လူစား မဟုတ်ပါ။

သို့သော် သန့်ရှင်းသပ်ရပ်မှုကို ကြိုက်နှစ်သက်ဟန်ဖြင့် သူမ၏ နေရာများကို သန့်ရှင်းစင်ကြယ်အောင် ပြုပြင်မွမ်းမံထား၏။

ထို့ကြောင့် အခန်း၏လေးဘက်လေးတန်မှ ကျောက်ပြားများသည် အရောင်တဖိတ်ဖိတ် တောက်နေ၏။

ရေနန်းဒေဝီ၏ လျှို့ဝှက်လမ်းကြောင်း ထွက်ပေါက်မှာ ထိုအခန်းထဲမှ ရေကန်ငယ်တစ်ခုသာ ဖြစ်၏။

ရေကန်ကိုလည်း အရောင်တောက်သော ကျောက်ပြားများဖြင့် ပြုလုပ်ထား၏။

ယခု ထိုရေကန်ငယ်၏ အနီး၌ မိန်းကလေးနှစ်ယောက်ရှိနေ၏။

သူတို့နှစ်ယောက်သည် ရေကန်ထဲ၌ ရေချိုးရန်အတွက် အဝတ်အစားများကို ချွတ်နေ၏။

ထိုစဉ် ရုတ်တရက် ရေကန်ထဲမှ မိန်းကလေးတစ်ယောက် ထိုးဖောက်ထွက်လာသောအခါ ရေချိုးရန် အဝတ်အစား ချွတ်နေသော မိန်းကလေးနှစ်ယောက်သည် ထိတ်လန့်တုန်လှုပ်သွား၏။

ပြီးမှ သူတို့နှစ်ယောက်သည် ရေကန်ထဲမှ မိန်းကလေးကို ဆယ်ယူရန် ရေကန်ထဲသို့ ခုန်ဆင်းလိုက်၏။

ထိုစဉ် ရုတ်တရက် ရေထဲမှ ချူလှူကျူရှမ်းက ဘွားခနဲ ပေါ်လာပြီး ရေထဲသို့ ခုန်ဆင်းလာသော မိန်းကလေးနှစ်ယောက်၏ လည်ဂုတ်ကို လက်ဝါးစောင်းဖြင့် ရိုက်ချလိုက်လေတော့၏။

မိန်းကလေးနှစ်ယောက်သည် အသံပင် မထွက်နိုင်ဘဲ သတိလစ်သွားလေတော့၏။

ချူလှူကျူရှမ်းသည် သတိမေ့နေသော မိန်းကလေး(၃)ယောက်ကို ရေထဲမှ ဆယ်ယူ၍ ကုန်းပေါ်သို့တင်ထားလိုက်၏။

ပြီးမှ သူသည် မိန်းကလေး(၃)ယောက်ကို ကြည့်ကာ ...

"မင်းတို့ကို ဘာမှ ဒုက္ခမပေးဘူး၊ ဒီမှာသာ ခဏလေးအိပ်နေလိုက်"

ဟု ပြောလိုက်၏။

ထို့နောက် သူသည် ရေနန်းဒေဝီ၏ ရေအောက်နန်းတော်သို့ လှည့်ပတ်ကြည့်ရှုလိုက်လေတော့သည် မဟုတ်ပါလား။

❋ ❋ ❋

အခန်းထဲ၌ ခုတင်တစ်လုံး၊ စားပွဲတစ်လုံး၊ ကုလားထိုင်တစ်လုံးနှင့် အဝတ်ထည့်သည့် မတ်ရပ် ဗီရိုတစ်လုံး မှန်တင်ခုံတစ်လုံးသာ ရှိ၏။



မတ်ရပ်ဗီရိုက ခုတင်နှင့် မလှမ်းမကမ်း၌ ရှိ၏။

ဗီရိုအနီး၌ အဝတ်အစားဝတ်ရန်အတွက် ယင်းကာတစ်ခုရှိ၏။

မှန်တင်ခုံပေါ်၌ အလှပြင်ပစ္စည်း အနည်းငယ်သာ ရှိ၏။

စားပွဲပေါ်၌လည်း လိုအပ်သော ပစ္စည်းအသုံးအဆောင်တစ်ချို့သာရှိ၏။

ထူးထူးခြားခြား ဘာမျှမရှိပါ။

ချူလှူကျူရှမ်းသည် အခန်းကို လှည့်ပတ်ကြည့်ပြီးနောက် သတိမေ့နေသော မိန်းကလေး(၃)ယောက်ကို တစ်ချက်ကြည့်လိုက်၏။

သူသည် ထိုမိန်းကလေး(၃)ယောက်ကို တစ်နေရာ၌ ဝှက်ထားရမည်ဖြစ်၏။

ဤအခန်းထဲ၌ ပုန်းအောင်းရန် နေရာဟူ၍ ဗီရိုတစ်လုံးသာ ရှိ၏။

ထိုဗီရိုထဲ၌လည်း မိန်းကလေး(၃)ယောက်လုံးကို ဝှက်ထားနိုင်မည် မဟုတ်ပါ။

ထိုစဉ် မိန်းကလေးတစ်ယောက်ထံမှ ညည်းညူသံ ခပ်သဲ့သဲ့ ပေါ်ထွက်လာ၏။

ချူလှူကျူရှမ်းသည် မျက်ခုံးပင့်လိုက်ပြီး မိန်းကလေးကို အသာပွေ့ထူလိုက်၏။

ပြီးမှ သူသည် မိန်းကလေးကို မေးလိုက်၏။

"မင်းတို့ကို ဘယ်ပို့ထားပေးရမလဲ"

မိန်းကလေးသည် ကောင်းစွာ သတိမရသေးပါ။

သို့သော်...

မိန်းကလေးသည် ညည်းညူသံကြားမှ...

"နံရံပေါ်က မီးအိမ်ကိုတွေ့လား"

ဟု မေးလိုက်၏။

ချူလှူရှမ်းက...

"တွေ့တယ်"

မိန်းကလေးက မျက်လုံးကို အားယူ၍ ဖွင့်ရင်း...

"အောက်ကို ဆွဲချလိုက်၊ တံခါးပွင့်လာမယ်"

ချူလှူရှမ်းက ပြုံးလိုက်ပြီး...

"စိတ်ချ... ညီမတို့ကို အဲဒီပို့ပေးမယ်နော်"

ဟု ပြောလိုက်၏။

ထိုသို့ ပြောလိုက်ပြီးနောက် ချူလှူရှမ်းသည် မိန်းကလေး၏ လည်ဂုတ်ကို လက်ဝါးစောင်းဖြင့် ခပ်ဆတ်ဆတ် ရိုက်လိုက်လေတော့၏။

ထို့နောက် ချူလှူရှမ်းသည် မိန်းကလေးကို ကြမ်းပေါ်သို့ အသာပြန်ချထားရင်း...

"ဝမ်းနည်းပါတယ်...မင်းတို့ကို ဒုက္ခမပေးချင်ပါဘူး၊ ဒါပေမယ့် မင်းတို့ သတိမေ့နေမှ ဖြစ်မှာလေ"

ဟု ပြောလိုက်၏။



ပြီးမှ သူသည် မိန်းကလေး ညွှန်ပြသည့်အတိုင်း နံရံပေါ်မှ မီးအိမ်ကိုအောက်သို့ ဆွဲချလိုက်၏။

"ဒီ...ဒီ...ဒီ"

ဟူသော အသံပေါ်ထွက်လာပြီး နံရံပေါ်၌ တံခါးပေါက်တစ်ခု ဖြစ်ပေါ်သွား၏။

ချူလှူရှမ်းသည် ပြုံးလိုက်ပြီး သတိမေ့နေသော မိန်းကလေး (၃)ယောက်ကို တစ်ယောက်စီ ပွေ့ချီကာ ထိုတံခါးပေါက်ထဲသို့ ထည့်ထားလိုက်၏။

ထို့နောက် သူသည် မီးအိမ်ကို အပေါ်သို့ ပြန်တင်လိုကရာ "ဒီ...ဒီ...ဒီ..."ဟူသော အသံမြည်လာပြီးနောက် တံခါးပေါက်သည် ပြန်လည်၍ ပိတ်သွားလေတော့၏။

ချူလှူရှမ်းက ပြုံးလိုက်ပြီး အဝတ်ဗီရိုရှိရာသို့ လျှောက်လာ၏။

ပြီးမှ သူသည် အဝတ်ဗီရိုကို ဖွင့်ကြည့်လိုက်၏။

ဗီရိုထဲ၌ အဝတ်အစား အနည်းငယ်မျှသာ ရှိ၏။

ထို့အပြင် အဖိုးတန် ပစ္စည်းဟူ၍လည်း ဘာမျှ မယ်မယ်ရရ မတွေ့ရပါ။

ထိုစဉ် သူသည် အဝတ်ဗီရိုထဲတွင် ရှိမနေသင့်သော အရာကို တွေ့လိုက်ရ၏။

ထို့ကြောင့် ချူလှူရှမ်းသည် အံ့သြကာ မျက်မှောင်ကို ကုတ်လိုက်မိ၏။

အကြောင်းမှာ သူသည် ရေနန်းဒေဝီ၏ အဝတ်ဗီရိုထဲ၌ ယောကျ်ားဝတ်အင်္ကျီ အဝတ်အစားများကို တွေ့လိုက်ရခြင်းကြောင့် ဖြစ်သည် မဟုတ်ပါလား။

ရေနန်းဒေဝီ၏ ရေအောက်နန်းဆောင်၌ ယောကျ်ားဟူ၍ တစ်ယောက်မျှ မရှိပါ။

ထို့ကြောင့် ...

ရေအောက်နန်းတော်ကို မိန်းမလှကမ္ဘာဟု တချို့က တင်စားပြောခဲ့ကြ၏။

ထို့အပြင် ရေနန်းဒေဝီသည် ယောကျ်ားများကို အလွန်မုန်းတီးသူဖြစ်၏။

ဤသို့သာလျှင် ရေနန်းဒေဝီ၏ ဗီရိုထဲ၌ အဘယ်ကြောင့် ယောကျ်ားအဝတ်အစားများ ရှိနေရသနည်း။

ရေနန်းဒေဝီသည် ယောကျ်ားလော၊ မိန်းမလော၊

သို့တည်းမဟုတ် ရေအောက်နန်းတော်၌ ယောကျ်ားများကို ဖမ်းဆီး၍ ဝှက်ထားခြင်းလော ...

ချူလူချူရှမ်းသည် ဗီရိုထဲမှ ယောကျ်ားဝတ် အဝတ်အစားများကို ထုတ်ယူ၍ ကြည့်လိုက်၏။

အဝတ်အစားများကအဖိုးတန် အဝတ်အစားများ ဖြစ်၏။

ချူလူချူရှမ်းသည် အဝတ်အစားများကို ကိုင်ကြည့်ရင်း စဉ်းစားနေ၏။



ထိုအဝတ်အစားများသည် ရေနန်းဒေဝီထက် အနည်းငယ် ပို၍ ကြီးနေ၏။

ဤသို့ဆိုလျှင် ထိုအဝတ်အစားများသည် မည်သူ၏ အဝတ်အစားများ ဖြစ်မည်နည်း။

ထိုစဉ် ရေကန်လေးထဲ၌ ရေပူပေါင်းများ ပလုံစီ၍ ပေါ်လာ၏။

ချူလူချူရှမ်းသည် ရေကန်ကလေးထဲမှ ရေများလှုပ်ရှားသွားပြီး ရေပူပေါင်းများ ပလုံစီ၍ ရေမျက်နှာပြင်ပေါ်၌ ဖြစ်ပေါ်လာသည်ကို တွေ့လိုက်သည်နှင့် မျက်လုံးပြူးသွား၏။

အကြောင်းမှာ ရေနန်းဒေဝီ ပြန်လာပြီဖြစ်ကြောင်း ချူလူချူရှမ်းက သိလိုက်သောကြောင့်ဖြစ်၏။

ထို့ကြောင့် ...

သူသည် ပုန်းအောင်းရန် နေရာကို ရှာဖွေလိုက်၏။

သို့သော် ထိုအခန်းထဲ၌ ဗီရိုတစ်လုံးမှလွဲ၍ ပုန်းအောင်းရန် နေရာမရှိပါ။

ထို့ကြောင့် ချူလူချူရှမ်းသည် နံရံပေါ်မှ မီးအိမ်ကိုအောက်သို့ ဆွဲချပြီး လျှို့ဝှက်တံခါးမှ ထွက်သွားရန် စိတ်ကူးလိုက်၏။

သို့သော် ချူလူချူရှမ်းအတွက် အချိန်မရှိတော့ပါ။

အကြောင်းမှာ ရေကန်ထဲမှရေများက ပို၍လှုပ်ရှားလာပြီး ရေပူပေါင်းများကလည်း ပို၍ပလုံစီလာ၏။

ထို့ကြောင့် ချူလ္လာရှမ်းသည် ဆုံးဖြတ်ချက်တစ်ခုကို ချမှတ်
လိုက်ပြီး ဗီရိုထဲသို့ ဝင်ရောက် ပုန်းအောင်းလိုက်လေတော့၏။

ချူလ္လာရှမ်းသည် ဗီရိုထဲသို့ ဝင်ရောက်ပြီး ဗီရိုတံခါးကို ပိတ်
လိုက်ချိန်တွင် ရေကန်ထဲမှ လူတစ်ယောက် တက်လာသည်ကို ချူလ္လာ
ရှမ်းက တံခါးကြားမှ မြင်တွေ့လိုက်ရလေတော့သည် မဟုတ်ပါလား။

❋ ❋ ❋

ယခု ဗီရိုထဲ၌ ချူလ္လာရှမ်းရှိနေ၏။

ဗီရိုက သံမဏိဖြင့် ပြုလုပ်ထားသော ဗီရိုဖြစ်၏။

ထို့ကြောင့် ...

ဗီရိုတံခါးကို ပိတ်လိုက်သောအခါ လေလုံသွားပြီး အသက်ရှူ
မွန်းကျပ်လာလိမ့်မည်ဖြစ်၏။

သို့သော် ချူလ္လာရှမ်းသည် အလွန်ကံကောင်းသူ ဖြစ်၏။

အကြောင်းမှာ သံမဏိ၌ လေဝင်နိုင်စေရန် အပေါက်ကလေး
များဖောက်ထားသောကြောင့် ဖြစ်၏။

ချူလ္လာရှမ်းသည် လေဝင်နိုင်ရန် ဖောက်ထားသော အပေါက်
ကလေးများကိုကြည့်ရင်း မျက်မှောင်ကြုတ်သွား၏။

တစ်ဆက်တည်းမှာပင် မိမိသည် ရေနန်းဒေဝီ၏ သံမဏိဗီရို
ထဲသို့ ပထမဆုံး ဝင်ရောက်ခဲ့သူ မဟုတ်ကြောင်းကို သဘောပေါက်
လာ၏။



တချို့က ထိုသံမဏိဗီရိုထဲ၌ လူတစ်ယောက် ပုန်းအောင်း
ခဲ့ဖူးလိမ့်မည်ဖြစ်၏။

ထိုအပေါက်ကလေးများမှာ ဗီရိုထဲ၌ ပုန်းအောင်းနေသူကို
အသက်ရှူမွန်းကျပ်မှုမရှိစေရန် ပြုလုပ်ထားခြင်းဖြစ်၏။

ဤသို့ဆိုလျှင် ထိုလူသည် မည်သူနည်း။

သံမဏိဗီရိုကို လေဝင်ပေါက်ကလေးများဖြစ်ရန် မည်သူက
ဖောက်ပေးထားသနည်း။

ချူလ္လာရှမ်းသည် ထိုသို့စဉ်းစားနေစဉ်မှာပင် ရေကန်ထဲမှ
ရေနန်းဒေဝီတက်လာပြီး အခန်းကို တစ်ချက်ဝေ့ကြည့်လိုက်၏။

ထို့နောက် သူမသည် ခုတင်ပေါ်၌ ထိုင်ချလိုက်၏။

ချူလ္လာရှမ်းသည် လေဝင်ရန် ပြုလုပ်ထားသော အပေါက်
ကလေးမှ အပြင်သို့ ချောင်းကြည့်လိုက်၏။

ထိုသို့ချောင်းကြည့်လိုက်သောအချိန်၌ ရေနန်းဒေဝီက ဗီရိုကို
လှမ်းကြည့်နေသည်ကို တွေ့လိုက်ရ၏။

ထို့ကြောင့် ချူလ္လာရှမ်း၏ ရင်ထဲ၌ ထိတ်လန့်တုန်လှုပ်သွား
၏။

တစ်ဆက်တည်းမှာပင် ရေနန်းဒေဝီသည် ဤနေရာ၌ အဆောင့်
အကြပ်ထားခဲ့သော မိန်းကလေးများကို မတွေ့သဖြင့် လိုက်ရှာပါက
ဗီရိုထဲ၌ မိမိပုန်းအောင်းနေသည်ကို ရှာတွေ့သွားနိုင်သည်ဟု ချူလ္လာ
ရှမ်းက တွေးမိလိုက်၏။

အကယ်၍သာ ရေနန်းဒေဝီက မိမိကို ဤနေရာ၌ တွေ့သွားမည်ဆိုလျှင် ...

ချူလျူရှမ်းသည် ဆက်၍ မတွေးတော့ပါ။

ဆက်၍ တွေးရန်လည်း မလိုအပ်တော့ပါ။

အကြောင်းမှာ ရေနန်းဒေဝီသည် အစောင့်ထားခဲ့သော မိန်းကလေးများကို မတွေ့လိုက်ရခြင်းကြောင့် ဖြစ်၏။

ရေနန်းဒေဝီသည် ခုတင်ပေါ်၌ ထိုင်ပြီး ဗီရိုကို တစ်ချက်လှမ်းကြည့်၏။

ထို့နောက် စိတ်ပျက်လက်ပျက်ဟန်ဖြင့် ခုတင်ပေါ်သို့ လှဲအိပ်လိုက်ပြီး လက်တစ်ဖက်ကို နဖူးပေါ်တင်ကာ မျက်နှာကျက်ကိုငေး၍ ကြည့်နေ၏။

သူမ၏ မျက်နှာပေါ်၌ ဝမ်းနည်းကြေကွဲခြင်း၊ စိတ်ရှုပ်ထွေးနေခြင်း စသည်တို့ ရောယှက်၍ ဖြစ်ပေါ်နေ၏။

ရေနန်းဒေဝီက ခုတင်ပေါ်သို့ လှဲအိပ်လိုက်သောအခါမှ ချူလျူရှမ်းသည် ပင့်သက်တစ်ချက်ကို ဖြည်းညှင်းစွာ ချလိုက်၏။

ရင်ထဲမှ အလုံးကြီးကျသွားဟန်ဖြင့် အနည်းငယ်စိတ်သက်သာရာ ရသွား၏။

လောလောဆယ်၌ မိမိပုန်းအောင်းနေသည်ကို ရေနန်းဒေဝီက မသိသေးသဖြင့် ယခုကဲ့သို့ စိတ်သက်သာ သွားခဲ့ခြင်းဖြစ်၏။

သို့သော် ဝမ်းမသာနိုင်သေးပါ။



မည်သည့်အချိန်၌ ရေနန်းဒေဝီသည် ဤဗီရိုတံခါးကို လာ၍ ဖွင့်မည်ကို ရင်တထိတ်ထိတ်ဖြင့် စောင့်မျှော်နေရဦးမည် မဟုတ်ပါလား။

ထိုစဉ် ချူလျူရှမ်းသည် ဝူးထိဝါးတို့ကို သတိရလာ၏။

ရေနန်းဒေဝီသည် ဝူးထိဝါးတို့နှင့် ယှဉ်ပြိုင်၍ ရေမျက်နှာပြင်ပေါ်သို့ တက်သွားခဲ့၏။

ယခု ရေနန်းဒေဝီက ပြန်လည်ရောက်ရှိလာပြီ ဖြစ်၏။

ရေနန်းဒေဝီ ပြန်လည်ရောက်ရှိလာခြင်းကိုထောက်၍ ဝူးထိဝါးတို့၏ အခြေအနေမှာ မတွေးဝံ့လောက်အောင် ဆိုးရွားနေလိမ့်မည် ဖြစ်၏။

ထို့ကြောင့် ချူလျူရှမ်းသည် ဝူးထိဝါးတို့အတွက် စိတ်မကောင်း ဖြစ်မိ၏။

တစ်ဆက်တည်းမှာပင် မိမိကိုယ်မိမိလည်း စိတ်မကောင်းဖြစ်မိ၏။

မိမိ၏အခြေအနေမှာ ဗီရိုထဲ၌ ပုန်းအောင်းနေရ၏။

အပြင်လည်း ထွက်၍မရ၊ ဤအတိုင်း ဆက်၍နေလျှင်လည်း အနေးနှင့်အမြန် မိမိကို တွေ့ရှိသွားမည်ဖြစ်၏။

သို့သော် ချူလျူရှမ်းသည် အလွန်ကံကောင်းသူဖြစ်၏။

ယခု တစ်ကြိမ်၌ သူသည် ကံကောင်းနိုင်ပါဦးမည်လော။

❋ ❋ ❋

ပတ်ဝန်းကျင် တစ်ခုလုံးသည် တိတ်ဆိတ်ငြိမ်သက်နေ၏။

တိတ်ဆိတ်ငြိမ်သက်ခြင်းကပင် စိတ်ချောက်ချားဖွယ် ဖြစ်နေ၏။

ချူလှူချူရှမ်းသည် လေဝင်ရန်ဖောက်ထားသော အပေါက်မှ အပြင်သို့ ချောင်းကြည့်နေ၏။

ရေနန်းဒေဝီသည် ခုတင်ပေါ်၌ လှဲနေ၏။

သူမ၏ မျက်လုံးများက မျက်နှာကျက်ကို အဓိပ္ပာယ်ကင်းမဲ့စွာဖြင့် ငေးကြည့်နေ၏။

အချိန်မည်မျှ ကြာသွားသည်မသိပါ။ ခြေသံပေါ်ထွက်လာပြီး အခန်းထဲသို့ ရေနန်းယဉ် ဝင်ရောက်လာသည်ကို ချူလှူချူရှမ်းက တွေ့လိုက်ရ၏။

သို့သော် ကုန်းနန်းယဉ်သည် မည်သည့် တံခါးပေါက်မှ ဝင်လာသည်ကို ချူလှူချူရှမ်းက မတွေ့လိုက်ရပါ၊

အကြောင်းမှာ လေဝင်ရန် ပြုလုပ်ထားသော အပေါက်မှ ချောင်းကြည့်နေခြင်းဖြစ်၍ အခန်းတစ်ခုလုံးကို ခြုံငုံ၍ ကောင်းစွာ မမြင်ရသောကြောင့်ဖြစ်၏။

ကုန်းနန်းယဉ်သည် အခန်းထဲသို့ ဝင်ရောက်လာပြီး ရေနန်းဒေဝီ၏ နံဘေး၌ ခေါင်းချလိုက်၏။

ကုန်းနန်းယဉ်၏ အပြုအမူကြောင့် ချူလှူချူရှမ်းသည် မျက်မှောင်ကုတ်သွား၏။



သိုင်းလောက၌ ဂိုဏ်းဂဏများစွာရှိ၏။

မည်သည့်ဂိုဏ်းမဆို တပည့်က ဆရာကို ဦးညွှတ်၍ အရိုအသေပြုရ၏။

ထို့ကြောင့် ကုန်းနန်းယဉ်သည် အခန်းထဲသို့ ရောက်သည်နှင့် ပထမဆုံး ရေနန်းဒေဝီကို ဦးညွှတ်၍ ဂါရဝပြုရမည်ဖြစ်၏။

ရေနန်းဒေဝီ၏ ရေအောက်နန်းတော်သည် အလွန်စည်းကမ်းကြီးသည်ဟု သိုင်းလောကသားတိုင်းက သိထားကြ၏။

ယခု ကုန်းနန်းယဉ်က အခန်းထဲသို့ ဝင်လာပြီး ရေနန်းဒေဝီကို ဦးညွှတ်ဂါရဝပြုခြင်း မရှိပါ။

ထို့ကြောင့် ချူလှူချူရှမ်းသည် မျက်မှောင်ကုတ်လိုက်ခြင်း ဖြစ်၏။

ကုန်းနန်းယဉ်က ရေနန်းဒေဝီကို ဦးညွှတ်ဂါရဝပြုခြင်း မရှိဘဲ ရေနန်းဒေဝီလှဲ၍ အိပ်နေသော ခုတင်ရှိရာသို့ တန်းတန်းမတ်မတ် လျှောက်လာခဲ့၏။

ထို့နောက် သူသည် ရေနန်းဒေဝီ၏ နံဘေး၌ တင်ပျဉ်လွှဲ ဝင်ထိုင်လိုက်၏။

ရေနန်းဒေဝီက ဘာမျှမပြောပါ။

သူမသည် မျက်နှာကျက်ကို ငေး၍ကြည့်နေ၏။

အတန်ကြာမှ သက်ပြင်းခပ်သဲ့သဲ့ တစ်ချက်ချလိုက်ပြီး

"ဟိုက(၃)ယောက်ကို ဘယ်လို လုပ်ထားသလဲ"

ဟု မေးလိုက်၏။

သူမ၏ အသံက အနိမ့်အမြင့် အတက်အကျမရှိပါ။ အေးစက်စက် ဖြစ်နေ၏။

ကုန်းနန်းယဉ်က ပြုံးလိုက်ပြီး ...

"ချုပ်ထားလိုက်တယ်၊ သတိရလာမှ သူတို့ကို အမှတ်(၃)က စစ်ဆေးလိမ့်မယ်"

ဟု ပြောလိုက်၏။

ထိုစကားကြောင့် ချူလျှုံရှမ်းသည် ဂူးထိဝါးတို့အတွက် အနည်ငယ် စိတ်အေးသွား၏။

အကြောင်းမှာ ကုန်းနန်းယဉ်၏ စကားအရ ဂူးထိဝါးတို့ မသေ သေးကြောင်းကို သိလိုက်ရသည် မဟုတ်ပါလား။

ကုန်းနန်းယဉ်က ...

"အမှတ်(၉)ကတော့ ဂူးထိဝါးတို့ကို အမှတ်(၃)ရဲ့ လက်ထဲ မအပ်သင့်ဘူးလားလို့ ပြောတယ်"

ရေနန်းဒေဝီက မျက်မှောင် မသိမသာကြုတ်ကာ ...

"ဘာဖြစ်လို့လဲ"

ကုန်းနန်းယဉ်က ...

"အမှတ်(၃)က စိတ်မချရဘူးလို့ ပြောတယ်"

ရေနန်းဒေဝီက ...

"ဘာဖြစ်လို့ စိတ်မချရတာလဲ"

ကုန်းနန်းယဉ်က ...



"အမှတ်(၃) တာဝန်ကျတဲ့ သီလရှင်ကျောင်းထဲကို လူစိမ်း တစ်ယောက်ဝင်သွားတာကို အမှတ်(၉)က တွေ့လိုက်ပါတယ်၊ ဒါပေ မယ့် အမှတ်(၃)ကို မေးကြည့်တော့ လူစိမ်းမဝင်လာဘူးလို့ ပြောပါ တယ်"

ရေနန်းဒေဝီက မျက်မှောင်ကုတ်ကာ ...

"အမှတ်(၃)က လိမ်ပြောတာလို့ ပြောချင်တာလား"

ကုန်းနန်းယဉ်က ...

"အမှတ်(၉)က အဲဒီလိုတော့ မပြောပါဘူး၊ ဒါပေမယ့် ဂူးထိ ဝါးတို့ ပြောတဲ့စကားနဲ့ ဆက်စပ်ပြီး စဉ်းစားကြည့်တော့ သီလရှင် ကျောင်းဘက်ကို လူစိမ်းတစ်ယောက် ဝင်လာတာ ဖြစ်နိုင်ပါတယ်"

ရေနန်းဒေဝီက ...

"ဘာဖြစ်လို့လဲ"

ကုန်းနန်းယဉ်က ...

"ဂူးထိဝါးတို့ဟာ သူတို့ရဲ့မိတ်ဆွေကို လာရှာတာလို့ ပြောပါ တယ်၊ ဒါကြောင့် ဂူးထိဝါးတို့အပြင် ဒီအထဲမှာ လူစိမ်းတစ်ယောက် ရှိနေလိမ့်မယ်လို့ ကျွန်မထင်တယ်"

ရေနန်းဒေဝီက သက်ပြင်းချလိုက်ပြီး ...

"ငါတို့ ရေအောက်နန်းတော်ကို ဝင်လာနိုင်တဲ့ လူ ဘယ်သူ ရှိမလဲ"

ဟု မေးလိုက်၏။

ကုန်းနန်းယဉ်က ပခုံးတွန့်ကာ ...

"ကျွန်မတော့ မစဉ်းစားတတ်ဘူးလား"

ရေနန်းဒေဝီက ခုတင်ပေါ်၌ ထ,ထိုင်လိုက်ပြီး ကုန်းနန်းယဉ်ကို တစ်ချက်ကြည့်လိုက်၏။

ပြီးမှ ...

"ညည်း ...လုဝါးကို သိလား"

ဟု မေးလိုက်၏။

ကုန်းနန်းယဉ်က ဦးခေါင်းခါယမ်းကာ ...

"ကျွန်မ ဘယ်လိုလုပ်သိမှာလဲ"

ရေနန်းဒေဝီက သက်ပြင်းချလိုက်ပြီး ...

"ဒါပေမယ့် သူက မင်းကို သိနေသလိုပဲ"

ရေနန်းဒေဝီ၏စကားကြောင့် ကုန်းနန်းယဉ်သည် အံ့သြဟန်ဖြင့် မျက်ခုံးပင့်တင်လိုက်ပြီး ...

"ဟုတ်လား ..."

ဟု အံ့သြဟန်ဖြင့် ပြောလိုက်၏။

ရေနန်းဒေဝီက သက်ပြင်းချကာ ...

"လုဝါးဟာ သူ့ရဲ့အရင်းနှီးဆုံး မိတ်ဆွေဆိုတာ ညည်းသိတယ် မဟုတ်လား"

ဟု မေးလိုက်၏။

ကုန်းနန်းယဉ်က မဲ့ပြုံးပြုံးလိုက်ပြီး ...



"ကျွန်မ ဘယ်သိပါ့မလဲ၊ သူက ကျွန်မရဲ့ ချစ်သူမှ မဟုတ်တာ သူ့ရဲ့အရင်းနှီးဆုံး မိတ်ဆွေကို ကျွန်မက ဘယ်လိုလုပ်သိမှာလဲ"

ကုန်းနန်းယဉ်၏ စကားအဆုံး၌ ရေနန်းဒေဝီသည် ရုတ်တရက် လက်ကို လှမ်းရှားလိုက်၏။

သူမသည် ကုန်းနန်းယဉ်၏ ဆံပင်ကို ဆောင့်ဆွဲလိုက်ပြီး ...

"ညည်း ငါ့ကို မှန်မှန်ပြောစမ်း၊ ညည်း ငါ့ကို ဘာလျှို့ဝှက်ထားလဲ"

ဟု မေးလိုက်၏။

ကုန်းနန်းယဉ်က ပါးစပ်ပိတ်ထား၏။

သူမသည် အံကိုကြိတ်ထား၏။

ရေနန်းဒေဝီက ...

"ကုန်းနန်းယဉ် ငါ့ကိုမှန်မှန်ပြောစမ်း၊ မနေ့ညက ညည်းသူ့ကိုတွေ့ခဲ့တယ် မဟုတ်လား"

ဟု မေးလိုက်၏။

ရေနန်းဒေဝီက ကုန်းနန်းယဉ်ကို စူးစိုက်ကြည့်ကာ ...

"အခု သူဘယ်မှာလဲ"

ဟု မေးလိုက်၏။

ကုန်းနန်းယဉ်က ...

"မပြောဘူး"

ဟု ပြောလိုက်၏။

ရေနန်းဒေဝီက မျက်မှောင်ကုတ်ကာ ...

"ဘာဖြစ်လို့လဲ"

ကုန်းနန်းယဉ်က ...

"သူက ရှင့်ကိုပစ်ပြီး ထွက်ပြေးသွားတာ မဟုတ်လား၊ ဘာဖြစ်လို့ ရှင်က သူ့ကို မမုန်းရတာလဲ၊ အခုအထိ ဘာဖြစ်လို့ သူ့ကိုသတိရနေရတာလဲ"

ကုန်းနန်းယဉ်၏ စကားကြောင့် ရေနန်းဒေဝီသည် တွေဝေ၍သွားပြီး ...

"တိတ်စမ်း ...ပါးစပ်ပိတ်ထား"

ဟု အော်ငေါက်လိုက်၏။

ကုန်းနန်းယဉ်က ...

"ပါးစပ်ပိတ်နိုင်ဘူး၊ ပြောကိုပြောရမယ် ရှင်က သူ့ကို အခုထိချစ်နေတုန်းပဲ မဟုတ်လား"

ကုန်းနန်းယဉ်၏ စကားအဆုံး၌ ရေနန်းဒေဝီက ...

"ကဲ ...ပြောဦး"

ဟု ပြောကာ ကုန်းနန်းယဉ်၏ ပါးကို ရိုက်ချလိုက်၏။

"ဖြန်း ..."

ကုန်းနန်းယဉ်သည် မျက်ရည်များ ရစ်ဝဲလာပြီး ...

"ရိုက်ပါ ... ကျွန်မကို သေအောင်ရိုက်ပါ၊ ကျွန်မက ဟုတ်တာပြောလို့ ရှင်က မခံနိုင်တော့ဘူး မဟုတ်လား"



ရေနန်းဒေဝီက ဘာမျှမပြောတော့ပါ။

မျက်ရည်များသည် သူမ၏ မျက်လုံးအိမ်ထဲမှ စီးကျလာလေတော့၏။

❋ ❋ ❋

ချူလှူရှမ်းသည် မျက်လုံးပြူးသွား၏။

ပါးစပ် ဟ,သွား၏။

ရေနန်းဒေဝီနှင့် ကုန်းနန်းယဉ်တို့၏ အချီအချ စကားများကို ကြားရသောအခါ အံ့လည်း အံ့ဩသွား၏။

သူသည် သက်ပြင်းတစ်ချက်ကို မသိမသာ ချလိုက်၏။

သိုင်းလောက၌ လျှမ်းလျှမ်းတောက် ကျော်ကြားနေသော ရေနန်းဒေဝီသည် သာမန်လူတစ်ယောက်ကဲ့သို့ အသည်းနှလုံးရှိနေသည်ကို သိလိုက်ရသောကြောင့် ချူလှူရှမ်းသည် သက်ပြင်းချလိုက်မိခြင်းဖြစ်၏။

ရေနန်းဒေဝီနှင့် ကုန်းနန်းယဉ်တို့၏ စကားအရ ရေနန်းဒေဝီသည် တစ်စုံတစ်ယောက်နှင့် မေတ္တာမျှခဲ့သည်မှာ ထင်ရှားနေ၏။

သူမသည် ထိုလူ့အပေါ် ယခုတိုင် အချစ်မပြယ်သေးသည်မှာလည်း သေချာ၏။

ထိုလူက သူမကို ပစ်ခွာ၍သွားခဲ့သဖြင့် သူမသည် မည်မျှရင်နင့်အောင် ခံစားရမည်ကို တွေးကြည့်ရုံဖြင့် သိနိုင်၏။

ဤသို့ဆိုလျှင် ရေနန်းဒေဝီ၏ ချစ်သူသည် မည်သူနည်း။

ချူလျှူရှမ်းသည် ထိုသို့တွေးရင်း မိန်းကလေးတစ်ယောက်၏ မျက်နှာကို မြင်ယောင်လာ၏။

ထိုမိန်းကလေးမှာ မိန်းကလေး အစစ် မဟုတ်ပါ။

မိန်းကလေးတစ်ယောက်ကဲ့သို့ ရုပ်ဖျက်ထားသော မိန်းမလျာ သိုင်းသမားဖြစ်၏။

"ရေနန်းဒေဝီရဲ့ ချစ်သူဟာ မိန်းမလျာ သိုင်းသမားလား"

ဟု ချူလျှူရှမ်းသည် စိတ်ထဲမှ မေးလိုက်၏။

တစ်ဆက်တည်းမှာပင် မိန်းမလျာသိုင်းသမားနှင့် ကုန်းနန်းယဉ် တို့တွေ့စဉ်က ကုန်းနန်းယဉ်၏ မျက်လုံးထဲ၌ ထူးဆန်းသော အရိပ် အယောင် ဖြစ်ပေါ်နေသည်ကိုပါ ပြန်၍ သတိရလာ၏။

ထို့ကြောင့် သူသည် အဖြစ်အပျက်များကို ခြုံငုံ၍ ဆက်စပ် တွေးကြည့်လိုက်၏။

မိန်းမလျာ သိုင်းသမားသည်မိန်းကလေးကဲ့သို့ ရုပ်ဖျက်ပြီး ရေအောက်နန်းတော်သို့ ဝင်ရောက်လာခဲ့ခြင်း ဖြစ်မည်။

သူသည် ရေအောက်နန်းတော်သို့ ရောက်သောအခါ ရေနန်း ဒေဝီနှင့် နီးစပ်အောင် ချဉ်းကပ်လိမ့်မည်။

ထို့နောက် သူသည် ရေနန်းဒေဝီ၏ အချစ်ကို ရယူခဲ့ခြင်းဖြစ် မည်။

မိမိတွေးသည့်အတိုင်းမှန်လျှင် သေဆုံးသွားသော စုတုကျင်း



သည် မိန်းမလျာသိုင်းသမားနှင့် ရေနန်းဒေဝီတို့၏ သမီးဖြစ်ပေလိမ့် မည်ဟု ချူလျှူရှမ်းက တွေးလိုက်၏။

မိန်းမလျာ သိုင်းသမားက ဘုံကျောင်းသို့ လာခဲ့ခြင်းမှာ သမီး ဖြစ်သူ စုတုကျင်းနှင့် တွေ့ရန်ဖြစ်၏။

ရေနန်းဒေဝီကလည်း မိန်းမလျာသိုင်းသမားကို (၅)နှစ်တစ် ကြိမ် သမီးဖြစ်သူနှင့် တွေ့ခွင့်ပြုခဲ့၏။

ယခု စုတုကျင်း သေဆုံးပြီဟု သိရသောကြောင့် မိန်းမလျာ သိုင်းသမားသည် ရေအောက်နန်းတော်သို့ လိုက်လာခဲ့ခြင်း ဖြစ်၏။

ယခု သူသည် ဗီရိုထဲမှ လွတ်မြောက်အောင် စဉ်းစားရတော့ မည်ဖြစ်၏၊

ဗီရိုထဲမှ ထွက်ပြီးနောက် သူသည် ဝူးထိဝါးတို့ကို ကယ်တင် ရဦးမည် မဟုတ်ပါလား။

သို့သော် ဗီရိုထဲမှ ထွက်၍ရအောင် မည်သို့ကြံစည်ရမှန်း စဉ်း စား၍ မရသေးပါ။

ထို့ကြောင့် သူသည် စိတ်ပျက်စွာဖြင့် နှခေါင်းကို တစ်ချက် ပွတ်လိုက်လေတော့သည် မဟုတ်ပါလား။

❋ ❋ ❋

ရေနန်းဒေဝီသည် နှုတ်ခမ်းကိုတစ်ချက်ကိုက်လိုက်ပြီး မျက်ရည် ကို သုတ်လိုက်၏။

ပြီးမှ ကုန်းနန်းယဉ်ကို လက်ဝှေ့ယမ်းပြကာ ...

"ညည်းထွက်သွားတော့၊ ငါတစ်ယောက်တည်း အေးအေးဆေးဆေး နေချင်တယ်"

ဟု ပြောလိုက်၏။

ကုန်းနန်းယဉ်က ပခုံးတွန့်ကာ အခန်းထဲမှ ထွက်သွား၏။

အခန်းထဲမှ ကုန်းနန်းယဉ် ထွက်သွားပြီးနောက် အတန်ကြာအောင် ရေနန်းဒေဝီသည် ခုတင်ပေါ်၌ ထိုင်နေ၏။

အတန်ကြာမှ ရေနန်းဒေဝီသည် ခုတင်ပေါ်မှဆင်းကာ ဗီရိုရှိရာသို့ လျှောက်လာ၏။

ဗီရိုထဲမှ ချူလျှူရှမ်းသည် ရေနန်းဒေဝီက ဗီရိုရှိရာသို့ လျှောက်လာသည်ကို မြင်တွေ့လိုက်ရသောအခါ ရင်ထဲ၌ ထိတ်လန့်သွား၏။

အကယ်၍သာ ရေနန်းဒေဝီက ဗီရိုကို ဆွဲဖွင့်လိုက်လျှင် ...

ချူလျှူရှမ်းသည် ဆက်၍ မတွေးတော့ပါ၊

သူသည် ရေနန်းဒေဝီကို ရင်ဆိုင်ရန် အသင့်ပြင်ထား၏။

ရေနန်းဒေဝီသည် ဗီရိုရှေ့သို့ ရောက်သောအခါ ဗီရိုတံခါးကို ဆွဲ၍မဖွင့်ပါ။

သူမသည် ဗီရိုတံခါးကို အပြင်မှ သော့ခတ်လိုက်၏။

"ကျောက် ..."

ချူလျှူရှမ်းသည် မျက်လုံးပြူးကာ ထိတ်လန့်သွား၏။

"သွားပြီ"



ဟုလည်း စိတ်ထဲမှ ရေရွတ်လိုက်မိ၏။

တစ်ဆက်တည်းမှာပင် ရေနန်းဒေဝီသည် ဗီရိုထဲ၌ လူရှိနေသည်ကို သိသဖြင့် ယခုကဲ့သို့ အပြင်မှ ဗီရိုတံခါးကို သော့ခတ်လိုက်ခြင်းဖြစ်ကြောင်း ချူလျှူရှမ်းက သိလိုက်၏၊

ဗီရိုက သံမဏိဖြင့် ပြုလုပ်ထားသော ဗီရိုဖြစ်၏၊

ထို့ကြောင့် ချူလျှူရှမ်းသည် ထိုဗီရိုကို မည်သည့်နည်းနှင့်မျှ ထိုးဖောက်၍ ထွက်နိုင်မည် မဟုတ်ပါ။

ထိုစဉ် ရေနန်းဒေဝီ၏ အသံကထွက်ပေါ်လာ၏။

"ရှင် ကျိန်ခဲ့တယ် မဟုတ်လား၊ ရွှေအောက်နန်းတော်ကို ဘယ်တော့မှ ပြန်မလာတော့ပါဘူးလို့ ရှင်ကျိန်ခဲ့တယ် မဟုတ်လား၊ အခုဘာဖြစ်လို့ ပြန်လာရတာလဲ"

ရေနန်းဒေဝီ၏ အသံက တုန်နေ၏။

စိတ်ထိခိုက်ရာမှ ထွက်လာသော အသံမျိုးဖြစ်၏။

ချူလျှူရှမ်းသည် ရေနန်းဒေဝီ၏ စကားကိုကြားလိုက်သော အခါ ရေနန်းဒေဝီက ဗီရိုထဲမှ လူမှာ မိန်းမလျာသိုင်းသမားဟု ထင်မှတ်မှားနေခြင်း ဖြစ်ကြောင်း နားလည်လိုက်၏။

ဂူးထိဝါးတို့က လူကိုလာရှာသည်ဟု ပြောခဲ့၏။

ဂူးထိဝါးနှင့်အတူ လုဝါးပါလာ၏။

လုဝါးသည် မိန်းမလျာသိုင်းသမား၏ ရင်းနှီးသော မိတ်ဆွေ ဖြစ်၏။

ထို့ကြောင့် ရေအောက်နန်းတော်သို့ မိန်းမလျာသိုင်းသမား ဝင်ရောက်လာခြင်း ဖြစ်သည်ဟု ရေနန်းဒေဝီက ထင်မှတ်ထားခြင်း ဖြစ်၏။

ထို့အပြင် ဤနေရာသို့ ဝင်ရောက်နိုင်သူမှာ မိန်းမလျာသိုင်းသမားတစ်ယောက်တည်းသာ ရှိသည် မဟုတ်ပါလား။

ချူလျှူရှမ်းက ပါးစပ်ပိတ်ထား၏။

သူသည် မည်သို့တုန့်ပြန်ရမှန်း မသိသောကြောင့် ပါးစပ်ပိတ်ထားခြင်းဖြစ်၏။

ရေနန်းဒေဝီက သက်ပြင်းချကာ ...

"ကျွန်မက ဘာဖြစ်လို့ ကုန်းနန်းယဉ်ကို ထွက်သွားခိုင်းတာလဲဆိုတာ ရှင်သိလား"

ချူလျှူရှမ်းက စကားမပြောဘဲ သက်ပြင်းချလိုက်၏။

ရေနန်းဒေဝီက ...

"ရှင် သက်ပြင်းချစရာ မလိုဘူး၊ ကျွန်မကိုလည်း ချော့မော့ပြောဖို့လည်း မလိုဘူး၊ ရှင့်ကို ကျွန်မက ဘယ်တော့မှ ခွင့်လွှတ်မှာမဟုတ်ဘူး"

ချူလျှူရှမ်းသည် ပါးစပ်ကို ပိတ်ထား၏။

ရေနန်းဒေဝီက သက်ပြင်းချလိုက်ပြီး ...

"ရှင်က ကျွန်မကို သစ္စာဖောက်တော့ ကျွန်မကလည်း ရှင့်ကို သက်ညှာဖို့မလိုတော့ဘူးထင်တယ်"



ချူလျှူရှမ်းက သက်ပြင်းချလိုက်ပြီး လေသံတိုးတိုးဖြင့် ...

"မင်းက ကျုပ်ကို တကယ်သတ်တော့မှာလား"

ဟု မေးလိုက်၏၊

ချူလျှူရှမ်းသည် မိမိ၏အသံမှာ မိန်းမလျာသိုင်းသမားနှင့် တူလိမ့်မည် မဟုတ်ကြောင်း သိ၏။

သို့သော် လေသံတိုးတိုးဖြင့် ဗီရိုထဲမှ ပြောလိုက်ခြင်းဖြစ်သောကြောင့် ရေနန်းဒေဝီသည် ချူလျှူရှမ်း၏ အသံကို သတိမထားမိပါ၊

သူမသည် ဝမ်းနည်းကြေကွဲခြင်း၊ နာကျင်ခြင်း၊ ခံပြင်းခြင်းစသော ခံစားချက်များ ရောယှက်ဖြစ်ပေါ်နေသောကြောင့် ဗီရိုထဲမှ အသံကို သတိမထားမိခြင်း ဖြစ်၏။

"ရှင်က ကျွန်မကို သစ္စာဖောက်ခဲ့တာလေ"

ချူလျှူရှမ်းက ...

"ဘာပဲဖြစ်ဖြစ် မင်းကိုတော့ နောက်ဆုံးအကြိမ်အဖြစ် တွေ့ချင်သေးတယ်"

ချူလျှူရှမ်း၏ စကားကြောင့် ရေနန်းဒေဝီသည် အတန်ကြာအောင် တွေဝေသွား၏။

ပြီးမှ ...

"ရှင်က ကျွန်မကို ဘာဖြစ်လို့ တွေ့ချင်ရတာလဲ"

ချူလျှူရှမ်းက ...

"ကျူပ် ..."

ချူလျှူရှမ်း၏ စကား မစမီမှာပင် ရေနန်းဒေဝီက ...

"တော် ...ရှင် ဘာမှ မပြောနဲ့၊ ကျွန်မ မကြားချင်ဘူး၊ ရှင်ပြော တာကိုလဲ ကျွန်မ မယုံတော့ဘူး"

ချူလျှူရှမ်းက ...

"ဘာလဲ မင်းက ငါ့ကိုတွေ့ပြီး သံယောဇဉ်တွယ်နေမှာ စိုးလို့ လား"

ရေနန်းဒေဝီသည် ဦးခေါင်း ခါယမ်းရာ ...

"ရှင် ...ရှင်ဘာပြောပြော၊ ကျွန်မ မကြားချင်ဘူး၊ ရှင်ဘယ်လို ပဲပြောပြော ရှင့်ကို မတွေ့ချင်ဘူး"

ချူလျှူရှမ်းက သက်ပြင်းချကာ ...

"ထားပါတော့ ...သမီးကို ဘယ်လိုကြောင့် သေသွားတယ်ဆို တာတော့ မင်းက ကျူပ်ကို ပြောပြသင့်ပါတယ်"

ရေနန်းဒေဝီထံမှ စကားသံ တိတ်သွား၏။

အတန်ကြာမှ သက်ပြင်းချသံနှင့်အတူ ...

"သမီးဟာ ကျွန်မကို အမေမှန်း သိမသွားခဲ့ပါဘူး"

ချူလျှူရှမ်းက ...

"မင်းကို လူတိုင်းက ခြောက်ပစ်ကင်း သဲလဲစင် အပျိုစင်ဆို ပြီး သိထားကြတာပဲ၊ မင်းက သူ့ကို မင်းဟာ သူ့ရဲ့အမေပါလို့ ဘယ်လို ပြောမလဲ၊ မင်းက သူ့ရဲ့အဖေသေပြီလို့ပဲ ပြောမှာပေါ့"



ရေနန်းဒေဝီက သက်ပြင်းချကာ ...

"ဟုတ်တယ်၊ ကျွန်မ အဲဒီလိုပဲ ပြောခဲ့တယ်"

ဟု ပြောလိုက်၏။

ပြီးမှ သူမက စကားကိုဆက်၍ ပြောလိုက်၏။

"ကျွန်မက အဲဒီလိုပြောတာကို သူက ဘယ်လို သဘောပေါက် သွားလဲမသိဘူး၊ သူ့အမေကို ကျွန်မက သတ်လိုက်တာလို့ အထင် လွဲနေတယ်"

ချူလျှူရှမ်းက ...

"မင်းက ရှင်းမပြဘူးလား"

ရေနန်းဒေဝီက ...

"ကျွန်မ ဘယ်လိုရှင်းပြရမှာလဲ၊ ကျွန်မက ရှင်းမပြနိုင်လေ၊ သူ့အမေကို ကျွန်မက သတ်ပါတယ်ဆိုပြီး သူကစွပ်စွဲလေပဲ"

ချူလျှူရှမ်းက သက်ပြင်းချကာ ...

"နောက် ဘာဖြစ်လဲ"

ရေနန်းဒေဝီက ...

"သူက ကျွန်မကို လက်စားချေဖို့ အမြဲတမ်းကြိုးစားနေတယ်"

ချူလျှူရှမ်းက ...

"အင်း ... သမီးလေးက သနားစရာပဲ"

ရေနန်းဒေဝီက ...

"ကျွန်မရဲ့အဖြစ်က ပိုပြီးဆိုးတယ်၊ သမီးကို သမီးလို့မခေါ်

နိုင်ခဲ့ဘူး၊ ကျွန်မဟာ သူ့ရဲ့အမေပါလို့ ရင်းမပြနိုင်ခဲ့ဘူး၊ ကျွန်မ ဘယ်လောက်စိတ်ဒုက္ခရောက်နေမလဲဆိုတာ ရင်တွေးကြည့်ပါလား"

ဟု ပြောလိုက်၏။

သူမ၏ အသံက တုန်ရီနေပြီး ရှိုက်သံခပ်သဲ့သဲ့ပင် ရောယှက်နေ၏။

ချူလွှာရှမ်းက ဘာမျှပြန်မပြောတော့ပါ။

ရေနန်းဒေဝီ၏ အဖြစ်သည် အလွန်ပင် သနားဖွယ်ကောင်းနေသည် မဟုတ်ပါလား။

❋ ❋ ❋

ပတ်ဝန်းကျင်သည် တိတ်ဆိတ်သွားပြန်၏။

အတန်ကြာမှ ရေနန်းဒေဝီထံမှ သက်ပြင်းချသံ ထွက်ပေါ်လာ၏။

ပြီးမှ ...

"ကျွန်မ စိတ်သောက ရောက်နေတာကို မခံစားနိုင်တော့ဘူး ဒါကြောင့် စိတ်သက်သာရာရအောင် တရားဟောဆရာ ဝူးထိဝါးကို ပင့်ဖိတ်ပြီး တရားနာခဲ့တယ်၊ အဲဒါ ကျွန်မရဲ့အမှားပဲ"

ချူလွှာရှမ်းက ...

"ဘာဖြစ်လို့လဲ"

ရေနန်းဒေဝီက ...



"သမီးလေးကို အခွင့်အရေးတစ်ခု ပေးလိုက်သလို ဖြစ်သွားတယ်"

ချူလွှာရှမ်းက ...

"ဘယ်လို အခွင့်အရေးမျိုးလဲ"

ရေနန်းဒေဝီက ...

"သမီးက ဝူးထိဝါးကို ချဉ်းကပ်ပြီး ရောင်လင်ဂိုဏ်းနဲ့ပူးပေါင်းပြီး ကျွန်မကို ကလဲ့စားချေဖို့ကြိုးစားတယ်"

ရေနန်းဒေဝီ၏ စကားကို ကြားရသောအခါ ဝူးထိဝါးကို စုတုကျင်းက ဘာကြောင့်ချဉ်းကပ်၍ အကူအညီပေးရသည်ကို နားလည် လာတော့၏။

ရေနန်းဒေဝီက သက်ပြင်းချရင်း ...

"သမီးက ဝူးထိဝါးကို ချဉ်းကပ်သလို ဝူးထိဝါးကလည်း သမီးလေးကို ပြန်ပြီးချဉ်းကပ်ခဲ့တယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဝူးထိဝါးက ကျွန်မဆီက နတ်ဆေးရည်ကို လိုချင်နေတာကို"

ချူလွှာရှမ်းက ...

"သြော် ..."

ရေနန်းဒေဝီက ...

"သမီးက ဝူးထိဝါးလိုချင်တဲ့ နတ်ဆေးရည်ကို ခိုးယူပြီး ဝူးထိဝါးကို ပေးလိုက်တယ်၊ ဝူးထိဝါးက သူလိုချင်တာလဲရရော သမီးကို ပစ်သွားတော့တာပဲ"

ထိုစကားကြောင့် ချူလျှူရှမ်းရင်ထဲ၌ စိတ်မကောင်း ဖြစ်သွား၏။

ချူလျှူရှမ်းက ...

"အဲဒီအချိန်မှာ ကျွန်မက ဘယ်လောက်စိတ်သောက ဖြစ်နေတယ်ဆိုတာ ရှင်က ဘာဖြစ်လို့ ထည့်မစဉ်းစားရတာလဲ"

ချူလျှူရှမ်းက သက်ပြင်းချကာ ...

"ထားပါတော့ နောက် ဘာဆက်ဖြစ်လဲ"

ရေနန်းဒေဝီက ...

"သမီးက သူ့သစ္စာဖောက်တာကို ကျွန်မက သိသွားပြီ၊ အပြစ်ပေးမှာကိုကြောက်လို့ သူ့ကိုယ်သူ အဆုံးစီရင်သွားတယ်"

ရေနန်းဒေဝီသည် ပြောရင်း အသံများတိမ်ဝင်သွား၏။

ချူလျှူရှမ်းက ...

"မင်းက သူ့ကိုအပြစ်မပေးဘူးလို့ ဆုံးဖြတ်ထားလို့လား"

ရေနန်းဒေဝီက ...

"သူက ကျွန်မရဲ့သမီးပါ၊ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်မကသူ့ကို အပြစ်မပေးပါဘူး၊ ဒါကို သူက သိမသွားဘူး၊ သူက ကျွန်မကို မုန်းနေတယ်၊ ဒါကြောင့် ကျွန်မက သူ့ကို ကျွန်မဟာ သူ့ရဲ့ အမေပါလို့ ဖွင့်ပြောဖို့ ကြိုးစားခဲ့ပေမယ့် တစ်ခါမှ မပြောဖြစ်ခဲ့ဘူး"

"ဒါဆို သူက သေသွားတဲ့အထိ မင်းကို သူ့ရဲ့အမေမှန်း သိမသွားခဲ့ဘူးပေါ့"



"ဟုတ်ပါတယ်၊ သူမဟာ သေသွားတဲ့အထိ ကျွန်မဟာ သူ့ရဲ့ အမေဆိုတာကို သိမသွားခဲ့ပါဘူး"

ချူလျှူရှမ်းက သက်ပြင်းချကာ ...

"ဒါဆို ရေအောက်နန်းတော်ရဲ့ နတ်ဆေးရည်ကို ခိုးသွားတာ ဝူးဝါးမှန်း မင်းကသိတယ်ပေါ့"

ရေနန်းဒေဝီက ...

"အင်း ...ကျွန်မက အစောကြီးကတည်းက သိတယ်"

ချူလျှူရှမ်းက မျက်မှောင်ကုတ်ကာ ...

"ဒါဖြင့် မင်းကဘာဖြစ်လို့ မင်းရဲ့နတ်ဆေးရည်ကို ချူလျှူရှမ်းက ခိုးသွားတယ်လို့ စွပ်စွဲရတာလဲ"

ရေနန်းဒေဝီက ...

"နတ်ဆေးရည်က အခိုးခံလိုက်ရပြီ၊ ဒီတော့ တစ်ယောက်ယောက်အပေါ် အပြစ်ပုံချမှ ဖြစ်တော့မှာပါ"

ချူလျှူရှမ်းက ...

"ဝူးဝါးခိုးသွားတာကို သိလျက်နဲ့ ဘာဖြစ်လို့ ချူလျှူရှမ်းရဲ့ ခေါင်းပေါ် ပုံချရတာလဲ"

ရေနန်းဒေဝီက ...

"ဝူးဝါးခိုးသွားပါတယ်လို့ အမှန်အတိုင်းပြောလိုက်ရင် သမီးရဲ့ သိက္ခာလည်း ထိခိုက်မယ်၊ ရေအောက်နန်းတော်ရဲ့သိက္ခာလည်း ထိခိုက်မှာပေါ့"

ချူလွှာရှမ်းက ...

"ဒါဆိုလည်း တစ်ယောက်ယောက်အပေါ် အပြစ်ပုံချပေါ့၊ ဘာဖြစ်လို့ ချူလွှာရှမ်းကို ရွေးရတာလဲ"

ရေနန်းဒေဝီက ...

"ဟုတ်ပါတယ်၊ ဒါပေမယ့် သူကလွဲပြီး တစ်ခြားလူကို လက်ညှိုးထိုးရင် ဘယ်သူက ယုံပါ့မလဲ"

ချူလွှာရှမ်းက ...

"ကောင်းပါတယ်၊ မင်းတို့ ရေအောက်နန်းတော်ရဲ့ သိက္ခာကို ဆယ်ချင်တာနဲ့ ဘာမှအပြစ်မရှိတဲ့ လူကိုဒီလို လုပ်ရသလား"

ရေနန်းဒေဝီက ...

"ဒါကတော့ ကျွန်မတို့ရဲ့ သိက္ခာ မကျဖို့က အရေးကြီးတယ်လေ"

ချူလွှာရှမ်းက သက်ပြင်းချကာ ...

"ကောင်းပြီ ... တကယ်လို့ ချူလွှာရှမ်းက ဒီကိစ္စကို ဖြေရှင်းဖို့ လာရင် မင်းက ဘာလုပ်မလဲ"

ရေနန်းဒေဝီက ...

"ဘာလုပ်ရမလဲ၊ သူ့ကို သတ်ပစ်လိုက်မှာပေါ့"

ချူလွှာရှမ်းက ...

"သူက မလာရင်တောင် မင်းက နည်းလမ်းသုံးပြီး သူ့ကို သတ်ပစ်မှာပဲလား"



ရေနန်းဒေဝီက ...

"ဒါပေါ့ ... သူသေမှဖြစ်မှာ ဒါမှ ကျွန်မတို့ရဲ့ သိက္ခာမကျမှာ"

ချူလွှာရှမ်းက ပါးစပ် ပိတ်ထားလိုက်လေတော့၏။

❋ ❋ ❋

ဗီရိုထဲမှ ချူလွှာရှမ်းကလည်း တိတ်ဆိတ်နေ၏။

ဗီရိုအပြင်မှ ရေနန်းဒေဝီကလည်း တိတ်ဆိတ်နေ၏။

အတန်ကြာမှ ဗီရိုထဲမှ ချူလွှာရှမ်းက စကားကို စတင်၍ ပြောလိုက်၏။

"ဒါနဲ့ မေလင်းဟုန်ကို မှတ်မိလား"

ရေနန်းဒေဝီက ...

"ကျောက်တစ်လုံးမယ်တော်ရဲ့ တပည့်မဟုတ်လား"

ဟု ပြောလိုက်၏။

ပြီးမှ ရေနန်းဒေဝီသည် အံ့ဩသော လေသံဖြင့် ...

"နေပါဦး ရှင်က သူ့ကိုဘယ်လို လုပ်ပြီး သိတာလဲ"

ဟု မေးလိုက်၏။

ချူလွှာရှမ်းက ...

"ဘာလဲ ... မင်းက သဝန်တြောင်တာလား၊ ကျုပ်သူ့ကို သိလည်း မသိဘူး၊ တွေ့လည်း မတွေ့ဖူးဘူး၊ သူ့နာမည်ကိုပဲ ကြားဖူးခဲ့တာ"

ရေနန်းဒေဝီက သက်ပြင်းချလိုက်ပြီး ...

"ရှင်က ဘယ်လိုလုပ်ပြီး သူ့နာမည်ကို ကြားဖူးတာလဲ"

ချူလှူကျူရှမ်းက ...

"သူက အခုတစ်လော သိုင်းလောက တစ်ခုလုံး တုန်လှုပ်သွားတဲ့ ကိစ္စတစ်ခုကို လုပ်ခဲ့တယ်"

ရေနန်းဒေဝီက ...

"ဘယ်လို ကိစ္စမျိုးလဲ"

ချူလှူကျူရှမ်းက ...

"မင်းဆီက အဆိပ်ဖြေဆေးကို လိုချင်လို့ သူကချူလှူကျူရှမ်းကို သတ်လိုက်တယ်"

ချူလှူမြမ်း၏ စကားကြောင့် ဇီရိအပြင်ဘက်မှ ရေနန်းဒေဝီ၏ အသံက တိတ်ဆိတ်သွား၏။

အတန်ကြာမှ ရေနန်းဒေဝီက ...

"အဆိပ်ဖြေဆေး ဟုတ်လား၊ ဘာအဆိပ်ဖြေဆေးလဲ"

ချူလှူကျူရှမ်းက ...

"မင်းရဲ့ အဆိပ်ဖြေဆေးလေ၊ မင်းက ဘာဖြစ်လို့ မသိတာလဲ"

ရေနန်းဒေဝီက ...

"ကျွန်မသိတာ သူကဘာအဆိပ်မှမမိဘူး"

ချူလှူကျူရှမ်းသည် ပါးစပ်ပိတ်သွား၏။

သူ၏ ခန္ဓာကိုယ်တစ်ခုလုံး တောင့်တင်းသွား၏။



တစ်ဆက်တည်းမှာပင် သူသည် မေလင်းဟုန်၏ ထောင်ချောက်ထဲသို့ ရောက်ရှိနေပြီ ဖြစ်ကြောင်း သိလိုက်ရ၏။

တစ်နည်းပြောရလျှင် မေလင်းဟုန်သည် မိမိကို ရေအောက်နန်းတော်သို့ရောက်အောင် စနစ်တကျ အကွက်ဆင်၍ ဖန်တီးလိုက်သည် မဟုတ်ပါလား။

ချူလှူကျူရှမ်းသည် တွေးရင်းဒေါသဖြစ်လာ၏။

သူ၏ ရင်ထဲမှာလည်း ခံပြင်းလာ၏။

ထို့ကြောင့် ချူလှူကျူရှမ်းသည် သက်ပြင်းကို လေးတွဲစွာ ချလိုက်၏။

ပြီးမှ ချူလှူကျူရှမ်းသည် ပြုံးလိုက်၏။

သူသည် သိုင်းလောက၌ ကျင်လည်ကျက်စားခဲ့သူ ဖြစ်၏၊

သူသည် အသက်အန္တရာယ်နှင့် အကြိမ်ကြိမ် ရင်ဆိုင်ခဲ့ရဖူး၏။

အလွန်ကောက်ကျစ်သော လူများနှင့် ရင်ဆိုင်ခဲ့ရဖူး၏။

ထို့ကြောင့် ...

သူသည် သိုင်းလောက၏ ပရိယာယ်ကို ကောင်းစွာ နားလည်ခဲ့၏။

သို့သော် ယခု သူသည် မေလင်းဟုန်၏ စနစ်တကျ အကွက်ဆင်ထားသော ထောင်ချောက်ထဲသို့ ရောက်ရှိနေ၏။

ထို့ကြောင့် သူသည် ပြုံးလိုက်မိခြင်းဖြစ်၏။

သို့သော် သူ၏အပြုံးက မချိပြုံးကလေး ဖြစ်နေသည် မဟုတ်ပါလား။

❋ ❋ ❋

ရေနန်းဒေဝီက ...

"ရှင့်ကို ကျွန်မက ဘယ်လိုအပြစ်ပေးမယ်ဆိုတာ သိလား"

ဟု မေးလိုက်၏။

ချူလှူရှမ်းက သက်ပြင်းချကာ ...

"ဘာလဲ ... မင်းက ငါ့ကို ဒီဗီရှိနဲ့အတူ ရေအောက်ကို ပစ်ချမလို့လား"

ရေနန်းဒေဝီက ခပ်သဲ့သဲ့ ရယ်မောလိုက်ပြီး ...

"အင်း ... ရှင်ဟာ အလွန်ဉာဏ်ကောင်းတဲ့ လူတစ်ယောက်ပါ၊ ဒါပေမယ့် ဉာဏ်ကောင်းတဲ့လူဟာ တစ်ခါတစ်လေ အတွက်မှားတတ်ပါတယ်"

ချူလှူရှမ်းက သက်ပြင်းချလိုက်ပြီး ...

"ငါ မသေခင် မင်းကို တစ်ခါလောက် တွေ့ခွင့်ရမလား"

ရေနန်းဒေဝီက ...

"တကယ်လို့ ရှင့်ရဲ့ သိမ်းငှက်လက်ချောင်းက ဒီဗီရှိကို ဖွင့်နိုင်မယ်ဆိုရင် ကျွန်မက ဘာဖြစ်လို့ အတွေ့မခံရမှာလဲ"

ဟု ပြောလိုက်၏၊



ရေနန်းဒေဝီ၏ စကားကြောင့် ချူလှူရှမ်းသည် ထိတ်လန့်တုန်လှုပ်သွားပြီး ...

"မင်း ... မင်း ကျုပ်ကို သိနေတယ်"

ဟု ပြောလိုက်၏။

ရေနန်းဒေဝီက ရယ်မောလိုက်၏။

သူမ၏ ရယ်မောသံက ဝမ်းနည်းကြေကွဲဟန် ဖြစ်ပေါ်နေ၏။

သူမက ရယ်မောလိုက်ပြီးမှ ...

"ချူလှူရှမ်း ရှင်က ကျွန်မကို တစ်ကြိမ်တစ်ခါပဲ လိမ်လို့ရမယ်၊ အခု ရှင်က ကျွန်မရဲ့လျှို့ဝှက်ချက်ကို သိနေတော့ ကျွန်မက ရှင့်ကို လွှတ်ပေးလို့မဖြစ်တော့ဘူး"

ချူလှူရှမ်းက သက်ပြင်းချလိုက်ပြီး ...

"မင်းက ကျုပ်မှန်း ဘယ်လိုလုပ်ပြီး သိသွားတာလဲ"

ရေနန်းဒေဝီက ...

"ဟင်း ... ဟင်း ... ရှင့်တော်ပါတယ်၊ ပထမတုန်းကတော့ ကျွန်မအလိမ်ခံနေရတယ်၊ နောက်တော့ ရှင့်စကားတစ်ခွန်း မှားသွားတယ်"

ချူလှူရှမ်းက သက်ပြင်းချကာ ...

"အင်း ... စကားများများပြောရင် အမှားပါတတ်တယ်လို့ ရှေးလူကြီးတွေက ပြောခဲ့တာ တယ်မှန်ပါလား"

ရေနန်းဒေဝီက ခပ်သဲ့သဲ့ ရယ်မောကာ ...

"ဟုတ်တာပေါ့၊ ရှင်က ချူလှူရှမ်းကို မေလင်းဟုန်က သတ်လိုက်ပြီလို့ ပြောလိုက်တယ်လေ၊ အဲဒါ ရှင့်ရဲ့အမှားပဲ ဘာဖြစ်လို့လဲဆိုတော့ မေလင်းဟုန်ဟာ စိမ်းဖန့်ဖန့်ကျေးရွာရဲ့ချွေးမလေး သူက ရှင့်ကိုသတ်လိုက်တာကို ဘယ်လိုလုပ်ပြီး လူသိခံရဲမှာလဲ အခုတော့ ရှင်က သိုင်းလောကတစ်ခုလုံး ဂယက်ရိုက်သွားတယ်လို့ ဘာဖြစ်လို့ ပြောလိုက်ရတာလဲ"

ချူလှူရှမ်းက သက်ပြင်းချလိုက်ပြီး ...

"ဟုတ်တယ် အဲဒီလို ကျုပ်မပြောသင့်ဘူး"

ဟု ပြောလိုက်၏။

ပြီးမှ ချူလှူရှမ်းက ရယ်မောလိုက်ပြီး ...

"အင်း ... ခင်ဗျားဟာ အတော်ဉာဏ်ကောင်းတာပဲ၊ ကျုပ်ထင်ထားတာထက် ပိုပြီး ဉာဏ်ကောင်းတယ်"

ဟု ပြောလိုက်၏။

ရေနန်းဒေဝီက ပြုံးကာ ...

"မေလင်းဟုန်က ရှင့်ကိုသတ်တယ်ဆိုတာ ရှင်က မပြောသင့်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ရှင့်လိုလူတစ်ယောက်ကို မေလင်းဟုန်က ဘယ်လိုလုပ်ပြီး သတ်နိုင်မှာလဲ"

ချူလှူရှမ်းက ရယ်မောလိုက်၏။

ရေနန်းဒေဝီက ...



"အေးလေ ဘာပဲဖြစ်ဖြစ် မနက်ဖြန်ကစပြီး သိုင်းလောကမှာ ချူလှူရှမ်းဆိုတာ ရှိမှာမဟုတ်တော့ဘူး၊ ဝမ်းနည်းစရာပဲ"

ချူလှူရှမ်းက ...

"ရေနန်းဒေဝီဟာ သိုင်းလောကမှာ လျှမ်းလျှမ်းတောက်နေတဲ့လူပါ၊ ဒါပေမယ့် ရေနန်းဒေဝီဟာ ကျုပ်နဲ့ မယှဉ်ပြိုင်ရဲလို့ ကျုပ်ကို ဖိရိုထိထည့်ပြီး ရေအောက်ပစ်ချတာကို သိုင်းလောကသားတွေ သိရင် ဘယ်လို လုပ်မလဲ"

ရေနန်းဒေဝီက ...

"ရေအောက်နန်းတော်မှာ လမ်းတစ်ခုပဲရှိတယ်၊ အဲဒီလမ်းက အဝင်လမ်းပဲ၊ ရေအောက်နန်းတော်ကို ရောက်တဲ့လူဟာ ဝင်လို့သာရတယ် ထွက်လို့မရဘူး"

ချူလှူရှမ်းက ...

"ရယ်စရာပြောတယ်၊ မိန်းမလျှာသိုင်းသမားဟာ ဒီနေရာကို ဝင်လို့ထွက်လို့ ရပါလား"

ရေနန်းဒေဝီက ...

"ရှင်က သူ့နောက်က လိုက်လာတာလား"

ချူလှူရှမ်းက ...

"အဲဒီလို မဟုတ်ရင် ကျုပ်က ဘယ်လိုလုပ်ပြီး ဒီကိုရောက်လာပါ့မလဲ"

ရေနန်းဒေဝီက ...

"အခု သူ ဘယ်မှာလဲ"

ချူလှူရှမ်းက ...

"မပြောဘူး"

ချူလှူရှမ်း၏ စကားကြောင့် ရေနန်းဒေဝီသည် ဒေါသဖြစ်ကာ ဇီရိုကို လက်ဝါးဖြင့် ရိုက်ရင်း ...

"သူ ဘယ်မှာလဲ"

ဟု မေးလိုက်၏။

ချူလှူရှမ်းက ...

"မပြောဘူး၊ သူဘယ်မှာရှိတယ်ဆိုတာ ကျုပ်ကလွဲပြီး ဘယ်သူမှ မသိဘူး၊ ကျုပ်ပြောတာ ယုံလား"

ချူလှူရှမ်း၏ စကားအဆုံး၌ ရေနန်းဒေဝီ၏ အသံသည် တိတ်ဆိတ်၍သွား၏။

အတန်ကြာမှ ...

"ဒီဇီရိုကို ယူသွားပြီး ရေအောက်ထဲ ပစ်ချလိုက်"

ဟု ပြောလိုက်သော ရေနန်းဒေဝီ၏ အသံကို ချူလှူရှမ်းက ကြားလိုက်ရလေတော့သည် မဟုတ်ပါလား။

❋ ❋ ❋

ရေနန်းဒေဝီ၏ တပည့်များသည် ကြောင်အမ်းအမ်း ဖြစ်နေ၏။



ရေနန်းဒေဝီ၏ အမိန့်က အလွန်ထူးခြားနေသည် မဟုတ်ပါလား။

မိမိ၏ အဝတ်အစားများကို ထည့်သော ဇီရိုအား ရေထဲသို့ လွှင့်ပစ်ရန် အမိန့်ပေးနေခြင်းသည် ထူးခြားနေသည် မဟုတ်ပါလား။

သို့သော် ရေနန်းဒေဝီ၏ တပည့်များသည် ရေနန်းဒေဝီကို စောဒက မတက်ရဲပါ၊

သူတို့သည် သူတို့၏ ရင်ထဲ၌သို့လော ...သို့လော အတွေးဖြင့် တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်ကြ၏။

ရေနန်းဒေဝီက ...

"ငါပြောတာ ကြားလား"

ဟု ထပ်၍ပြောလိုက်၏။

ရေနန်းဒေဝီ၏ တပည့်များက ဦးခေါင်းညိတ်ကာ ...

"ဟုတ်ကဲ့ ..."

ရေနန်းဒေဝီက ...

"ဇီရိုထဲက ဘာသံထွက်ထွက် ဖွင့်မကြည့်နဲ့ ရေထဲသာ ပစ်ချလိုက် ကြားလား"

ဟု ပြောလိုက်၏။

ဇီရိုထဲမှ ချူလှူရှမ်းသည် ပါးစပ်ပိတ်ထား၏။

သူ့အတွက် မျှော်လင့်ချက် ကင်းမဲ့နေပြီ မဟုတ်ပါလား။

ထိုစဉ် ဇီရိုက ရွေ့လျားသွား၏။

မကြာမီ ဗီရိထဲသို့ ရေများစိမ့်၍ ဝင်လာ၏။

တဖြည်းဖြည်းနှင့် ချုလှုရှမ်း၏ တစ်ကိုယ်လုံး ရေစိုလာ၏။

ချုလှုရှမ်းသည် ရေကို အလွန်နှစ်သက်သူ ဖြစ်၏။

အားလပ်သော အချိန်များ၌ ချုလှုရှမ်းသည် ရေထဲ၌ စိမ်၍ နေတတ်၏။

ရေထဲ၌ နေရခြင်းသည် စိတ်ထဲ၌ အလွန်ကြည်နူးဖွယ်ကောင်းသည်ဟု ချုလှုရှမ်း၏ စိတ်ထဲ၌ ခံယူထား၏။

စိတ်ရှုပ်ထွေးနေသော အချိန်၌ ရေထဲ၌ စိမ်လိုက်ရသောအခါ ခန္ဓာကိုယ်တစ်ခုလုံး ပေါ့ပါးသွားပြီး စိတ်ကြည်လင်လာ၏။

သို့သော် ယခုရေထဲ၌ စိမ်ထားခြင်း ခံရသောအခါ စိတ်ထဲ၌ ကြည်လည်၍မလာပါ။

သူ၏ ခန္ဓာကိုယ်သည် ပေါ့ပါ၍ မသိလာပါ။

အကြောင်းမှာ မကြာခင် ထိုရေများက သူ၏ဝိညာဉ်ကို နှုတ်ယူသွားလိမ့်မည်ဖြစ်ကြောင်း သိနေသောကြောင့် ဖြစ်၏။

သို့သော် ချုလှုရှမ်းကို အလွန်ကံကောင်းသူဟု ဂူးထိဝါးက ပြောလေ့ရှိ၏။

ထို့ကြောင့် သူသည် ကံကောင်းနိုင်ပါဦးမည်လော။

ရုတ်တရက် ဗီရိထဲသို့ စိမ့်ဝင်နေသော ရေများက ပြန်၍ထွက်သွား၏။

ဗီရိကလည်းရွေ့လျားသွား၏။



ထို့နောက် ...

"ဒုန်း ...ဒုန်း"

ဟူသော အသံနှင့်အတူ ဗီရိသည်ရပ်တန့်သွား၏။

ဗီရိထဲမှ ချုလှုရှမ်း၏ ခန္ဓာကိုယ်လည်း လှုပ်ယမ်းသွားပြီး ရပ်တန့်သွား၏။

ထိုစဉ် ရေနန်းဒေဝီ၏အသံ ပေါ်ထွက်လာ၏။

"ဗီရိကိုထားခဲ့ပြီး မင်းတို့ထွက်သွားတော့"

ရေနန်းဒေဝီ၏ စကားသံကြောင့် ချုလှုရှမ်းသည် သက်ပြင်းချလိုက်မိ၏။

ဤအတိုင်းဆိုလျှင် မိမိအတွက် အသက်ရှင်ရန် အခွင့်အရေးရနိုင်သေးသည်ဟု တွေးလိုက်မိ၏။

ထိုအချိန်မှာပင် ရေနန်းဒေဝီ၏ တပည့်များ အခန်းထဲမှ ထွက်သွားသော ခြေသံကို ကြားရ၏။

ထို့နောက် ပတ်ဝန်းကျင်သည် တိတ်ဆိတ်သွား၏။

အတန်ကြာမှ ဗီရိနားသို့ ချဉ်းကပ်လာသော ခြေသံကို ကြားရ၏။

ခြေသံက ဗီရိအနီး၌ ရပ်တန့်သွား၏။

ထို့နောက် ရေနန်းဒေဝီ၏ အသံကို ကြားရ၏။

"ချုလှုရှမ်း ...သူ ဘယ်မှာလဲ"

ချုလှုရှမ်းက ရယ်မောလိုက်ပြီး ...

"ခင်ဗျား မမေးဘဲ ကျုပ်ကို မသတ်ဘူးဆိုတာ ကျုပ်သိနေတယ်"

ဟု ပြောလိုက်၏။

ရေနန်းဒေဝီက စိတ်မရှည်သော လေသံဖြင့် ...

"စကားမရှည်နဲ့ သူဘယ်မှာလဲ"

ချူလျှူရှမ်းက ...

"မင်းက ဘာဖြစ်လို့ သိချင်နေတာလဲ"

ရေနန်းဒေဝီက ...

"ပြောမှာပါ ပြောစမ်းပါ"

ချူလျှူရှမ်းက ...

"ဗီရိုထဲက လွတ်လာရုံပဲလား"

ချူလျှူရှမ်းက ရယ်မောကာ ...

"ခင်ဗျားက ကျုပ်ကို မသတ်ဘဲ နေမှာမှ မဟုတ်တာ၊ ကျုပ်က ခင်ဗျားနဲ့ ယှဉ်ပြိုင်ပြီး သေချင်သေပါစေ၊ ကျုပ်ကျေနပ်တယ် ဗီရိုထဲမှာ အပိတ်ခံရပြီးတော့ မသေချင်ဘူး"

ရေနန်းဒေဝီထံမှ စကားသံ ထွက်ပေါ်မလာပါ။

ထို့ကြောင့် ပတ်ဝန်းကျင်သည် တိတ်ဆိတ်သွား၏။

ချူလျှူရှမ်းက ဗီရိုကို လက်ဖြင့်ပုတ်ကာ ...

"ဟော့ ... ဘာလို့ပြန်မပြောတာလဲ၊ သြော်သိပြီ ခင်ဗျားက ကျုပ်ကို မယှဉ်ပြိုင်ဝံ့လို့ မဟုတ်လား"



ချူလျှူရှမ်း၏ စကားက အလွန်ထိရောက်၏။

စကားသံဆုံးသွားသည်နှင့် ဗီရိုတံခါးမှ သော့ခလောက်ကို ဖွင့်သော အသံပေါ်လာ၏။

"ချောက် ..."

သော့ခလောက်ဖွင့်သံ ပေါ်လာပြီးနောက် ဗီရိုတံခါး ပွင့်သွား၏။

ချူလျှူရှမ်းက ဗီရိုတံခါးကို တွန်းဖွင့်၍ အပြင်သို့ထွက်လိုက်၏။

ရေနန်းဒေဝီက ချူလျှူရှမ်းကို စူးစိုက်ကြည့်ပြီး ...

"ရှင့်ကို ဗီရိုထဲက ထုတ်ပေးပြီးပြီ"

ဟု ပြောလိုက်၏။

ချူလျှူရှမ်းက အကြောတစ်ချက်ဆန့်လိုက်ပြီး ...

"ဗီရိုထဲမှာ နေရတာ အတော်ညောင်းတာပဲ"

ဟု ပြောလိုက်၏။

ရေနန်းဒေဝီက ချူလျှူရှမ်းကို မျက်မှောင်ကုတ်၍ ကြည့်ရင်း ...

"ဘယ်မှာလဲ"

ဟု မေးလိုက်၏။

ချူလျှူရှမ်းက ပြုံးလိုက်ပြီး ...

"သူက ဒီရေကန်ထဲမှာပါ"

ဟု ပြောလိုက်၏။

ချူလွှာရှမ်း၏ စကားကြောင့် ရေနန်းဒေဝီသည် ချူလွှာရှမ်းကို စူးစိုက်ကြည့်ကာ ...

"ရှင် ဘာပြောလိုက်တယ်"

ဟု ထပ်၍ မေးလိုက်၏၊

ချူလွှာရှမ်းက ရေနန်းဒေဝီကို တစ်ချက်လှမ်းကြည့်လိုက်၏။

ရေနန်းဒေဝီ၏ ပုံပန်းသဏ္ဌာန်သည် အလွန်သနားစဖွယ်ကောင်းနေ၏။

သူမ၏ ဆံပင်များက ဖရိုဖရဲ ဖြစ်နေ၏။

သူမ၏ မျက်လုံးက ငိုထားဟန်ဖြင့် နီရဲနေ၏။

သူမ၏ အမူအရာမှာ အလွန်အင်အားချိနဲ့ နေသည်ဟု ထင်မှတ်ရ၏။

ချူလွှာမြှမ်းသည် သူမကို ကြည့်ရင်းစိတ်မကောင်း ဖြစ်လာ၏။

ယောကျ်ားများကို ရွံမုန်းသော ရေနန်းဒေဝီသည် ယောကျ်ားတစ်ယောက်အပေါ် ဤမျှသံယောဇဉ်ဖြစ်နေသည်ကိုကြည့်ရင်း မိန်းမလျှာ သိုင်းသမား၏အကြောင်းကို ပြောပြရန်ပင် နှုတ်လေးလာ၏။

ရေနန်းဒေဝီက ...

"ပြောပါ သူသေပြီလား"

ချူလွှာရှမ်းက သက်ပြင်းချကာ ...

"သူသေသွားပါပြီ၊ သူ့ရဲ့အလောင်းဟာ ဒီရေကန်ထဲမှာ ရှိပါတယ်"



ဟု ပြောလိုက်၏။

ရေနန်းဒေဝီသည် ချူလွှာရှမ်းကို စူးစိုက်ကြည့်လိုက်ပြီး ...

"ရှင်က သူ့ကို သတ်ပစ်လိုက်တာလား"

ဟု မေးလိုက်၏။

ချူလွှာရှမ်းက ဦးခေါင်းခါယမ်းကာ ...

"ကျုပ်က သူ့ကို ဘာဖြစ်လို့သတ်ရမှာလဲ၊ နောက်ပြီး ကျုပ်က လူတစ်ယောက်ကို ဘယ်တုန်းကမှ အကြောင်းမဲ့ သတ်ဖူးလို့လဲ"

ရေနန်းဒေဝီက ...

"ဒါဆို ရှင်က သူသေပြီလို့ ဘာဖြစ်လို့ ပြောတာလဲ""

ချူလွှာရှမ်းက ပြုံးလိုက်ပြီး ...

"သူ့ကို လူတစ်ယောက်က သတ်လိုက်တာ တွေ့လို့"

ရေနန်းဒေဝီက မျက်မှောင်ကုတ်ကာ ...

"ဘယ်သူလဲ"

ချူလွှာရှမ်းက ပြုံးလိုက်ပြီး ...

"ကျုပ် မပြောပါစေနဲ့၊ နောက်တော့ ဘယ်သူဘယ်ဝါဆိုတာ ခင်ဗျားဘာသာ သိပါလိမ့်မယ်"

ဟု ပြောလိုက်၏။

ရေနန်းဒေဝီသည် ပါးစပ်ပိတ်သွား၏။

သူမသည် အတန်ကြာအောင် ချူလွှာရှမ်းကို ကြည့်နေ၏။

အတန်ကြာမှ သူမသည် သက်ပြင်းချလိုက်ပြီး ...

"ကောင်းပြီ ရှင့်ကို ကျွန်မ သိုင်းကွက်(၁၀)ကွက် အကျော့ ပေးမယ်"

ဟု ပြောလိုက်၏။

ချူလှူကျူရှမ်းက မျက်ခုံးပင့်ကာ ...

"ခင်ဗျားက ကျုပ်ကို သတ်တော့မလို့လား"

ရေနန်းဒေဝီက ...

"စကားမရှည်နဲ့ ရှင်ကစ,ပြီး တိုက်ခိုက်နိုင်ပြီ"

ဟု ပြောလိုက်၏။

ချူလှူကျူရှမ်းက ဦးခေါင်းခါရမ်းလိုက်ပြီး ...

"စဉ်းစားပါဦး ...အခုလို စိတ်ဓာတ်ကျနေတဲ့အချိန်မှာ ကျုပ်နဲ့ ယှဉ်ပြိုင်လို့ဖြစ်ပါ့မလား၊ ခင်ဗျားရှုံးသွားမှာပေါ့"

ချူလှူကျူရှမ်း၏ စကားကြောင့် ရေနန်းဒေဝီ၏မျက်နှာသည် တင်းမာခက်ထန်လာပြီး ချူလှူကျူရှမ်းကို စေ့စေ့ကြည့်လိုက်၏။

ပြီးမှ ...

"စကားမရှည်နဲ့ ချူလှူကျူရှမ်း၊ ရှင်က ကျွန်မရဲ့သိုင်းကွက် (၁၀)ကွက်ကို ခံနိုင်ရင် ရှင့်ကို အသက်ချမ်းသာပေးလိုက်မယ်"

ဟု ပြေလိုက်၏။

ချူလှူကျူရှမ်းကရယ်မောလိုက်၏။

"ဟား ...ဟား ...ဟား"

ရေနန်းဒေဝီက ...



"ရှင်က ဘာရယ်တာလဲ"

ချူလှူကျူရှမ်းက ...

"ခင်ဗျားက အတော်အပြောကြီးတာပဲ"

ရေနန်းဒေဝီက ...

"ရှင့် အသက်မသေချင်ရင် ကျွန်မရဲ့သိုင်းကွက်(၁၀)ကွက်ကို ရအောင် ခုခံပါ"

ဟု ပြောလိုက်၏။

ချူလှူကျူရှမ်းကရယ်မောလိုက်ပြီး ...

"ကောင်းပြီ"

ဟို ပြောကာ ရုတ်တရက် ရှေ့သို့ခုန်ထွက်ပြီး ရေနန်းဒေဝီကို လျှပ်တစ်ပြက် တိုက်ခိုက်လိုက်၏၊

ရေနန်းဒေဝီ၏ သိုင်းပညာသည် မိမိထက်များစွာ သာလွန်နေသည်ဟု ချူလှူကျူရှမ်းကကြိုတင် တွက်ဆထား၏။

ထို့ကြောင့် ...

သူသည် ရေနန်းဒေဝီကို လက်ကဦးမှုယူရန် လျှပ် တစ်ပြက် တိုက်ခိုက်လိုက်ခြင်း ဖြစ်၏။

အကယ်၍သာ သူက ရေနန်းဒေဝီအပေါ် လက်ဦးမှု ရ,ထားလျှင် ရေနန်းဒေဝီကို မနိုင်သည့်တိုင် ရှုံးနိမ့်မည် မဟုတ်ဟု ယုံကြည်၏။

သို့သော် ရေနန်းဒေဝီက လက်တစ်ဖက်ကို ဝှေ့ယမ်းလိုက်ရာ

အလွန်ထူးခြားသော အင်အားတစ်ခုက ချူလျှူရှမ်း၏ တိုက်ခိုက်မှုကို ဟန့်တားပိတ်ဆို့လိုက်၏။

ထို့ကြောင့် ချူလျှူရှမ်းသည် ရင်ထဲ၌ ထိတ်လန့်သွားပြီး မျက်လုံး ပြူးသွား၏။

သို့သော် ချူလျှူရှမ်းသည် တိုက်ခိုက်မှုကို မရပ်တန့်ပါ။

သူသည် ရေနန်းဒေဝီကို တရကြမ်း ဆက်လက်၍ တိုက်ခိုက်လိုက်၏။

သို့သော် သူ၏တိုက်ခိုက်မှုတိုင်းကို ထူးခြားသော အင်အားတစ်ခုက ပိတ်ဆို့ဟန့်တားထား၏။

ထို့ကြောင့် ...

ချူလျှူရှမ်းသည် ရင်ထဲ၌ ထိတ်လာ၏။

သူ၏ နဖူး၌လည်း ချွေးစေးများ ထွက်လာ၏။

ထိုစဉ် ရုတ်တရက် ချူလျှူရှမ်း၏ ဦးနှောက်ထဲသို့ မဆီမဆိုင် အတွေးတစ်ခု ဝင်ရောက်လာ၏။

ထိုအတွေးမှာ "ရေ" ဖြစ်၏။

ရေနန်းဒေဝီသည် ရေအောက်နန်းတော်၏ သခင်မဖြစ်၏။

ထို့ကြောင့် သူမ၏ သိုင်းပညာသည် "ရေ" နှင့် ဆက်စပ်နေလိမ့်မည်ဟု ချူလျှူရှမ်းကတွေးလိုက်မိခြင်း ဖြစ်၏။

"ရေ" သည် ပျော့ပျောင်း၏။

ရေကို ဓားဖြင့် ဖြတ်၍မရပါ။



ရေကိုကြည့်ရသည်မှာ အင်အားချိနဲ့သည်ဟု ထင်မှတ်ရ၏။

သို့သော် ရေစက်ကလေးတစ်စက်ကပင် ကျောက်တုံး ကျောက်ခဲများကို ကြေမွစေနိုင်သည် မဟုတ်ပါလား။

ရေသည် အရှိန်အဟုန်ဖြင့် စီးဆင်းလာလျှင် မည်သည့်အရာမှ ဟန့်တား၍ မရပါ။

ရေသည် သူ၏လမ်းကြောင်းတစ်လျှောက် တိုက်စား ဖြိုဖျက်သွားနိုင်သည် မဟုတ်ပါလား။

ရေသည် တောတောင်ကို အနေအထားပြောင်းစေနိုင်၏။

ရေ၏လွှမ်းမိုးမှုကြောင့် မြို့များ၊ ရွာများ ပျက်စီးနိုင်၏၊

ထို့ကြောင့် ကမ္ဘာပေါ်၌ မည်သည့်အရာမှ ရေကိုဟန့်တားနိုင်လိမ့်မည် မဟုတ်ပါ။

ယခု ချူလျှူရှမ်းသည် ကမ္ဘာပေါ်၌ ကြောက်စရာ အကောင်းဆုံးအရာမှာ "ရေ" ဖြစ်သည်ဟု သဘောပေါက်နားလည်၏။

ချူလျှူရှမ်းသည် ရေနန်းဒေဝီကို တရကြမ်း တိုက်ခိုက်ရာမှ ရုတ်တရက် ရပ်တန့်လိုက်၏။

ပြီးမှ သူသည် ဦးခေါင်းခါရမ်းကာ ...

"ဒါကြောင့် သိုင်းလောကသားတွေက ခင်ဗျားနဲ့ မယှဉ်ပြိုင်ရဲတာကိုး"

ဟု ပြောလိုက်၏၊

ရေနန်းဒေဝီက အေးစက်သော လေသံဖြင့် ...

"ရှင့်ကို သိုင်းကွက်(၄၇)ကွက် အကျော့ပေးပြီးပြီ၊ ကျေနပ်ပြီ လား နောက်ထပ် ဘယ်နှစ်ကွက် အကျော့ပေးရဦးမလဲ"

ချူလှူရှမ်းက ပခုံးတွန့်ကာ ...

"ကျေနပ်ပါပြီ၊ နောက်ထပ် ခင်ဗျားက သိုင်းကွက်(၁၀၀) အကျော့ပေးလည်း ထူးမယ်မထင်ပါဘူး"

ဟု ပြောလိုက်၏။

ရေနန်းဒေဝီက ...

"ဒါဖြင့် အခုကျွန်မ အလှည့်ပေါ့ ဟုတ်လား"

ချူလှူရှမ်းက ဦးခေါင်းညိတ်ကာ ...

"ဟုတ်ပါတယ် ခင်ဗျားရဲ့ အလှည့်ပါ"

ရေနန်းဒေဝီက အေးစက်စွာ ပြုံးလိုက်ပြီး ...

"ရှင်က ကျွန်မရဲ့သိုင်းကွက်ကို ဘယ်နှစ်ကွက်လောက် ခံနိုင် မယ်ထင်သလဲ"

ဟု မေးလိုက်၏။

ချူလှူရှမ်းက ပြုံးလိုက်၏။

ပြီးမှ ...

"ဒါကတော့ ဘယ်ပြောတတ်မလဲ၊ မင်းရဲ့သိုင်းကွက်ကို တစ် ကွက်တောင်မှ ခံနိုင်ချင်မှ ခံနိုင်တယ်၊ ဒါမှမဟုတ် မင်းရဲ့သိုင်းကွက် (၁၀၀)ကိုလည်း ခံနိုင်ရင် ခံနိုင်မယ်"

ဟု ပြောလိုက်၏။



ရေနန်းဒေဝီက မဲ့ပြုံး ပြုံးလိုက်ပြီး ...

"ဒီလောက်လည်း မလိုပါဘူး၊ ကျွန်မရဲ့သိုင်းကွက်(၈)ကွက်ကို ခံနိုင်ရင် ရှင့်ကို အသက်ချမ်းသာပေးမယ်"

ဟု ပြောလိုက်၏။

ချူလှူရှမ်းက မျက်ခုံးပင့်ကာ ...

"(၁၀)ကွက် မဟုတ်တော့ဘူးလား"

ရေနန်းဒေဝီက မဲ့ပြုံး,ပြုံးကာ ...

"ရှင့်ကို ကြည့်ရတာ(၃)ကွက်တောင် ခံနိုင်မယ့်ပုံ မပေါ်ဘူး၊ ဒါကြောင့် (၂)ကွက်လျော့ပေးလိုက်တာ"

ချူလှူရှမ်းကပြုံးကာ ...

"ဒါဆို (၃)ကွက်လောက်ပဲ ထားလိုက်ပါလား"

ရေနန်းဒေဝီက ...

"စကားမရှည်နဲ့ ကျွန်မရဲ့သိုင်းကွက်(၈)ကွက်ကို တောင့်ခံ နိုင်အောင်ကြိုးစား"

ဟု ပြောလိုက်၏။

ထို့နောက် သူမက တိုက်ခိုက်ရန် ဟန်ပြင်လိုက်၏။

ချူလှူရှမ်းက ကပျာကယာ လက်ကာပြကာ ...

"ဟော့ ...ဟော့ နေဦး"

ဟု ဟန့်တားလိုက်၏။

ရေနန်းဒေဝီက မျက်မှောင်ကုတ်ကာ ...

"ဘာလဲ"

ချယ်လျာရှမ်းက ပြုံးလိုက်ပြီး ...

"ခင်ဗျားပြောတဲ့ အတိုင်း ကတိတည်မှာလား"

ဟု မေးလိုက်၏။

ရေနန်းဒေဝီက ...

"ကျွန်မကို ဘယ်လို လူစားလို့ထင်လို့လဲ"

ဟု ပြောလိုက်၏။

ချယ်လျာရှမ်းက ဦးခေါင်းညိတ်ကာ ...

"ကောင်းပါပြီ (၈)ကွက်နော်"

ဟု ပြောလိုက်၏။

ရေနန်းဒေဝီက ဦးခေါင်းညိတ်ကာ ...

"အင်း ..."

ဟု ပြန်ပြောလိုက်၏။

ပြီးမှ သူမသည် ချယ်လျာရှမ်းကို စေ့စေ့ကြည့်ကာ ...

"ကိုင်း ရှင် အသင့်ပြင်ထား"

ဟု ပြောလိုက်၏၊

ထို့နောက် သူမသည် လက်ကိုလေထဲ၌ တစ်ချက်ဝှေ့ယမ်းလိုက်ပြီး၊ ချယ်လျာရှမ်း၏ ရင်ဝကို လက်ဝါးဖြင့် ရိုက်ချလိုက်လေတော့၏။

ချယ်လျာရှမ်းသည် သက်ပြင်းချလိုက်၏။



သူသည် ရေနန်းဒေဝီ၏ တိုက်ခိုက်မှုကို မည်သို့မျှ ရှောင်တိမ်းနိုင်မည် မဟုတ်ကြောင်း နားလည်ထား၏။

ထို့ကြောင့် ...

ရေနန်းဒေဝီက လက်ဝါးနှင့်ရိုက်ချလိုက်သည်နှင့် ချယ်လျာရှမ်းသည် နောက်ကျောဖြင့် ခံပေးလိုက်၏။

"ဝုန်း ..."

ဟူသော အသံနှင့်အတူ ချယ်လျာရှမ်း၏ ခန္ဓာကိုယ်သည် ကြိုးပြတ်သွားသော စွန်ကလေးကဲ့သို့ လွင့်စဉ်သွားလေတော့သည် မဟုတ်ပါလား။

❋ ❋ ❋

ချယ်လျာရှမ်းသည် သိုင်းလောက၌ အလွန်ကျော်ကြားသော ပုဂ္ဂိုလ်ဖြစ်၏။

ချယ်လျာရှမ်း၏ သိုင်းပညာမှာလည်း အလွန်ထူးဆန်း၏။

သူ၏ သိမ်းငှက်လက်ချောင်းက သူ၏ပြိုင်ဘက်များကို အနိုင်ယူခဲ့၏။

သူသည် လူတစ်ယောက်ကို အကြောင်းမဲ့ သတ်ဖြတ်လေ့မရှိပါ။

ထို့အပြင် သူ၏သိုင်းလောက၌ လူတိုင်းက မလုပ်နိုင်သော အလုပ်များကို လုပ်နိုင်ခဲ့သူ ဖြစ်၏။

ထို့ကြောင့် ရေနန်းဒေဝီသည် ချူလှူရှမ်းကို အထင်မသေးရဲ ပါ။

သူမ၏ သိုင်းပညာသည် ချူလှူရှမ်းထက် မည်မျှပင် သာလွန် ပါက သူမအနေဖြင့် ချူလှူရှမ်းကို ပေါ့ပေါ့ဆဆ သဘောမထား နိုင်ပါ။

ထို့ကြောင့် သူမသည် ချူလှူရှမ်းကို အနည်းဆုံးသိုင်းကွက် (၅)ကွက်ခန့် အသုံးပြုရလိမ့်မည်ဟု ခန့်မှန်းထားခဲ့၏။

သို့သော် ယခုသိုင်းကွက် တစ်ကွက်တည်းဖြင့် ချူလှူရှမ်း သည် အဝေးသို့ လွင့်စဉ်သွားပြီ ဖြစ်၏။

ရေနန်းဒေဝီသည် အံ့သြသွား၏။

သူမ အလွန်အထင်ကြီးသော ချူလှူရှမ်းသည် သူမ၏ သိုင်း ကွက်တစ်ကွက်ကိုပင် ခံနိုင်ရည် မရှိပါလား။

ထို့ကြောင့် သူမသည်မယုံကြည်နိုင်လောက်အောင်ပင် အံ့သြ ကာ ကြောင်အမ်းအမ်း ဖြစ်နေ၏။

ချူလှူရှမ်း၏ ခန္ဓာကိုယ်သည် အဝေးသို့ လွင့်စဉ်သွားပြီး ရေကန်ထဲသို့ ကျသွားလေတော့၏။

"ပလုံ ..."

ချူလှူရှမ်း၏ ခန္ဓာကိုယ်သည် ရေကန်ထဲသို့ ကျသွား၏။

ရေနန်းဒေဝီသည် ရေထဲသို့ ချူလှူရှမ်း ကျသွားသည်ကို ငေး ကြောင်ကြည့်နေ၏။



ပြီးမှ မဲ့ပြုံး,ပြုံးလိုက်ပြီး ...

"ရှင် ဒီလိုထွက်ပြေးလို့ လွတ်မယ် ထင်သလား"

ဟု ပြောကာ ရေထဲသို့ ခုန်ချလိုက်လေတော့၏။

ချူလှူရှမ်း၏ ခန္ဓာကိုယ်သည် ရေထဲသို့ ရောက်သောအခါ ငါးတစ်ကောင် ဖြစ်သွား၏။

သူ၏ လှုပ်ရှားမှုသည် ရေထဲ၌ ကုန်းပေါ်မှာထက် ပို၍လျင်မြန် ၏။

သို့သော် ရေနန်းဒေဝီကလည်း ရေထဲ၌ ပို၍မြန်၏။

သူမ၏ အမည်ကိုက ရေနန်းဒေဝီဖြစ်၏၊

ထို့ကြောင့် ရေထဲ၌ သူမ၏ လှုပ်ရှားမှုက ချူလှူရှမ်းထက် ပိုမြန်၏။

ချူလှူရှမ်းသည် ကုန်းပေါ်၌ ရေနန်းဒေဝီကို မည်သို့မျှ ယှဉ် ပြိုင်နိုင်မည် မဟုတ်ကြောင်း နားလည်ထား၏။

ထို့ကြောင့် သူသည် ရေနန်းဒေဝီကို ရေထဲ၌ ယှဉ်ပြိုင်ရန် ဆုံးဖြတ်လိုက်ခြင်းဖြစ်၏။

ထိုသို့ ...

ဆုံးဖြတ်ပြီးသည်နှင့် ရေနန်းဒေဝီက တိုက်ခိုက်လိုက်သော အခါ ရေထက်သို့အလိုက်သင့် ခုန်ချလိုက်ခြင်း ဖြစ်၏၊

ရေနန်းဒေဝီ၏ သိုင်းပညာသည် ရေနှင့်ပုံပန်းသဏ္ဌာန်တူ၏။

ထို့ကြောင့် သူမ၏ သိုင်းကွက်များသည် ရေထဲသို့ ရောက်

သောအခါ ကုန်းပေါ်မှာကဲ့သို့ ထက်မြက်လိမ့်မည် မဟုတ်ဟု ချူလှူရှမ်းက ယူဆထား၏။

ရေ၏ အင်အားကို ရေကသာ ဖြိုခွင်းနိုင်လိမ့်မည် မဟုတ်ပါလား။

သို့ဖြစ်၍ ချူလှူရှမ်းသည် ရေထဲသို့ ခုန်ချခဲ့ခြင်း ဖြစ်၏။

သူသည် ရေတဲသို့ ခုန်ချပြီး ထွက်ပြေးရန် မဟုတ်ပါ၊

ရေထဲ၌ ရေနန်းဒေဝီနှင့် ယှဉ်ပြိုင်ရန် ဖြစ်၏၊

ရေနန်းဒေဝီက ချူလှူရှမ်းသည် ရေထဲသို့ ခုန်ချခြင်းမှာ ထွက်ပြေးရန် ခုန်ချလိုက်သည်ဟု ထင်မှတ်ပြီး ရေထဲသို့ ခုန်ချကာ ချူလှူရှမ်း၏ နောက်သို့လိုက်လာ၏။

သူမကလည်း ရေ၌ကျွမ်းကျင်သူ ဖြစ၏။

ရေထဲ၌ သူမ၏ လှုပ်ရှားမှုက ချူလှူရှမ်းထက်ပင် လျင်မြန်နေ၏။

မကြာပါ ...

သူမသည် ချူလှူရှမ်းကို မီလာ၏။

ချူလှူရှမ်းက သူမကို စောင့်၍ ဆီးကြိုတိုက်ခိုက် လိုက်လေတော့သည် မဟုတ်ပါလား။

❋ ❋ ❋

ရေကန်၏ ရေမျက်နှာပြင်သည် မူလက ငြိမ်သက်နေ၏။



ရေကန်ထဲသို့ ချူလှူရှမ်းတို့ခုန်ချလိုက်သောအခါ လှိုင်းဂယက်များ ဖြစ်ပေါ်လာ၏။

မကြာမီ ထိုလှိုင်းဂယက်များသည် ပို၍ပြင်းထန်စွာ လှုပ်ရှားလာ၏။

လှိုင်းတံပိုးများ ထ,လာ၏။

ရေအောက်၌ နဂါးနှစ်ကောင် တိုက်ခိုက်နေခြင်းကြောင့် လှိုင်းတံပိုးများ ထ,လာသကဲ့သို့ ထင်မှတ်ရ၏။

ကုန်းနန်းယဉ်သည် ရေနန်းဒေဝီ၏ အခန်းထဲမှ ထွက်လာခဲ့၏။

ရေနန်းဒေဝီက မောင်းထုတ်လိုက်ခြင်းကြောင့် ကုန်းနန်းယဉ်သည် ဒေါသဖြစ်နေမိ၏။

ထို့ကြောင့် သူမသည် ရေကန်စပ်၌ တစ်ယောက်တည်း ထိုင်ကာ ရေကန်ကို ငေးမောကြည့်နေ၏။

တိုစဉ် တည်ငြိမ်နေသော ရေကန်၏ ရေမျက်နှာပြင်ပေါ်၌ လှိုင်းတံပိုးများ ထ,လာသောအခါ ကုန်းနန်းယဉ်သည် အံ့သြထိတ်လန့်သွားပြီး ထိုင်ရာမှ ကပျာကယာ ထရပ်လိုက်၏။

အနီးအနား၌ ရှိနေသော မိန်းကလေးတစ်ချို့လည်း လှိုင်းတံပိုးထ,လာသော ရေပြင်ကိုကြည့်ကာ ထိတ်လန့်အံ့သြသွားကြ၏။

ကုန်းနန်းယဉ်သည် ရေပြင်ကို အတန်ကြာအောင် ကြည့်နေ၏။

ပြီးမှ သူမသည် ရေထဲသို့ခုန်ချလိုက်၏။

သူမသည် အဘယ်ကြောင့် ကန်ရေပြင်၌ လှိုင်းတံပိုး ထ,လာသည်ကို သိရှိရန် ရေထဲသို့ခုန်ချလိုက်ခြင်း ဖြစ်၏။

ရေထဲသို့ ရောက်သွားသောအခါ ကုန်းနန်းယဉ်သည် ထိတ်လန့်တုန်လှုပ်သွား၏၊

အကြောင်းမှာ ရေထဲ၌ ရေနန်းဒေဝီနှင့် ချူလှူရှမ်းတို့သဲကြီးမဲကြီး တိုက်ခိုက်နေသည်ကို တွေ့လိုက်ရသောကြောင့်ပင် ဖြစ်သည် မဟုတ်ပါလား။

ထို့ကြောင့် ကုန်းနန်းယဉ်သည် ထိတ်လန့်အံ့သြကာ ကြောင်အမ်းအမ်း ဖြစ်သွား၏။

သူမသည် မည်မျှ ငေးကြောင်နေမိသည် မသိပါ၊

သူမ၏ ပါးစပ်ထဲသို့ ရေများပင်ရောက်လာသည်ကိုပင် သတိမထားမိပါ။

လောကပေါ်၌ ရေနန်းဒေဝီနှင့် ယှဉ်ပြိုင်သတ်ပုတ်ခဲ့သောလူရှိနေသည်ကို တွေ့ရသဖြင့် အံ့သြနေမိခြင်း ဖြစ်၏။

လောပေါ်၌ ရေနန်းဒေဝီ၏ သိုင်းကွက်(၁၀)ကွက်အထိ ခုခံယှဉ်ပြိုင်နိုင်သူ မရှိသေးကြောင်းကို ကုန်းနန်းယဉ်က ကောင်းစွာသိထား၏။

သို့သော် ယခု ချူလှူရှမ်းသည် ရေနန်းဒေဝီကို ရှုံးနိမ့်ခြင်း မရှိသေးပါ။



ထို့ကြောင့် ကုန်းနန်းယဉ်သည် မယုံကြည်နိုင်လောက်အောင်ပင် အံ့သြနေမိသည်မဟုတ်ပါလား။

အကယ်၍သာ ကုန်းနန်းယဉ်သည် ချူလှူရှမ်းတစ်ယောက်တစ်ကြိမ်တစ်ခါမျှ ကြုံတွေ့ဖူးခြင်းမရှိသော ဘေးအန္တရာယ်နှင့် ကြုံတွေ့နေရကြောင်း သိမည်ဆိုလျှင် ...

❋ ❋ ❋

ချူလှူရှမ်းသည် ရေနန်းဒေဝီ၏ တိုက်ခိုက်မှုကို အလူးအလဲခံနေရ၏။

အကယ်၍သာ ကုန်းပေါ်မှာဆိုလျှင် ယခုအချိန်၌ ချူလှူရှမ်း၏ ဝိညာဉ်က ချူလှူမ်းကို နှုတ်ဆက်၍ ထွက်သွားလောက်ပြီ ဖြစ်၏။

သို့သော် ...

ချူလှူရှမ်းသည် အလွန်ကံကောင်းသူ ဖြစ်၏၊

အကြောင်းမှာ သူနှင့် ရေနန်းဒေဝီနှင့် တိုက်ခိုက်နေသောနေရာမှာ ရေထဲ၌ ဖြစ်နေသောကြောင့် ဖြစ်၏။

သို့တိုင်အောင် သူသည် ရေနန်းဒေဝီ၏ တိုက်ခိုက်မှုကို အလူးအလဲခံနေရ၏။

သူသည် ရေထဲ၌ရှိသောအခါ ကုန်းပေါ်မှာ ထက်လျင်မြန်ဖျတ်လတ်နေသောအခါ သူသည် ရေနန်းဒေဝီ၏ တိုက်ခိုက်မှုများကို အလူးအလဲရှောင်တိမ်းနေရ၏။

ထို့ကြောင့် သူသည် ရေနန်းဒေဝီကို တစ်ချက်မျှ ပြန်လည်၍ တုန့်ပြန်တိုက်ခိုက်နိုင်ခြင်း မရှိဘဲ ရေနန်းဒေဝီ၏ တိုက်ခိုက်မှုများကို အသည်းအသန် ရှောင်တိမ်းနေရမည် မဟုတ်ပါလား။

ရေနန်းဒေဝီ၏ သိုင်းကွက်မှ ဖြစ်ပေါ်လာသော ရေဖိအားသည် သူ၏ ရင်ဝကို လေးလံစွာ ဖိထားသကဲ့သို့ ခံစားနေရ၏။

ဤသို့ဖြင့် အချိန်ကြာလာသည်နှင့်အမျှ သူ၏ ခြေလက်များသည် တဖြည်းဖြည်း လေးလံလာလေတော့၏။

ထို့ကြောင့် ချူလျူရှမ်းသည် ...

"အင်း ... ငါတော့ ဒီရေထဲမှာပဲ သေရတော့မယ် ထင်တယ်"

ဟု စိတ်ထဲမှ ရေရွတ်လိုက်မိ၏။

ထိုစဉ် ရေနန်းဒေဝီ၏ တိုက်ခိုက်မှုသည် ရုတ်တရက် နှေးကွေးလာ၏။

သူမ၏ တိုက်ခိုက်မှုသည် တစ်,ထက် တစ်စ နှေးကွေးလာ၏။

ထို့ကြောင့် ချူလျူရှမ်းသည် ရေနန်းဒေဝီကို အံ့သြစွာ ကြည့်လိုက်မိ၏။

ရေနန်းဒေဝီ၏ တိုက်ခိုက်မှုက နှေးကွေးလာသဖြင့် ချူလျူရှမ်းသည် အလူးအလဲ ခုခံရှောင်တိမ်းနေရာမှ အနည်းငယ်သက်သာရာ ရသွား၏။

အကယ်၍သာ ရေနန်းဒေဝီ၏ တိုက်ခိုက်မှုသည် ယခုကဲ့သို့ နှေးကွေးလာခြင်းမရှိဘဲ မူလကအတိုင်း နောက်ထပ်မိနစ် အနည်းငယ်



ထပ်မံတိုက်ခိုက်ခဲ့ပါက ချူလျူရှမ်းသည် မည်သို့မျှ ခံနိုင်စွမ်း ရှိတော့မည် မဟုတ်ပါ။

သူ၏ စိတ်ထဲက ရေရွတ်လိုက်သကဲ့သို့ ဤရေကန်ထဲ၌ သူ၏ဘဝသည် နိဂုံးချုပ်လိမ့်မည်ဖြစ်၏။

သို့သော် လောကပေါ်၌ ချူလျူရှမ်းသည် အလွန်ကံကောင်းသူဟု ဝူးထိဝါးက ပြောခဲ့၏။

ယခု ချူလျူရှမ်းသည် သေမင်းခံတွင်းထဲမှ ပြန်လည်၍ လွတ်မြောက်လာပြီ မဟုတ်ပါလား။

ချူလျူရှမ်းသည် ရေနန်းဒေဝီကို အံ့သြစွာငေးကြည့်နေ၏။

ရေနန်းဒေဝီသည် အဘယ့်ကြောင့် နှေးကွေးသွားရသနည်းဟု တွေးနေ၏။

ထိုစဉ် ...

ရေနန်းဒေဝီက ချူလျူရှမ်း၏ ရင်ဝသို့ ခြေဖြင့် ဆောင့်ကန်လိုက်၏။

ချူလျူရှမ်းသည် ကပျာကယာ ရှောင်တိမ်းလိုက်ရ၏။

ရေနန်းဒေဝီသည် ချူလျူရှမ်း၏ ရင်ဝကို ခြေဖြင့်ဆောင့်ကန်လိုက်ပြီးနောက် ရေပေါ်သို့ ကူးခတ်၍ တက်သွား၏။

ရေနန်းဒေဝီက ရေပေါ်သို့ ကူးခတ်တက်သွားသည်ကို မြင်တွေ့လိုက်ရသောအခါ ချူလျူရှမ်းသည် ချက်ချင်းသဘောပေါက်သွား၏။

ရေနန်းဒေဝီသည် အသက်ရှူရန်အတွက် ရေပေါ်သို့ ကူးခတ်သွားကြောင်း နားလည်လိုက်သည်။

တစ်ဆက်တည်းမှာပင် ရေနန်းဒေဝီသည် မိမိကို တိုက်ခိုက်နေရာမှ ရုတ်တရက် ရှေးကွေးသွားရခြင်းမှာ ရေအောက်၌ အသက်ကို ကြာကြာအောင့်မထားနိုင်သောကြောင့် ဖြစ်ကြောင်း ချူလျှူရှမ်းက နားလည်လိုက်၏။

ထို့ကြောင့် ...

သူသည် ရေနန်းဒေဝီကို ရေပေါ်သို့တက်၍ အသက်ရှူရန် အခွင့်အရေးကို မပေးနိုင်တော့ပါ။

သို့ဖြစ်၍ သူသည် ရေနန်းဒေဝီ၏ နောက်သို့လျင်မြန်စွာ ကူးခတ်သွားပြီး ရေနန်းဒေဝီ၏ ခြေထောက်ကို လက်နှစ်ဖက်ဖြင့် ဖမ်းဆွဲကာ ရေထဲသို့ ပြန်၍ နစ်လိုက်လေတော့၏။

ရေနန်းဒေဝီသည် မိမိ၏ခြေထောက်ကို ချူလျှူရှမ်းက ဖမ်းဆွဲလိုက်သဖြင့် ထိတ်လန့်တုန်လှုပ်သွား၏။

တစ်ဆက်တည်းမှာပင် သူမ၏ခန္ဓာကိုယ်သည် ပေါ်သို့ မရောက်မီ ရေအောက်ထဲသို့ ပြန်၍ရောက်ရှိသွား၏။

သူမက ချူလျှူရှမ်း၏ ဦးခေါင်းကိုလက်ဝါးဖြင့် ရိုက်ချလိုက်၏၊

သို့သော် ချူလျှူရှမ်းက ရေနန်းဒေဝီ၏ ဝမ်းဗိုက်ကို နီးအောင် ဦးခေါင်းဖြင့် ဆောင့်လိုက်၏။



ထို့ကြောင့် ရေနန်းဒေဝီသည် ချူလျှူရှမ်း၏ ဦးခေါင်းကို လက်ဝါးဖြင့် မရိုက်နိုင်ဘဲ နောက်သို့ယိမ်းယိုင်သွား၏။

ချူလျှူရှမ်းက ရေနန်းဒေဝီ၏ ဝမ်းဗိုက်ကို ဦးခေါင်းဖြင့် ဆောင့်လိုက်၏။

ထို့နောက် ရေနန်းဒေဝီသည် ချူလျှူရှမ်း၏ ဦးခေါင်းကို လက်ဝါးဖြင့် မရိုက်နိုင်ဘဲ နောက်သို့ ယိမ်းယိုင်သွား၏။

ချူလျှူရှမ်းက ရေနန်းဒေဝီ၏ ဝမ်းဗိုက်ကို ဦးခေါင်းဖြင့် ဆောင့်လိုက်ပြီးနောက် သူမ၏ ခြေထောက်များကိုပွေ့ဖက်ထား၏။

ရေနန်းဒေဝီသည် မိန်းမလျာ သိုင်းသမားမှလွဲ၍ မည်သည့် ယောကျ်ားနှင့်မျှ နီးနီးကပ်ကပ် နေထိုင်ဖူးသူ မဟုတ်ပါ။

ယခုချူလျှူရှမ်းက သူမ၏ ခြေထောက်ကိုပွေ့ဖက်ထား သောအခါ ရှက်လည်းရှက်၊ ဒေါသလည်းဖြစ်လာသဖြင့် သူမ၏ အားအင်များပင်ကုန်ခန်းသွားသည်ဟု ခံစားလိုက်ရ၏။

ချူလျှူရှမ်းသည် အခွင့်အရေးကို ကောင်းစွာ အသုံးချတတ်သူဖြစ်၏။

ထို့ကြောင့် သူသည် ရေနန်းဒေဝီ၏ ခြေထောက်ကို ပွေ့ဖက်၍ ရှေ့သို့တိုးကာ ရေနန်းဒေဝီ၏ ကိုယ်ခန္ဓာတစ်ခုလုံးကိုတင်းကြပ်စွာ ပွေ့ဖက်ထားလိုက်၏။

ချူလျှူရှမ်းက ထိုသို့ပွေ့ဖက်လိုက်သောအခါ ရေနန်းဒေဝီ၏ ရင်သည် တထိတထိတ် ခုန်လာ၏။

သူမသည် ချူလှူးရှမ်း၏ ပွေ့ဖက်ထားခြင်းမှ လွတ်အောင် ရုန်းကန်နေ၏။

ချူလှူးရှမ်းကလည်း မလွှတ်တမ်း တင်းကြပ်စွာ ပွေ့ဖက်ထား၏။

ရေနန်းဒေဝီသည် သိုင်းလောက၌ လျှမ်းလျှမ်းတောက် ကျော်ကြားသူဖြစ်၏။

သူမ၏ သိုင်းပညာမှာ မည်သူမျှ မယှဉ်နိုင်အောင်ပြိုင်ဖက်ကင်း၏။

သို့သော် ...

ယခု ချူလှူးရှမ်း၏ရင်ခွင်ထဲ၌ ရုန်းကန်နေသည်မှာ သာမန်မိန်းကလေးတစ်ယောက်က ယောကျ်ားလေးတစ်ယောက်၏ ပွေ့ဖက်ခြင်းကို ခံရသဖြင့် ရှက်ရမ်း,ရမ်းကာ တွန်းထိုးရုန်းကန် နေသကဲ့သို့ ဖြစ်နေ၏။

ချူလှူးရှမ်းသည် ယခုကဲ့သို့ ပြုမူခြင်းမှာ သိုင်းသမားတစ်ယောက် မပီသကြောင်းသိ၏။

သို့သော် သူ့အတွက် သေရေးရှင်ရေးဖြစ်နေသောကြောင့် အထူးအထွေ မစဉ်းစားနိုင်တော့ပါ။

❋ ❋ ❋

ရေနန်းဒေဝီ၏ရင်သည် တလှပ်လှပ် ခုန်နေ၏။



သူမသည် တွန်းထိုးရုန်းကန်ရင်းမှာပင် ရေများက သူမ၏ ပါးစပ်ထဲသို့ ဝင်လာ၏။

သူမ၏ နှာခေါင်းထဲသို့လည်း ဝင်လာ၏။

ထို့ကြောင့် သူမသည် တဖြည်းဖြည်းနှင့် အသက်ရှူမှန်းကျပ်ကာ မျက်ဖြူလန်လာ၏။

နောက်ထပ် မိနစ်အနည်းငယ်ကြာလျှင် ရေနန်းဒေဝီ၏ အခြေအနေမှာ ယခုထက်ပို၍ ဆိုးဝါးလာတော့မည် ဖြစ်၏။

ထို့ထက် အချိန်အနည်းငယ်ပို၍ ကြာပါက ရေနန်းဒေဝီသည် အသက်မရှူနိုင်ဘဲ သေဆုံးသွားရတော့မည် ဖြစ်၏။

ချူလှူးရှမ်းသည် သေရေးရှင်ရေးဖြစ်သည့်အတွက် ယခုကဲ့သို ပြုလုပ်ရခြင်းကို စိတ်မကောင်း ဖြစ်နေ၏။

ရေနန်းဒေဝီအပေါ် မိမိ၏အောင်မြင်မှုသည်မတရားသဖြင့် အနိုင်ယူခဲ့ခြင်းဖြစ်၏။

သို့သော် ရန်သူနှင့်ယှဉ်ပြိုင်ရာတွင် ရန်သူက မသေလျှင် မိမိက သေဆုံးရမည် မဟုတ်ပါလား။

ယခု ချူလှူးရှမ်းက ရေနန်းဒေဝီအပေါ် အနိုင်ရခြင်းမှာ ရေအောက်ထဲ၌ ချူလှူးရှမ်းက ရေနန်းဒေဝီထက် အသက်ရှူကို ပို၍ အချိန်ကြာအောင် အောင့်ထားနိုင်သောကြောင့် ဖြစ်၏။

အကယ်၍သာ ရေနန်းဒေဝီကသာ မိမိကဲ့သို့ ရေအောက်ထဲ၌ အချိန်ကြာမြင့်စွာ နေနိုင်ခဲ့လျှင် ...

ချူလွှာရှမ်းသည် ထိုသို့တွေးမိပြီး မိမိအနေဖြင့် ရေနန်းဒေဝီ အပေါ် မတရားပြုလုပ်ခြင်း မဟုတ်ဘဲ၊ ရေနန်းဒေဝီက မိမိလောက် သက်လုံမကောင်းသဖြင့် ရှုံးနိမ့်ရခြင်း ဖြစ်သည်ဟု တွေးကာ စိတ်ကို ဖြေသိမ့်လိုက်၏။

ထိုစဉ်မှာပင် ရေအောက်မှ ရေလုံးကြီးတစ်ခုကကြွတက်လာ လေတော့၏။

ကုန်းနန်းယဉ်သည် ချူလွှာရှမ်းနှင့် ရေနန်းဒေဝီတို့၏ တိုက်ပွဲ ကြီးသို့ ဝင်ရောက် ဟန့်တားနိုင်စွမ်းမရှိပါ။

ထိုအချိန်တွင် ချူလွှာရှမ်း၏ လက်ချက်ဖြင့် ရေနန်းဒေဝီ ရှုံးနိမ့်ရတော့မည်ကို တွေ့လိုက်ရ၏။

ထို့ကြောင့် သူမသည် ရေအောက်သို့ ကပျာကယာ ကူးခတ် သွားပြီး ရေပန်းခလုတ်ကို ဖွင့်လိုက်ခြင်း ဖြစ်၏။

ကုန်းနန်းယဉ်သည် အသက်ရှူမွန်းကျပ်နေသော ရေနန်းဒေဝီ ကို ကယ်တင်ရန်အတွက် ရေအောက်မှ ရေပန်းခလုတ်ကို ဖွင့်လိုက် ခြင်းဖြစ်၏။

ထို့ကြောင့် ...

ရေအောက်မှ ရေများပန်းထွက်လာကာ ရေလုံး တစ်ခုဖြစ် လာပြီး ရေနန်းဒေဝီနှင့် ချူလွှာရှမ်းတို့ကို ရေမျက်နှာပြင်ပေါ်သို့ ပင့်တင်လိုက်ခြင်း ဖြစ်၏။

ရေအောက်မှ ဖြစ်ပေါ်လာသော ရေလုံးကြီးက ရေနန်းဒေဝီနှင့်



ချူလွှာရှမ်းတို့ကို ရေမျက်နှာပြင် အပေါ်သို့ ပင့်တင်လိုက်သော အခါ ရေနန်းဒေဝီနှင့် ချူလွှာရှမ်းတို့သည် ရေမျက်နှာပြင်ပေါ်သို့ လုံးထွေး၍ ဘွားခနဲ ပေါ်လာ၏။

ရေအောက်၌ အသက်ရှူမွန်းကျပ်ကာ သေလုမျောပါးဖြစ်နေ သော ရေနန်းဒေဝီသည် ရေမျက်နှာပြင်ပေါ်သို့ ဦးခေါင်းပေါ်လာ သောအခါ လေကို အားရပါးရ ရှူရှိုက်လိုက်၏။

ရေနန်းဒေဝီသည် လေကိုရှူရှိုက်လိုက်ရသဖြင့် ပြန်လည်၍ လန်းဆန်းလာ၏။

ရေကန်နံဘေး၌ ဝိုင်းအုံကြည့်နေသော မိန်းကလေးများသည် ရေမျက်နှာပြင်ပေါ်သို့ ရေနန်းဒေဝီ ပေါ်ထွက်လာသောအခါ ဝိုင်းအုံ၍ အားပေးဟန်ဖြင့် ဆူညံစွာ အော်ဟစ်လိုက်ကြ၏။

ရေနန်းဒေဝီက အသက်ရှူမွန်းကျပ်နေရာမှ အသက်ရှူခွင့် ရရှိ သွားသောအခါ ချူလွှာရှမ်းသည် ရင်ထဲ၌ထိတ်လန့်သွား၏။

အကယ်၍သာ ရေနန်းဒေဝီသည် ကောင်းစွာ အသက်ရှူနိုင် ခွင့် ရရှိသွားပါက မိမိအနေဖြင့် ရှုံးနိမ့်သွားတော့မည်ကို ချူလွှာရှမ်းက ကောင်းစွာ နားလည်ထား၏။

ထို့ကြောင့် သူသည် လက်နှစ်ဖက်ဖြင့် ရေနန်းဒေဝီ၏ ဦးခေါင်းကို ကပျာကယာ ဖိကာ ရေအောက်ထဲသို့ ပြန်၍ နှစ်လိုက် ၏။

ရေနန်းဒေဝီသည် အသက်ကို အားရပါးရ မရှူရှိုက်ရခင်မှာ

ပင် ချယ်လှရှမ်းက ရေထဲသို့ဆွဲနှစ်လိုက်သဖြင့် ဝူးဝူးဝါးဝါး အသံမြည်ကာ ရေအောက်ထဲသို့ ပြန်လည်ရောက်သွား၏။

ချယ်လှရှမ်းသည် ရေနန်းဒေဝီကို ရေအောက်ထဲသို့ ပြန်၍ဆွဲနှစ်လိုက်ပြီးနောက် တစ်ဆက်တည်းမှာပင် ရေနန်းဒေဝီ၏ ပါးစပ်နှင့် နှာခေါင်းကို လက်ဖြင့်ဖိ၍ ပိတ်ထားလိုက်၏။

ရေနန်းဒေဝီက ရုန်းကန်လိုက်၏။

သို့သော် ချယ်လှရှမ်းက မလွှတ်တမ်းဖက်ထား၏။

ချယ်လှရှမ်းသည် ရေနန်းဒေဝီကို မလွှတ်ရဲပါ။

လက်လွှတ်လိုက်သည်နှင့် ရေနန်းဒေဝီ၏ တုန့်ပြန်တိုက်ခိုက်မှုက မည်မျှပြင်းထန်မည်ကို ချယ်လှရှမ်းက သိထား၏။

ထို့ကြောင့် သူသည် ရေနန်းဒေဝီကို ရေအောက်ထဲ၌ အချိန်ကြာမြင့်စွာ နှစ်မြုပ်ထားရန် အရေးကြီးသည်မဟုတ်ပါလား။

❋ ❋ ❋

ရေနန်းဒေဝီသည် ချယ်လှရှမ်းကို မျက်လုံးပြူး၍ ကြည့်လိုက်၏။

ရေနန်းဒေဝီ၏ မျက်လုံးထဲ၌ သနားဖွယ်အရိပ်အရောင်ကို ချယ်လှရှမ်းက တွေ့လိုက်ရ၏။

တစ်ဆက်တည်းမှာပင် ချယ်လှရှမ်း၏ ရင်ထဲ၌ ရေနန်းဒေဝီအပေါ် သနားစိတ်ဖြစ်ပေါ်လာ၏။



ရန်သူနှင့် သူသေကိုယ်သေ ယှဉ်ပြိုင်နေသည့်အချိန်၌ ရန်သူ့အပေါ် သနားစိတ်ဖြစ်ပေါ်ခြင်းသည် မိမိ၏ရှုံးနိမ့်ခြင်း အစပင် ဖြစ်သည်ဟူသော သိုင်းလောကသားများ၏စကားကို ချယ်လှရှမ်းက မေ့လျော့သွား၏။

ချယ်လှရှမ်းသည် ရေနန်းဒေဝီကို မသတ်ရက်တော့ပါ။

ထို့ကြောင့် သူသည် နှာခေါင်းနှင့်ပါးစပ်ကို ပိတ်ထားသောလက်အား ဖယ်ရှားလိုက်၏။

ထိုအချိန်မှာပင် ရေနန်းဒေဝီ၏ လက်ချောင်းများကချယ်လှရှမ်း၏သွေးကြောကိုထောက်၍ ပိတ်လိုက်လေတော့၏။

ထိုစဉ်မှာပင် ချယ်လှရှမ်းသည် သိုင်းလောက၏ ဆောင်ပုဒ်တစ်ခုကိုသတိရလာ၏။

ထိုဆောင်ပုဒ်မှာ အောက်ပါအတိုင်းဖြစ်၏။

"ရန်သူကို သနားခြင်းသည် မိမိကိုယ်ကိုရက်စက်ခြင်းပင်ဖြစ်၏။"

ယခု ...

ချယ်လှရှမ်းသည် ရန်သူကို သနားစိတ်ဖြစ်ပေါ်ခဲ့၏။

ထို့ကြောင့် ရန်သူ၏ သွေးကြောပိတ်ခြင်းကို ခံလိုက်ရလေတော့သည် မဟုတ်ပါလား။

ချယ်လှရှမ်းသည် သတိလစ်သွား၏။

သူသည် မည်မျှကြာအောင် သတိမေ့နေသည် မသိပါ။

သတိပြန်ရ၍ မျက်လုံးဖွင့်လိုက်သောအခါ ကုန်းနန်းယဉ်ကို မြင်တွေ့လိုက်ရ၏။

ကုန်းနန်းယဉ်သည် ချူလှူရှမ်းကိုကြည့်ပြီး မဲ့ပြုံး‌ပြုံးပြ လိုက်၏။

ချူလှူရှမ်းသည် ကုန်းနန်းယဉ်ကို ဂရုမစိုက်ဘဲ ပတ်ဝန်းကျင် ကို တစ်ချက်အကဲခတ် ကြည့်လိုက်၏။

ထိုသို့အကဲခတ်ကြည့်လိုက်သောအခါ သူသည် ရေနန်းဒေဝီ ၏အခန်းထဲသို့ပြန်၍ရောက်နေကြောင်း တွေ့လိုက်ရ၏။

ရေနန်းဒေဝီက သူ၏ရှေ့၌ တင်ပလ္လင်ခွေ၍ ထိုင်နေ၏။

ချူလှူရှမ်းသည် သူမကိုလှမ်းကြည့်လိုက်၏။

သူမကလည်း ချူလှူရှမ်းကို ကြည့်နေ၏။

သူတို့နှစ်ယောက် အကြည့်ချင်းဆုံသွားသောအခါ ရေနန်းဒေဝီ ၏ မျက်လုံးထဲ၌ သနားစဖွယ် အရိပ်အရောင်များ လုံးဝမတွေ့ရ တော့ပါ။

သူမ၏ မျက်လုံးထဲ၌ ကြမ်းတမ်းရက်စက်သော အရိပ်အရောင် များ ဖြစ်ပေါ်နေ၏။

ကုန်းနန်းယဉ်က ချူလှူရှမ်းကိုကြည့်ပြီး အေးစက်သော လေသံဖြင့် ...

"ကျွန်မ ပြောဖူးတယ်မဟုတ်လား၊ ဘယ်သူမဆို ရေနန်းဒေဝီ ကို ယှဉ်လို့မရပါဘူးလို့"



ဟု ပြောလိုက်၏။

ချူလှူရှမ်းက ဘာမျှပြန်မပြောပါ။

ကုန်းနန်းယဉ်က မဲ့ပြုံးပြုံးကာ ...

"ဘာလဲ ရှင်က ရှုံးတယ်ဆိုတာ ဝန်မခံချင်လို့လား"

ဟု ဝင်၍ပြောလိုက်၏။

ချူလှူရှမ်းက နှုတ်ခမ်းကိုတွန့် မဲ့လိုက်ပြီး ...

"ကျုပ်က ဝန်မခံလို့ဖြစ်မလား"

ဟု ပြောလိုက်၏။

ကုန်းနန်းယဉ်က ရယ်မောလိုက်ပြီး ...

"ရှင်က ရှုံးပြီလို့ ဝန်မခံလို့လည်း ရမှမရတော့တာ၊ ရှုံးနေပြီပဲ ဟုတ်တယ် မဟုတ်လား"

ချူလှူရှမ်းက မဲ့ပြုံးပြုံးကာ ...

"ထူးတာပေါ့"

ချူလှူရှမ်းးက မျက်ခုံးပင့်ကာ ...

"ဟုတ်လား၊ ဘယ်လိုထူးတာလဲ"

ကုန်းနန်းယဉ်က ပြုံးလိုက်ပြီး ...

"ရှင်က ရှုံးပြီလို့ဝန်ခံလိုက်ရင် သက်သက်သာသာနဲ့ သေရ မယ်၊ ဝန်မခံရင်တော့ အတော်နာနာကျင်ကျင်နဲ့ သေရမယ်"

ချူလှူရှမ်းက ပြုံးလိုက်ပြီး ...

"သေတာကတော့ သေမှာပဲ မဟုတ်လား"

ကုန်းနန်းယဉ်က ဦးခေါင်းညိတ်ကာ ...

"ဒါပေါ့ ... ဒါပေမယ့် သေတာချင်းအတူတူ မနာမကျင်ဘဲ သေရတာ ပိုမကောင်းဘူးလား"

ဟု ပြောလိုက်၏။

ပြီးမှ ...

သူမသည် ရေနန်းဒေဝီဘက်သို့ လှည့်ကြည့်ကာ ...

"ကျွန်မသူ့ကို ဘယ်လို အပြစ်ပေးရမလဲ"

ဟု မေးလိုက်၏။

ရေနန်းဒေဝီက အေးစက်သော လေသံဖြင့် ...

"သူက ညည်းရဲ့အကျဉ်းသားဖြစ်နေပြီ ညည်းသဘောပဲ"

ဟု ပြောလိုက်၏။

ရေနန်းဒေဝီ၏ စကားကြောင့် ကုန်းနန်းယဉ်သည် ရေဇော်တုန်းရေတွင်းထဲကျ သူကဲ့သို့ စိတ်ထဲ၌ ဝမ်းသာသွား၏။

သူမ၏ မျက်လုံးများကလည်း ကောက်ကျစ်စဉ်းလဲသော အရိပ်အရောင်များ တဖျတ်ဖျတ်ဖြစ်ပေါ်လာ၏။

ပြီးမှ ...

"ကောင်းတယ် သူ့ကို ကျွန်မလက်ထဲအပ်လိုက်တာ ကောင်းတယ်၊ ကျွန်မ သူ့ကို ကောင်းကောင်းဆုံးမပြမယ်"

ဟု ပြောလိုက်၏။

ရေနန်းဒေဝီက သက်ပြင်းချလိုက်ပြီး ...



"နေဦး ..."

ဟု ပြောလိုက်၏။

ရေနန်းဒေဝီက ဟန့်တားလိုက်သောကြောင့် ကုန်းနန်းယဉ်က ရေနန်းဒေဝီကို မျက်ခုံးပင့်ကြည့်ကာ ...

"ဟုတ်ကဲ့၊ ဘာပြောစရာရှိလို့လဲ"

ဟု မေးလိုက်၏။

ရေနန်းဒေဝီက သက်ပြင်းချကာ ...

"မင်းက မိန်းမလျှာ သိုင်းသမားကိုသတ်သလို သူ့ကို သတ်မလို့လား"

ဟု ပြောလိုက်၏။

ကုန်းနန်းယဉ်သည် ရေနန်းဒေဝီ၏ စကားကြောင့် မျက်စိမျက်နှာပျက်သွားပြီး ရေနန်းဒေဝီကို ကြည့်လိုက်၏။

ရေနန်းဒေဝီက ကုန်းနန်းယဉ်ကို မကြည့်ပါ။

သူမသည် သူမ၏ လှပ၍သွယ်ပျောင်းသော လက်ချောင်းကလေးများကို ကြည့်နေ၏။

ကုန်းနန်းယဉ်က သက်ပြင်းချလိုက်ပြီး ...

"ကျွန်မက မိန်းမလျှာ သိုင်းသမားကို သတ်လိုက်တယ်လို့ သူကပြောတာလား"

ဟု မေးရင်း ချူလှူရှုမ်းကို ညွှန်ပြလိုက်၏။

ရေနန်းဒေဝီက သက်ပြင်းချလိုက်ပြီး ...

"ညည်းက မိန်းမလျာ သိုင်းသမားကို သတ်လိုက်တဲ့ အချိန်မှာ သူကအဲဒီနားမှာ ရှိနေတယ်"

ကုန်းနန်းယဉ်က ပါးစပ်ပိတ်သွား၏။

သူမသည် ရေနန်းဒေဝီကို စူးစိုက်ကြည့်လိုက်၏။

သူမ၏ ခန္ဓာကိုယ်တစ်ခုလုံးသည် တဆတ်ဆတ်တုန်လာ၏။

ရေနန်းဒေဝီက ကုန်းနန်းယဉ်ကို ရုတ်တရက် မျက်လုံးလှန်ကြည့်လိုက်ပြီး ...

"မင်းက မဟုတ်ဘူးလို့ ငြင်းမှာလား"

ဟု မေးလိုက်၏။

ကုန်းနန်းယဉ်က နှုတ်ခမ်းကို တစ်ချက်ကိုက်လိုက်၏။

ပြီးမှ ...

အသံကျယ်လောင်စွာဖြင့် ...

"ဟုတ်တယ်၊ မိန်းမလျာသိုင်းသမားကို ကျွန်မသတ်လိုက်တယ်၊ အဲဒီအတွက် ကျွန်မကိုသတ်ချင်သတ်နိုင်တယ်၊ နောင်တမရဘူး၊ သူကသေသင့်တဲ့လူပဲ၊ ဟင်းဟင်း ...ကျွန်မ မသေခင်ကော့ အရလို တကူးတကလာပြီး ကုန်းချောတဲ့လူကို သတ်သွားရမယ်"

ဟု ပြောလိုက်၏။

ထို့နောက် သူမသည် ရုတ်တရက် လက်ကိုဆန့်ထုတ်ကာ ချူလျူရှမ်း၏ ရင်ဝကို လက်ဖြင့် ရိုက်ချလိုက်၏။

"ဝုန်း ..."



ဟူသော အသံပေါ်ထွက်လာပြီး ကုန်းနန်းယဉ်၏ ခန္ဓာကိုယ်သည် နောက်သို့ လွင့်စဉ်သွားလေတော့၏။

ကုန်းနန်းယဉ်က ချူလျူရှမ်း၏ ရင်ဝကို လက်ဝါးဖြင့်ရိုက်ချလိုက်သောအခါ ချူလျူရှမ်းကတုန့်ပြန် တိုက်ခိုက်လိုက်သောကြောင့် "ဝုန်း"ဟူသော အသံမြည်ပြီး ကုန်းနန်းယဉ်၏ ကိုယ်ခန္ဓာသည် နောက်သို့ လွင့်စင်သွားခြင်း မဟုတ်ပါ။

ကုန်းနန်းယဉ်က ချူလျူရှမ်းကို လက်ဝါးဖြင့်ရိုက်ချလိုက်ချိန်တွင် ရေနန်းဒေဝီက လက်ကိုဝှေ့ယမ်းကာ ကုန်းနန်းယဉ်ကို ရိုက်ချလိုက်သောကြောင့် ဖြစ်၏။

ထို့ကြောင့် ကုန်းနန်းယဉ်သည် နောက်သို့လွင့်စင်သွားပြီး အခန်းနံရံနှင့် တိုက်မိကာ ကြမ်းပေါ်သို့ ပုံလျက်သားလဲကျသွား၏။

ရေနန်းဒေဝီက ထိုင်ရာမှ ဖြည်းညင်းစွာ ထလိုက်၏။

ကုန်းနန်းယဉ်သည လဲကျရာမှ လူးလိမ့်ထကာ အံ့ဩဟန်ဖြင့် ရေနန်းဒေဝီကို ကြည့်လိုက်၏။

ပြီးမှ သူမသည် ဝမ်းနည်းကြေကွဲသော မျက်လုံးတစ်စုံဖြင့် ရေနန်းဒေဝီကို ကြည့်ရင်း ...

"ညည်း ...ညည်း ငါ့ကို ရက်စက်တယ်"

ဟု ပြောလိုက်၏။

ရေနန်းဒေဝီက သက်ပြင်းချကာ ...

"ညည်းက သူ့ကိုဘာဖြစ်လို့ ရက်စက်ရတာလဲ"

ကုန်းနန်းယဉ်က အနည်းငယ် တုန်ရီသော လေသံဖြင့်...

"ကျွန်မသိပါပြီ ရှင်ကသူ့ကို မုန်းတယ်၊ မုန်းတယ်လို့ ပါးစပ်ကပြောနေပေမယ့် ရှင့်ရဲ့ရင်ထဲက သူ့ကိုချစ်နေတုန်းပဲ၊ သူ့ကို သံယောဇဉ်ရှိနေတုန်းပဲ"

ဟုပြောလိုက်၏။

ထို့နောက် သူမသည် ဦးခေါင်းခါယမ်းကာ...

"သူက ရှင့်ကိုပစ်သွားတာ ရှင်က သူ့ကိုဘာဖြစ်လို့ သံယောဇဉ်ရှိနေရတာလဲ၊ ကျွန်မကတော့ နားမလည်တော့ဘူးဒါပေမယ့် ရှင့်ကို သူက ပစ်သွားတယ်ဆိုကတည်းက သူဟာ သေသင့်တဲ့လူပဲ၊ သူ့ကို ကျွန်မသတ်တာမှားလား"

ရေနန်းဒေဝီက သက်ပြင်းချကာ...

"ညည်းက ဉာဏ်ကောင်းတယ်၊ ထက်မြက်တယ်၊ ဒါပေမယ့် တစ်ခါ, တစ်ခါ အဲဒီလို ဉာဏ်ကောင်းပြီး, ထက်မြက်တာဟာ ဒုက္ခဖြစ်တတ်တယ်"

ဟုပြောလိုက်၏။

ကုန်းနန်းယဉ်က နှုတ်ခမ်းကို ကိုက်ထား၏။

သူမသည် ဘာမျှပြန်မပြောပါ။

သူမသည် ရေနန်းဒေဝီကို အတန်ကြာအောင် ကြည့်နေပြီးမှ မျက်လုံးကို မှိတ်ထားလိုက်၏၊

ပတ်ဝန်းကျင်သည် ရုတ်တရက် တိတ်ဆိတ်သွား၏။



အရာအားလုံးသည်လှုပ်ရှားမှု မရှိဘဲ ရပ်တန့်သွား၏။

ထို့ကြောင့် တိတ်ဆိတ်ငြိမ်သက်ခြင်းက အသက်ရှူမှန်းကျပ်အောင်အထိ တိတ်ဆိတ်ငြိမ်သက်နေ၏။

အတန်ကြာမှ ရေနန်းဒေဝီထံမှ သက်ပြင်းချသံ တစ်ချက် ပေါ်ထွက်လာ၏။

ပြီးမှ သူမသည် ချူလျှူရှမ်းကို စူးစိုက်ကြည့်ကာ...

"ရှင်က ဘာဖြစ်လို့ ရှုံးနိမ့်သွားရတယ်ဆိုတာ သိလား"

ဟု မေးလိုက်၏။

ချူလျှူရှမ်းက ပြုံးလိုက်ပြီး...

"သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ အခုအချိန်မှာ ဘာထူးတော့မှာလဲ"

ဟု ပြန်ပြောလိုက်၏။

ရေနန်းဒေဝီက...

"ရှင် အခုလို ရှုံးနိမ့်သွားရတာ ရှင့်ရဲ့အသည်းက ပျော့ညံ့လို့ပဲ"

ချူလျှူရှမ်းက ပြုံးလိုက်ပြီး...

"ကျုပ်က လုပ်သင့်လုပ်တိုက်တယ်ထင်လို့ လုပ်လိုက်တာပါ၊ ဒီအတွက် ကျုပ်က နောင်တရမှာ မဟုတ်ဘူး၊ လူတစ်ယောက်ကို သတ်ဖို့ဆိုတာ မခဲယဉ်းပါဘူး၊ ဒါပေမယ့် လူတစ်ယောက်ကို ကယ်တင်ဖို့ကိစ္စကတော့ အတော်ခက်ခဲပါတယ်"

ရေနန်းဒေဝီက ...

"ဘာပဲဖြစ်ဖြစ် ရှင့်ရဲ့အသည်းက ပျော့လွန်းလို့ဖြစ်တယ်ဆိုတာ ဝန်ခံရမှာပဲ"

ချူလှူရှမ်းက ပြုံးလိုက်ပြီး ...

"ထားပါတော့ ခင်ဗျားရဲ့ အသည်းက ... "

ရေနန်းဒေဝီက ပါးစပ်ပိတ်သွား၏။

သူမသည် ဘာမျှ ပြန်မပြောပါ။

အတန်ကြာမှ ရေနန်းဒေဝီသည် နာကျင်စွာ တစ်ချက်ပြုံးလိုက်ပြီး ...

"ကျွန်မရဲ့အသည်းက ပျော့ဘို့နေနေသာသာ၊ ကျွန်မမှာ အသည်းနှလုံးဆိုတာ မရှိတော့ဘူး"

ဟု ပြောလိုက်၏။

ရေနန်းဒေဝီ၏စကားကြောင့် ချူလှူရှမ်းသည် သက်ပြင်းချလိုက်မိ၏။

ရေနန်းဒေဝီသည် သိုင်းလောက၌ လျှမ်းလျှမ်းတောက် ကျော်ကြားနေသူ ဖြစ်၏။

ထို့ကြောင့် ...

ရေနန်းဒေဝီသည် ယောကျ်ားများကိုအလွန် မုန်းတီးသော မိန်းမရိုင်းတစ်ယောက်ဟု သိုင်းလောက တစ်ခုလုံးက ထင်မှတ်ထားလေ၏။



သို့သော် ယခု ရေနန်းဒေဝီနှင့်ဆုံတွေ့ရသောအခါ ရေနန်းဒေဝီသည် အလွန်သနားဘွယ်ကောင်းပြီး အလွန်အထီးကျန်စွာ ဘဝကိုဖြတ်သန်းနေရသူ တစ်ယောက်ဖြစ်ကြောင်း ချူလှူရှမ်းကနားလည်လာ၏။

ရေနန်းဒေဝီသည် အတန်ကြာအောင် တိတ်ဆိတ်နေပြီးမှ သက်ပြင်းချလိုက်၏။

ပြီးမှ သူမသည် ချူလှူရှမ်းကို တုပ်နှောင်ထားသော ကြိုးများကို ဖြည်ပေးလိုက်ရင်း ...

"ကျွန်မမှာ အသည်းနှလုံးမရှိတော့ဘူး ဒီတော့ ကျွန်မမှာ ဘာမှ မက်မောစရာ မရှိတော့ဘူး စိတ်လည်းအတော်ပျက်သွားပြီ၊ ရှင့်ကို သတ်ချင်စိတ်လည်း မရှိတော့ဘူး"

ဟု ပြောလိုက်၏။

ချူလှူရှမ်းသည် ရေနန်းဒေဝီကို အံ့သြစွာ ကြည့်ရင်း ...

"ခင်ဗျာ ..."

ချူလှူရှမ်း၏ စကားမဆုံးမီ ရေနန်းဒေဝီက လက်ကာပြကာ ...

"ရှင်ဘာမှ စကားရှည်မနေနဲ့၊ ထွက်သွားတော့ ကျွန်မစိတ်မပြောင်းခင် ထွက်သွားတော့"

ဟု ပြောလိုက်၏။

ပြီးမှ သူမသည် မိန်းကလေးတစ်ယောက်အား ...

"ညည်းက အမှတ်(၃)ကိုသွားပြော ဖမ်းထားတဲ့ (၃)ယောက်ကို လွှတ်ပေးလိုက်လို့"

ဟု ပြောလိုက်၏။

ထို့နောက် သူမသည် ခုတင်ပေါ်၌ လှဲ၍ အိပ်လိုက်၏။

ပြီးမှ သူမသည်မျက်လုံးကို မှိတ်လိုက်လေတော့သည် မဟုတ်ပါလား။

❋ ❋ ❋

အခန်းက မြေအောက်ခန်းဖြစ်၏။

အခန်းကို လေးဘက်လေးတန် အုတ်နံရံများဖြင့် ကာရံထား၏။

အခန်း၏ တစ်ခုတည်းသော တံခါးပေါက်ကို ထူထဲသော သံမဏိတံခါးဖြင့် ပိတ်ထား၏။

တံခါး၏ အပေါ်ပိုင်း၌ ချောင်းကြည့်ပေါက်တစ်ခု ရှိ၏။

မြေအောက်ခန်းဖြစ်၍ အခန်းတစ်ခုလုံးစိုစွတ် ထိုင်းမှိုင်းနေ၏။

ထိုအခန်းထဲ၌ လူ(၃)ယောက်ရှိ၏။

ထိုလူ(၃)ယောက်မှာ ဝူးထိဝါး၊တုဟုန်နှင့် လုဝါးတို့ ဖြစ်၏။

ဝူးထိဝါးသည် သေရမှာကို မကြောက်ပါ။

သို့သော် ...

သူသည် မသေခင် အရက်ကို ဝ,အောင်သောက်သွား ချင်သေး၏။



ထိုအခွင့်အရေးကို ရေနန်းဒေဝီထံမှ တောင်းရန်စိတ်ကူးထား၏။

လုဝါးက ...

"ရေနန်းဒေဝီရဲ့သိုင်းပညာဟာ ထင်တာထက် ပိုပြီးထက်မြက်ပါလား"

ဟု ပြောလိုက်၏။

တုဟုန်က ...

"ငါတို့ကို ဘာဖြစ်လို့ ချက်ချင်းမသတ်တာလဲ"

ဝူးထိဝါးက ပြုံးကာ ...

"ကျုပ်ကို အရက်နဲ့ မဧည့်ခံရသေးလို့"

လုဝါးက ...

"တော်ပါ သေမှာတောင် အရက်ကိုတမ်းတနေသေးတယ်"

ဝူးထိဝါးက သက်ပြင်းချကာ ...

"ဘာပဲဖြစ်ဖြစ် မသေခင်မှာတော့ အရက်ကိုတစ်ဝကြီး သောက်ချင်သေးတယ်"

တုဟုန်က မျက်မှောင်ကုတ်ကာ ...

"လုဝါး မိန်းမလျှာသိုင်းသမား ဒီကိုလာတယ်ဆိုတာ သေချာရဲ့လား"

ဟု မေးလိုက်၏။

လုဝါးက ...

"သေချာပါတယ် သူက သူ့သမီးရဲ့အုတ်ဂူကို မျက်စိနဲ့မြင်မှ သူ့သမီးသေပြီဆိုတာကိုယုံမှာ ..."

တုဟုန်က မျက်မှောင်ကုတ်ကာ ...

"သူ့ရဲ့သမီးက ရေနန်းဒေဝီရဲ့ တပည့် ဟုတ်လား"

လုဝါးက ...

"ဟုတ်လိမ့်မယ်၊ သူ့သမီးက ရေအောက်နန်းတော်မှာနေတယ်လို့ ပြောဖူးတယ်၊ ပြီးတော့ သူတို့(၅)နှစ်တစ်ကြိမ် ဘုံကျောင်းမှာဆုံခဲ့တယ် ဒီတစ်ခေါက် သူကသူ့သမီးနဲ့ ကျုပ်ကိုမိတ်ဆက်ပေးမလို့ ကျုပ်ကို ခေါ်လာကတာ"

တုဟုန်က ...

"ဟိုတစ်ယောက်ကလည်း ရေနန်းဒေဝီရဲ့ တပည့်ပဲ မဟုတ်လား"

ဝူးထိဝါးက ...

"ဟုတ်တယ် သူ့နာမည်က ကုန်းနန်းယဉ်လို့ ခေါ်တယ်"

တုဟုန်က မျက်မှောင်ကုတ်ကာ ...

"ခင်ဗျားက ဘယ်လိုလုပ် သိတာလဲ"

ဝူးထိဝါးက ...

"သူ့ကို တည်းခိုခန်းမှာ တွေ့ခဲ့တယ်၊ စုယုံယုံက သူဟာကုန်းနန်းယဉ်လို့ပြောတယ်၊ ပြီးတော့ ရေနန်းဒေဝီရဲ့ အားကိုးရတဲ့တပည့်လို့လဲ ပြောတယ်"



လုဝါးက သက်ပြင်းချကာ ...

"ကျုပ်ကတော့ မသေချင်သေးဘူး"

တုဟုန်က ...

"ဘယ်သူက သေချင်မှာလဲ"

ဝူးထိဝါးက ...

"ဒါဆို ကျုပ်တို့ ဒီကထွက်လို့ရအောင် ကြံပေါ့"

လုဝါးက ...

"ဟုတ်တယ် ကျုပ်တို့ ဒီက ထွက်လို့ရအောင် ကြံရမယ်၊ ပြီး ရင် ကျုပ် မိန်းမလျာသိုင်းသမားကို လိုက်ရှာဦးမယ်"

ဝူးထိဝါးက ...

"ဟုတ်တယ် ကျုပ်ကလည်း ချူလျူရှမ်းကို လိုက်ရှာဦးမယ်"

တုဟုန်က ...

"သူတို့ နှစ်ယောက်တွေ့သွားပြီး ကျုပ်တို့အဖမ်းခံထားရတဲ့ အကြောင်းသိရင် ကောင်းမယ်"

လုဝါးက သက်ပြင်းချကာ ...

"သူတို့လည်း တို့လိုအဖမ်းခံနေရတာဆိုရင် ဘယ်လိုလုပ်မလဲ"

လုဝါး၏စကားကြောင့် ဝူးထိဝါးနှင့် တုဟုန်တို့သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်၏။

ဝူးထိဝါးက သက်ပြင်းချကာ ...

"လောကပေါ်မှာ ချူလှူရှမ်းလောက် ကံကောင်းတဲ့လူကို ကျုပ် မတွေ့ဖူးသေးဘူး"

ဟု ပြောလိုက်၏။

လုဝါးက ...

"ဘာလဲ ချူလှူရှမ်းက အဖမ်းမခံရဘူးလို့ ပြောချင်တာလား"

တုဟုန်က ...

"မင်းရဲ့ ချူလှူရှမ်းလည်း ရေအောက်နန်းတော်မှာ ကံကောင်းလိမ့်မယ် မထင်ဘူး"

ဝူးထိဝါးက ပြုံးလိုက်ပြီး ...

"ဘာပဲဖြစ်ဖြစ် ရေအောက်နန်းတော်မှာ ကျုပ်တို့(၃)ယောက် ကံကောင်းပါတယ်""

တုဟုန်က နှာခေါင်းရှုံ့ကာ ...

"အချုပ်ခန်းထဲ ရောက်နေတာ ကံကောင်းတာလား"

ဝူးထိဝါးက ပြုံးကာ ...

"ချက်ချင်း အသတ်မခံရတာ ကံကောင်းတာပေါ့"

တုဟုန်က မျက်နှာကို ရှုံ့မဲ့ကာ ...

"ဘာထူးမှာလဲ ချက်ချင်း အသတ်မခံရလည်း နောက်ကျ အသတ်ခံရမှာပဲ"

ဝူးထိဝါးက ပြုံးကာ ...



"ချက်ချင်း အသတ်မခံရတော့ ဒီကလွတ်အောင် နည်းလမ်း ရှာနိုင်တာပေါ့"

တုဟုန်က မျက်နှာရှုံ့မဲ့လိုက်ပြီး သံမဏိတံခါးကို လက်ဖြင့် ပုတ်ကာ ...

"မင်းက ဒီတံခါးကိုဖွင့် ..."

တုဟုန်သည် စကားကိုဆုံးအောင် မပြောတော့ပါ။

သူသည် မယုံကြည်နိုင်လောက်အောင် အံ့သြကာ မျက်လုံးများ ဖြင့် သံမဏိတံခါးကို ကြည့်လိုက်၏။

အကြောင်းမှာ တုဟုန်က သံမဏိတံခါးကို လက်ဖြင့်ပုတ်လိုက် ရာ သံမဏိတံခါးက အနည်းငယ်ပွင့်ဟ သွားသောကြောင့် ဖြစ်၏။

ထို့ကြောင့် တုဟုန်သည် အလွန်အံ့သြသော မျက်လုံးများဖြင့် သံမဏိတံခါးကို ကြည့်လိုက်၏။

ထို့နောက် သူသည် သံမဏိတံခါးကို တွန်းလိုက်ရာ သံမဏိ တံခါးသည် ပွင့်သွားလေတော့သည် မဟုတ်ပါလား။

အမှတ်(၃)သည် စုယုံယုံ၏ အခေါ်ဖြစ်၏။

ထို့ကြောင့် ...

သူမသည် ဝူးထိဝါးတို့ကို စစ်ဆေးမည်ဟု ပြောကာ အချုပ်ခန်း ထဲ၌ ချုပ်နှောင်ထားခဲ့၏။

ထို့နောက် သူမသည် လူအလစ်၌ သံမဏိတံခါးကို သော့ဖွင့် ထားခဲ့၏။

ထိုကိစ္စနှင့်ပတ်သက်၍ ရေနန်းဒေဝီက မိမိကို ပေါ့ဆသည်ဟု အပြစ်ပေးလျှင် အပြစ်ဒဏ်ကို ခံယူရန် အသင့်ပြင်ထား၏။

သို့သော် သူမအတွက် အလွန်ကံကောင်းသွား၏။

အကြောင်းမှာ ရေနန်းဒေဝီက ဂူးထိဝါးတို့ကို လွှတ်ပေးရန် အမိန့်ရောက်လာသောကြောင့် ဖြစ်သည် မဟုတ်ပါလား။

❋ ❋ ❋

ချူလှူရှမ်းသည် ရေနန်းဒေဝီကိုလှည့်ကြည့်လိုက်၏။

ရေနန်းဒေဝီသည် ခုတင်ပေါ်၌ လှဲကာ မျက်နှာကျက်ကို အဓိပ္ပာယ်ကင်းမဲ့စွာ ငေး၍ကြည့်နေ၏။

ထိုအချိန်မှာပင် လျှို့ဝှက်တံခါးသည် တဖြည်းဖြည်း ပိတ်၍သွားပြီဖြစ်၏၊

လျှို့ဝှက်တံခါးက တဖြည်းဖြည်း ရွေ့လျားနေ၏။

မကြာမီ ...

မိမိနှင့် ရေနနန်းဒေဝီတို့သည် နံရံတစ်ချပ်ခြားတော့ မည်ဖြစ်ဖြစ်၏။

ထိုတံခါးသည် ရေနန်းဒေဝီအတွက် ပြင်ပလောကကို လုံးဝပိတ်လိုက်သော တံခါးတစ်ချပ်ဖြစ်ကြောင်း ချူလှူရှမ်း၏ စိတ်ထဲ၌ ခံစားနေရ၏။

ယခုအချိန်မှာစ၍ လောကပေါ်တွင် မည်သူတစ်ဦးတစ်ယောက်မျှ ရေနန်းဒေဝီကို ထပ်မံတွေ့ခွင့်ရတော့မည် မဟုတ်ကြောင်း ချူလှူရှမ်း၏ စိတ်ထဲမှ သိနေ၏။



ထို့ကြောင့် သူသည် သက်ပြင်းတစ်ချက်ကို ချလိုက်၏။

သူ၏စိတ်ထဲ၌လည်းမည်သည့်အကြောင်းကြောင်မှန်းမသိ ဝမ်းနည်းလာသည်ဟု ခံစားနေရ၏။

ထို့နောက် သူသည် ပိတ်သွားပြီဖြစ်သော လျှို့ဝှက်တံခါးကို လက်ဖြင့်တစ်ချက် ကိုင်လိုက်၏။

ပြီးမှ သူသည် ဦးခေါင်းကိုတစ်ချက် ခါယမ်းလိုက်ပြီး ထိုနေရာမှ ထွက်လာခဲ့၏။

သူသည် စိုစွတ်သော ဥမင်လိုဏ်ခေါင်းလမ်းအတိုင်း လေးလံသော ခြေလှမ်းများဖြင့် လျှောက်လာခဲ့၏။

မကြာမီ သူသည် အပေါ်သို့တက်သော လှေခါးထစ်များကို တွေ့ရ၏။

ထိုစဉ် သူ၏ဝဲဘက် ဥမင်လိုဏ်ခေါင်းအတွင်းမှ စကားပြောသံတစ်ချို့ ကြားလိုက်ရ၏။

ထို့ကြောင့် သူသည် မျက်မှောင်ကြုတ်၍ နားစွင့်လိုက်၏။

ထိုအချိန်မှာပင် ဥမင်လိုဏ်ခေါင်းထဲမှ ထွက်လာသော လူ (၃)ယောက်ကို တွေ့လိုက်ရ၏။

ထိုလူ(၃)ယောက်ကို တွေ့လိုက်သည်နှင့် ချူလှူရှမ်းသည် ဝမ်းသာသွား၏။

အကြောင်းမှာ ထိုလူ(၃)ယောက်သည် ဂူးထိဝါး၊ တုဟုန်နှင့် လုဝါးတို့ ဖြစ်သည် မဟုတ်ပါလား။

ဂူးထိဝါးကချူလျှူရှမ်းကို မြင်တွေ့လိုက်ရသောအခါ အံ့သြသွားပြီး ...

"ပိုးဟပ်ဖြူ မင်းမသေသေးဘူးနော်""

ဟု ပြောလိုက်၏။

ပြီးမှ ဂူးထိဝါးက လုဝါးတို့ဘက်သို့ လှည့်ကာ ...

"ကျုပ် မပြောဘူးလား သူက လောကပေါ်မှာ ကံအကောင်းဆုံးလူလို့"

ဟု ပြောလိုက်၏၊

တုဟုန်က ...

"မင်း ဘယ်လိုလွတ်လာတာလဲ ... ရေနန်းဒေဝီကော ..."

ဟု မေးလိုက်၏။

ချူလျှူရှမ်းကသက်ပြင်းချလိုက်ပြီး ...

"လောကပေါ်မှာ ရေနန်းဒေဝီကို ဘယ်တော့မှ မြင်တွေ့ရမှာ မဟုတ်တော့ဘူး"

ဟု ပြောလိုက်၏။

လုဝါးက မျက်လုံးပြူးကာ ...

"သူ ... သူ သေသွားပြီလား"

ချူလျှူရှမ်းက ဦးခေါင်းခါယမ်းကာ ...



"သူမသေပါဘူး၊ ဒါပေမယ့် သူသေသွားပါပြီ"

ဂူးထိဝါးက မျက်မှောင်ကုတ်ကာ ...

"မင်းစကားက ဘာလဲ၊ စကားကို ရှင်းရှင်းပြောပါ"

ချူလျှူရှမ်းက ပြုံးလိုက်ပြီး ရေနန်းဒေဝီ၏ အဖြစ်ကို ပြောပြလိုက်၏။

လုဝါးက သက်ပြင်းချကာ ...

"ဒါဆို စုတုကျင်းဟာ ရေနန်းဒေဝီနဲ့ မိန်းမလျာသိုင်းသမားတို့ရဲ့သမီးပေါ့"

ချူလျှူရှမ်းက ဦးခေါင်းညိတ်ကာ ...

"ဟုတ်ပါတယ် ..."

လုဝါးက ဦးခေါင်းညိတ်ကာ ...

"အင်း မိန်းမလျာ သိုင်းသမားဟာ သူရဲ့အပြစ်တွေကို နောင်တရပြီး မိန်းမလျာ သိုင်းသမားရဲ့ဘဝကို မြှုပ်နှံလိုက်တာ ဒါကြောင့်ကိုး"

ချူလျှူရှမ်းက ဦးခေါင်းညိတ်ကာ ...

"ဟုတ်ပါတယ်၊ သိုင်းလောကသားတွေက သူ့ကိုသတ်ဖို့ လိုက်ရှာနေတဲ့အတွက် ရေနန်းဒေဝီက သူသေသွားပြီဆိုပြီး သိုင်းလောကကို လိမ်ညာပေးခဲ့တယ်"

ဟု ပြောလိုက်၏။

ဂူးထိဝါးက ...

"သိုင်းလောကတစ်ခုလုံးက ကြောက်ရွံ့ရတဲ့ ရေနန်းဒေဝီဟာ သာမန်မိန်းမတစ်ယောက်နဲ့ ဘာထူးလို့လဲ"

ချူလျှူရှမ်းက ပြုံးကာ…

"ဒါပေါ့ အချစ်ဟာ အရာရာကိုပြောင်းလဲစေနိုင်တယ်လေ၊ ကျုပ်ဖြင့် သူ့ရဲ့အကြောင်းကို သိရတော့ ရင်ထဲမှာ အတော်လေး စိတ်မကောင်းဖြစ်ခဲ့မိတယ်၊ ပြီးတော့ သမီးကိုသမီးလို့ ပါးစပ်က ဖွင့်ပြီးမခေါ်နိုင် မပြောနိုင်တဲ့ မိခင်တစ်ယောက်ရဲ့ဘဝဟာ ဘယ်လောက် ရင်နာဘို့ကောင်းမလဲ"

ဂူးထိဝါးကသက်ပြင်းချကာ…

"ဒါဆို စုတုကျင်းက ရေနန်းဒေဝီဟာ သူ့ရဲ့အမေဆိုတာ သိမသွားခဲ့ဘူးပေါ့"

ချူလျှူရှမ်းက ဦးခေါင်းညိတ်ကာ…

"ဟုတ်တယ် သိမသွားရှာဘူး"

ထိုစဉ် လုဝါးက သက်ပြင်းချလိုက်ပြီး…

"ဒါနဲ့ စကားမစပ် မိန်းမလျာသိုင်းသမား ဘယ်မှာကျန်ခဲ့လဲ"

ဟု မေးလိုက်၏။

ချူလျှူရှမ်းက သက်ပြင်းချကာ…

"ကျုပ်ပြောဖို့ မေ့သွားတယ်"

လုဝါးကမျက်မှောင်ကုတ်ကာ…

"သူ့ကိုခင်ဗျား တွေ့ခဲ့တယ် မဟုတ်လား"



ချူလျှူရှမ်းက ဦးခေါင်းညိတ်ကာ…

"တွေ့ခဲ့ပါတယ်၊ ဒါပေမယ့် သူက သေသွားပါပြီ"

ဟု ပြောလိုက်၏။

လုဝါးကမျက်မှောင်ကုတ်ရင်း…

"ရေနန်းဒေဝီက သတ်လိုက်တာလား"

ချူလျှူရှမ်းက ဦးခေါင်းခါယမ်းကာ…

"မဟုတ်ပါဘူး ကုန်းန်းယဉ်က သတ်လိုက်တာပါ"

ဟု ပြောလိုက်၏။

ပြီးမှ ချူလျှူရှမ်းသည် မိန်းမလျာသိုင်းသမား၏ အဖြစ်ကို ပြောပြလိုက်၏။

လုဝါးက ဘာမျှမပြောတော့ပါ။

သူသည် သက်ပြင်းချလိုက်ပြီး…

"ဘာပဲဖြစ်ဖြစ် သူ့အတွက် တစ်မျိုးကောင်းသွားတာပဲ"

ဟု ပြောလိုက်၏။

ချူလျှူရှမ်းက…

"ကျုပ်လည်း သူ့အတွက် စိတ်မကောင်းပါဘူး"

ဂူးထိဝါးက မျက်မှောင်ကုတ်ကာ…

"အဲဒီ ကုန်းနန်းယဉ် ဘယ်ရောက်သွားလဲ၊ ကျုပ်သူ့ကို ကောင်း ကောင်းဆုံးမ လိုက်မယ်"

ဟု ပြောလိုက်၏။

ချူလ္လျူရှမ်းကပြုံးကာ ...

"မင်းကသူ့ကို ဆုံးမ,မလား၊ သူက မင်းကိုဆုံးမ,မလားဆိုတာ စောင့်ကြည့်ရတာပေါ့"

ဟုပြောလိုက်၏၊

ပြီးမှ ချူလ္လျူရှမ်းသည် စုယုံယုံကို သတိရလာပြီး ...

"ဒါနဲ့ စုယုံယုံတစ်ယောက်ကော တည်းခိုခန်းမှာ နေခဲ့တာလား"

ဟုမေးလိုက်၏။

ဝူးထိဝါးက ...

"သူက နေခဲ့တာမဟုတ်ဘူး၊ ကျုပ်က ထားခဲ့တာ၊ ကျုပ်တို့ ဒီကိုသွားမယ်ဆိုတော့ သူက လိုက်မလို့တဲ့ ဒါနဲ့ကျုပ် သူ့ကိုတမင်ထားခဲ့တာ"

ချူလ္လျူရှမ်းက ပြုံးလိုက်ပြီး ...

"သူကလမ်းမပြဘဲ ခင်ဗျားတို့က ဘယ်လိုရောက်လာတာလဲ"

ဝူးထိဝါးကပြုံးလိုက်ပြီး ...

"သူ့ကို မေးခဲ့ရတာပေါ့၊ သူက သီလရှင်ကျောင်းကိုသွားတဲ့လမ်းကို ပြောပြလိုက်တာ၊ ဒါကြောင့် ဒီကိုရောက်လာတာပေါ့"

တုဟုန်က ...

"ကျုပ်တို့သွားရအောင်"

ဟု ဝင်ရောက်ပြောဆိုလိုက်၏။



ထို့နောက် သူတို့သည် ထိုနေရာမှ ထွက်လာခဲ့၏။

❋ ❋ ❋

ရေအောက်နန်းတော်၏ မြေအောက်မှလမ်းများသည် သဘာဝလိုဏ်ဂူများကို လူတို့က ပြုပြင်ထားခြင်းဖြစ်၏။

သူတို့သည် ဥမင်လိုဏ်ခေါင်းတစ်လျှောက် ထွက်လာခဲ့သော်လည်း ရေနန်းဒေဝီ၏ တပည့်များကို တစ်ယောက်မျှ မတွေ့ရပါ။

ဝူးထိဝါးက မျက်မှောင်ကုတ်ကာ ...

"ဟော့ ပိုးဟပ်ဖြူ ရေနန်းဒေဝီရဲ့ တပည့်တွေလည်း မတွေ့ရပါလား"

ချူလ္လျူရှမ်းက သက်ပြင်းချကာ ...

"သူတို့ ထွက်သွားကြပြီ ထင်တယ်"

ဝူးထိဝါးက မျက်မှောင်ကုတ်ကာ ...

"ဘာလဲ ရေအောက်နန်းတော် ပျက်ဆီးသွားပြီလို့ ပြောချင်တာလား"

ချူလ္လျူရှမ်းက ...

"ရေနန်းဒေဝီမရှိတော့ရင် ရေအောက်နန်းတော်ဆိုတာ ရှိဦးမှာလား"

ဟု ပြောလိုက်၏။

ဝူးထိဝါးက ဘာမှမပြောတော့ပါ။

ထိုစဉ် သူတို့၏ရှေ့၌ မိန်းကလေးတစ်ယောက် ရပ်နေသည်ကို ချုလျှုရှမ်းက မြင်တွေ့လိုက်ရ၏။

ချုလျှုရှမ်းသည် ထိုမိန်းကလေးကို ကောင်းစွာ မှတ်မိ၏။

ထိုမိန်းကလေးသည် သီလရှင်ကျောင်းသို့ ရောက်လာပြီး မိမိကို ရှာဖွေခဲ့သော အမှတ်(၉) မိန်းကလေး ဖြစ်၏။

ချုလျှုရှမ်းက မိန်းကလေးကို မျက်မှောင်ကုတ်၍ ကြည့်လိုက်ပြီး ...

"မင်းကဘာဖြစ်လို့ ဒီမှာရပ်နေရတာလဲ"

ဟုမေးလိုက်၏။

မိန်းကလေးက ဦးခေါင်းငုံ့ကာ ...

"ကျွန်မမှာ သွားစရာ နေရာမရှိလို့"

ချုလျှုရှမ်းက မျက်မှောင်ကုတ်ကာ ...

"ကျန်တဲ့ မိန်းကလေးတွေရော ..."

မိန်းကလေးက ...

"သွားကြပြီ"

ချုလျှုရှမ်းက သက်ပြင်းချကာ ...

"မင်းနာမည် ဘယ်လိုခေါ်လဲ"

မိန်းကလေးက ...

"နန်းပင်း ပါ"

ချုလျှုရှမ်းက နှုတ်ခမ်းတစ်ချက်ကိုက်လိုက်ပြီး ...



"ကောင်းပြီ မင်းမှာ သွားစရာနေရာမရှိဘူးဆိုရင် ကျုပ်တို့နဲ့လိုက်ခဲ့"

ဟုပြောလိုက်၏။

ချုလျှုရှမ်း၏ စကားကြောင့် မိန်းကလေးသည် ချုလျှုရှမ်းကို မျက်လုံးပြူး၍ ကြည့်လိုက်၏။

ချုလျှုရှမ်းက ပြုံးကာ ...

"ကျုပ်ဆီမှာ မင်းနဲ့ရွယ်တူ မိန်းကလေးအဖော်ရှိတယ်၊ ကျုပ်ရဲ့ညီမတွေပဲ မင်းလိုက်လာရင် သူတို့ကဝမ်းသာမှာပါ"

ဟု ပြောလိုက်၏။

မိန်းကလေးသည် တစ်ချက်စဉ်းစားလိုက်ပြီး ...

"ဟုတ်ကဲ့ ... ကျေးဇူးတင်ပါတယ်"

ဟုပြောလိုက်၏။

ဝူးထိဝါးက ပြုံးလိုက်ပြီး ...

"ကောင်းတယ် လာ ... ကျုပ်တို့ သွားကြအောင်"

ဟု ပြောလိုက်၏။

❋ ❋ ❋

ရေတံခွန်မှ ရေများကစီးကျနေ၏။

ချုလျှုရှမ်းတို့သည် လိုဏ်ဂူထဲမှ ထွက်လိုက်သောအခါ ရေတံခွန်အနီးသို့ ရောက်နေကြောင်း တွေ့လိုက်ရ၏။

ချူလှူရှမ်းက ရေတံခွန်ကို တစ်ချက်ကြည့်လိုက်ပြီး ...

"သီလရှင်ကျောင်းကို အမြန်ဆုံး ရောက်အောင် ဘယ်လိုသွားရမလဲ"

ဟု မိန်းကလေးကို မေးလိုက်၏။

မိန်းကလေးက ပြုံးလိုက်ပြီး ...

"သီလရှင်ကျောင်းကိုသွားတဲ့ လမ်းနှစ်လမ်းရှိတယ်၊ တစ်လမ်းက ဒီလမ်းအတိုင်းသွားင်ရောက်တယ် ဒါပေမယ့် တစ်နာရီလောက်ကြာလိမ့်မယ်"

ချူလှူရှမ်းက ...

"နောက်တစ်လမ်းကရော"

မိန်းကလေးက ...

"နောက်တစ်လမ်းက လျှို့ဝှက်လမ်းပါ၊ အဲဒီကသွားရင် သီလရှင်ကျောင်းရဲ့ မြေအောက်လမ်းကို ရောက်မယ်"

ချူလှူရှမ်းက ...

"ဘယ်လောက်ကြာမလဲ"

မိန်းကလေးက ...

"အလွန်ဆုံး (၁၅)မိနစ်ပဲ ကြာမယ်"

ချူလှူရှမ်းက ...

"အဲဒီလမ်းကို မင်းသိလား"

မိန်းကလေးက ဦးခေါင်းညိတ်ကာ ...



"သိတယ်"

ချူလှူရှမ်းက ...

"ဒါဆို အဲဒီလမ်းက သွားရအောင်"

မိန်းကလေးက ဦးခေါင်းညိတ်ကာ ...

"ဟုတ်ကဲ့ ကျွန်မ လိုက်ပို့ပေးပါ့မယ်"

ဟု ပြောလိုက်၏။

ထိုစဉ် လုဝါးက ချူလှူရှမ်း၏ ပုခုံးကိုပုတ်ကာ ...

"ခင်ဗျားတို့သွားကြပါ၊ ကျုပ် ဒီမှာ နေခဲ့မယ်"

ဟု ပြောလိုက်၏။

ဝူးထိဝါးက မျက်ခုံးပင့်ကာ ...

"ဘာဖြစ်လို့လဲ"

လုဝါးက သက်ပြင်းချလိုက်ပြီး ...

"ကျုပ်မိတ်ဆွေရဲ့ အလောင်းကို ရှာကြည့်ချင်သေးတယ်၊ ဘာပဲဖြစ်ဖြစ် ကျုပ်ကသူ့ကို ကောင်းကောင်းမွန်မွန် သင်္ဂြိုဟ်သင့်တယ် မဟုတ်လား"

ချူလှူရှမ်းက ဦးခေါင်းညိတ်လိုက်ပြီး ...

"ဒါဆို ကျုပ်တို့သွားပြီ ..."

ဟု ပြောလိုက်၏။

ထို့နောက် ချူလှူရှမ်၊ ဝူးထိဝါးနှင့် တုဟုန်တို့သည် မိန်းကလေး၏ နောက်သို့လိုက်ပါသွားလေတော့၏။

မိန်းကလေးက သူတို့ကို တောင်နံရံပေါ်မှ လိုဏ်ဂူတစ်ခုသို့ ခေါ်ဆောင်သွား၏။

ထို့နောက် သူတို့သည် လိုဏ်ဂူထဲသို့ ဝင်ရောက်လိုက်၏။ လိုဏ်ဂူကအတွင်းဘက်သို့ နိမ့်ဆင်းသွား၏။

အတွင်းပိုင်းသို့ ရောက်သောအခါ အလင်းရောင်ကင်းမဲ့ပြီး ပတ်ဝန်းကျင် တစ်ခုလုံး မှောင်မည်းလာ၏။

ထိုစဉ် မီးခတ်သံကြားရပြီး မီးရောင်လင်းလာ၏။

မိန်းကလေးက အသင့်ရှိနေသော မီးတုတ်ကို မီးငြိလိုက်သောကြောင့် ဖြစ်၏။

မိန်းကလေးသည် မီးတုတ်ကို ထွန်းညှိလိုက်ပြီးနောက် ချူလှူရှမ်းတို့ကို တစ်ချက်လှည့်ကြည့်လိုက်၏။

ပြီးမှ သူမသည် ဥမင်လိုဏ်ခေါင်းအတိုင်း ရှေ့သို့ ဆက်၍ လျှောက်သွား၏။

ချူလှူရှမ်းတို့သည် မိန်းကလေး၏ နောက်မှ ထက်ကြပ်မကွာ လိုက်လာခဲ့၏။

ဥမင်လိုဏ်ခေါင်းအတိုင်း အချိုးအကွေ့(၃)ခုကို ချိုးကွေ့လိုက်သောအခါ မြေအောက်ခန်းမကျယ်တစ်ခုသို့ ရောက်လာ၏။

ထိုခန်းမကျယ်၏ တစ်ဖက်၌ အပေါ်သို့တက်သွားသော ကျောက်လှေကားတစ်ခုရှိ၏။

မိန်းကလေးက ကျောက်လှေကားကို ညွှန်ပြရင်း ...



"အဲဒီလှေကားအတိုင်း တက်သွားရင် သီလရှင်ကျောင်းထဲကို ရောက်ပြီ"

ဟု ပြောလိုက်၏။

ထို့နောက် သူမက ကျောက်လှေခါးပေါ်သို့ တက်လိုက်၏။

ချူလှူရှမ်းက ...

"ခဏနေဦး"

ဟု လှမ်း၍ ဟန့်တားလိုက်၏။

ပြီးမှ သူသည်မိန်းကလေးထံမှ မီးတုတ်ကို လှမ်းယူလိုက်ပြီး

"မင်းကို ကျေးဇူးတင်ပါတယ်၊ ကျုပ်တို့အပေါ်ကို အရင်တက်ကြည့်လိုက်ဦးမယ်၊မင်းက နောက်ကလိုက်ခဲ့ပါ"

ဟု ပြောလိုက်၏။

ထို့နောက် ချူလှူရှမ်းသည် ဝူးထိဝါးကို ဦးခေါင်းဆတ်ပြလိုက်ပြီး ကျောက်လှေကားအတိုင်း တက်သွားလေတော့သည်မဟုတ်ပါလား။

❋ ❋ ❋

ဝူးထိဝါးက ...

"ပိုးဟပ်ဖြူရေ မင်း ကျုပ်ကို တစ်ခုမပြောရသေးဘူး"

ဟု ပြောလိုက်၏။

ချူလှူရှမ်းက နောက်သို့ လှည့်ကြည့်ကာ ...

"ဘာလဲ"

ဝူးထိဝါးက ...

"ရေနန်းဒေဝီဟာ မိုးစွေငှက်ဆိုတာကရော"

ချူလှူရှမ်းက ပြုံးလိုက်ပြီး ...

"ရေနန်းဒေဝီက မိုးစွေငှက်မဟုတ်ဘူး"

ဝူးထိဝါးက မျက်မှောင်ကုတ်လိုက်ပြီး ...

"မင်းကဘာယ်လိုလုပ် သိလဲ"

ချူလှူရှမ်းက ...

"ရေနန်းဒေဝီဟာ ဘာမှမကဲမောမှုမရှိဘူး၊ ပြီးတော့ သူ့ဘဝက အလွန်အထီးကျန်ဆန်တယ် ဒီလို လူစားမျိုးဟာ မိုးစွေငှက်လိုဓားပြမဖြစ်နိုင်ဘူး၊ ပြီးတော့ မင်းတွေ့တဲ့အတိုင်းပဲ ရေအောက်နန်းတော်မှာ ဘာမှကြီးကျယ်ခမ်းနားတာ မရှိဘူး"

ဝူးထိဝါးက ဦးခေါင်းညိတ်ကာ ...

"အင်း ... မင်းပြောတော့လည်း ဟုတ်သလိုလိုပဲ"

ဟု ပြောလိုက်၏။

ပြီးမှ ဝူးထိဝါးသည်မျက်မှောင်ကုတ်ကာ ...

"ဒါဆို မိုးစွေငှက်က ဘယ်သူလဲ"

ချူလှူရှမ်းက သက်ပြင်းတစ်ချက်ချကာ ...

"မေလင်းဟုန်ကို မေးကြည့်ရမှာပဲ"

ဟုပြောလိုက်၏။



ထိုစဉ် သူတို့သည် လှေကားအပေါ်သို့ ရောက်လာပြီဖြစ်၏။ ကျောက်လှေကား၏ အဆုံး၌ လျှို့ဝှက်တံခါးတစ်ချပ်ရှိ၏။ ဝူးထိဝါးက လျှို့ဝှက်တံခါးကိုဖွင့်ရန် လက်လှမ်းလိုက်၏။

ထိုစဉ် ချူလှူရှမ်းက ဝူးထိဝါး၏ လက်ကိုဖမ်းဆွဲ၍ ဟန့်တားလိုက်၏။

ထို့ကြောင့် ဝူးထိဝါးသည် ချူလှူရှမ်းကို မျက်မှောင်ကုတ်၍ ကြည့်ကာ ...

"ဘာလုပ်တာလဲ"

ဟု မေးလိုက်၏။

ချူလှူရှမ်းကဘာမျှပြန်မပြောပါ။

သူသည် လျှို့ဝှက်တံခါးကို နားဖြင့် ကပ်ပြီး နားစွင့်လိုက်၏။

ချူလှူရှမ်း၏ အပြုအမူကြောင့် ဝူးထိဝါးသည် အံ့သြသွားပြီး ချူလှူရှမ်းကို မျက်လုံးပြူး၍ ကြည့်နေ၏။

ချူလှူရှမ်းက လျှို့ဝှက်တံခါးကို နားဖြင့်ကပ်၍ အတန်ကြာအောင် နားထောင်နေ၏။

သူ၏ မျက်နှာကလည်း မျက်မှောင်ကုတ်သွား၏။

ဝူးထိဝါးက မျက်မှောင်ကုတ်ကာ ...

"အပြင်မှာ ဘာဖြစ်နေလို့လဲ"

ဟု မေးလိုက်၏။

ချူလှူကျုမ်းကနှုတ်ခမ်းပေါ်သို့ လက်ညှိုးဖြင့် ကန့်လန့်ဖြတ် ပြလိုက်ပြီး …

“ရှူးတိုးတိုး အသံတွေ ကြားနေရတယ်”

ဟု ပြောလိုက်၏။

ဝူးထိဝါးက မျက်မှောင်ကုတ်ကာ …

“ဘာတွေဖြစ်နေတာလဲ”

ချူလှူကျုမ်းက ဦးခေါင်းခါယမ်းကာ …

“ကျုပ်လည်း မသိဘူး”

ဝူးထိဝါး၏ မျက်နှာပေါ်၌ စိုးရိမ်ဟန် ဖြစ်ပေါ်လာပြီး …

“စုယုံယုံ လိုက်လာလို့ ရန်သူနဲ့တိုးနေပြီလား”

ဟု ပြောလိုက်၏။

ထို့နောက် သူသည် ချူလှူကျုမ်းကိုတွန်းဖယ်၍ လျှို့ဝှက်တံခါး ကို ဆွဲဖွင့်လိုက်၏။

ထို့နောက် သူသည် လျှို့ဝှက်တံခါးမှ ထွက်သွား၏။

ချူလှူကျုမ်းနှင့် တုဟုန်တို့ကလည်း ဝူးထိဝါး၏ နောက်မှ ပြေးလိုက်သွား၏။

လျှို့ဝှက်တံခါးမှ ထွက်လိုက်သည်နှင့် သီလရှင်ကောင်းထဲသို့ ရောက်ရှိသွား၏။

ဝူးထိဝါးသည် လျှို့ဝှက်တံခါးမှ ထွက်လိုက်သည်နှင့် သီလရှင် ကျောင်းထဲ၌ လူ(၄)ယောက်ကို တွေ့လိုက်ရ၏။



ထိုလူ(၄)ယောက်ကို တွေ့လိုက်ရသည်နှင့် ဝူးထိဝါးသည် မျက် လုံးပြူးသွား၏။

ထိုလူ(၄)ယောက်မှာ လီယို့ဟန်၊ မေလင်းဟုန်၊ စုံထန်းနှင့် လီဟုန်တို့ ဖြစ်၏၊

မေလင်းဟုန်၏ လက်မောင်း၌ ဒဏ်ရာရထားဟန်ဖြင့် သွေး များစီးကျနေ၏။

သူမသည် သီလရှင်ကျောင်းထဲ၌ ထိုင်နေ၏။

သူမ၏ ဘေး၌စုံထန်းကထိုင်နေ၏။

သူတို့၏ မျက်လုံးများကသီလရှင်ကျောင်း၏ အပြင်ဘက်သို့ ကြည့်နေ၏။

လီယို့ဟန်နှင့် လီဟုန်တို့က သီလရှင်ကျောင်းပေါက်ဝနှင့် မလှမ်းမကမ်း၌ ရပ်ကာ ကျောင်း၏အပြင်သို့ ကြည့်နေ၏။

ချူလှူကျုမ်းသည် မေလင်းဟုန်ကို မြင်တွေ့လိုက်ရသောအခါ ရင်ထဲ၌ ဒေါသဖြစ်လာ၏။

အကြောင်းမှာ မေလင်းဟုန်သည် မိမိကို သေချာစွာ စနစ်တကျ အကွက်ဆင်၍ ရေအောက်နန်းတော်သို့ ပို့ခဲ့သောကြောင့် မဟုတ်ပါ လား။

ဤမျှကောက်ကျစ်ယုတ်မာသော မေလင်းဟုန်ကို ဆုံးမရန် ဆုံးဖြတ်လိုက်၏။

သို့သော် သူသည် မေလင်းဟုန်၏လက်မောင်းမှ ဒဏ်ရာကို

မြင်တွေ့လိုက်ရသောအခါ မျက်မှောင်ကုတ်သွားပြီး မေလင်းဟုန်ကို ရှုးစိုက်ကြည့်လိုက်၏။

မေလင်းဟုန်၏ မျက်နှာပေါ်၌ ကြောက်ရွံ့သော အရိပ်အရောင်များ ဖြစ်ပေါ်နေ၏။

ချူလျူရှမ်းသည် လီဟုန်ကို လှမ်းကြည့်လိုက်၏။

လီဟုန်၏ မျက်နှာပေါ်၌လည်း ထိတ်လန့်ကြောက်ရွံ့သော အရိပ်အရောင်ကို မြင်တွေ့ရ၏။

ထို့ကြောင့် ချူလျူရှမ်းသည် မျက်မှောင်ကုတ်လိုက်ပြီး ...

သီလရှင်ကျောင်း အပြင်ဘက်၌ တစ်စုံတစ်ရာ ထူးခြားမှုရှိနေပြီဖြစ်ကြောင်းကို ချူလျူရှမ်းက သိလိုက်၏။

ထိုစဉ် စုံထန်းက ချူလျူရှမ်းတို့ကို မြင်တွေ့သွားပြီး ဝမ်းသာအားရလေသံဖြင့် ...

"ဟာ ... အစ်ကိုကြီး အတော်ပဲ အချိန်မီ ရောက်လာတယ်"

ဟုပြောလိုက်၏။

ဝူးထိဝါးက မျက်မှောင်ကုတ်ကာ ...

"မင်းတို့ ဘာဖြစ်လာကြတာလဲ"

ဟု မေးလိုက်၏။

လီယို့ဟန်နှင့် မေလင်းဟုန်တို့သည် ချူလျူရှမ်းကို မြင်တွေ့လိုက်ရသောအခါ ထိတ်လန့်သွားပြီး ဦးခေါင်းကို ကပျာကယာ ငုံ့ထားလိုက်၏။



အတန်ကြာမှ မေလင်းဟုန်က ချူလျူရှမ်းရှေ့၌ ဒူးထောက်ကာ ...

"ရှင် သိပြီလား"

ဟု မေးလိုက်၏။

ချူလျူရှမ်းက ဦးခေါင်းညိတ်လိုက်ပြီး ...

"အင်း ..."

မေလင်းဟုန်က ...

"ကျွန်မကို ခွင့်လွှတ်ပါလို့မတောင်းပန်ပါဘူး၊ ဒါပေမယ့် ရှင့်ရဲ့ ကျေးဇူးကိုတော့ နောင်ဘဝကျမှ ဆပ်ပါ့မယ်"

ဟု ပြောလိုက်၏။

ထိုစဉ် ဝူးထိဝါးက မျက်မှောင်ကုတ်ကာ ...

"အပြင်မှာ ဘာဖြစ်နေတာလဲ"

ဟု ပြောရင်း သီလရှင်ကျောင်း၏ တံခါးပေါက်သို့ လျှောက်သွား၏။

သူသည် အပြင်၌ ဘာတွေဖြစ်နေသည်ကို သိလိုသဖြင့် ယခုကဲ့သို့ သီလရှင်ကျောင်း၏ အပြင်သို့ လှမ်းထွက်လိုက်ခြင်းဖြစ်၏။

တံခါးပေါက်သို့ ဝူးထိဝါး လျှောက်သွားသည်ကို လှမ်းမြင်လိုက်ရသောကြောင့် ချူလျူရှမ်းက ...

"မသွားနဲ့"

ဟု လှမ်းအော် ဟန့်တားလိုက်၏။

ထိုစဉ်မှာပင် သီလရှင်ကျောင်း၏ အပြင်ဘက် သစ်ပင်များကြားမှ အလင်းရောင် တစ်ချက်ပေါ် အလင်းတန်းတစ်ခုသည် ဂူးထီဝါး ထံသို့ပစ်လွှင့်လာ၏။

ဂူးထီဝါးက ထိတ်လန့်သွားပြီး ကပျာကယာ ရှောင်တိမ်းလိုက်ရ၏။

အလင်းတန်းက ဓားပျံတစ်လက်ဖြစ်၏။

ဓားပျံသည် ဂူးထီဝါး၏ မျက်နှာအနီးမှ ဖြတ်သန်းကာ တံခါးရွက်ပေါ်သို့ စိုက်ဝင်သွား၏။

"ဒေါက် ..."

ဂူးထီဝါးသည် မျက်လုံးပြူးကာ နောက်သို့အလျင်အမြန် ဆုတ်လိုက်၏။

ထိုစဉ် ...

"မဆိုင်တဲ့လူ ဝင်မရှုပ်နဲ့၊ ကျုပ်တို့က သစ္စာဖောက်ကို လာပြီး သုတ်သင်တာ"

ဟု ပြောလိုက်၏။

ချူလျူရှမ်းက သီလရှင်ကျောင်း၏ ပြတင်းပေါက်သို့ လျှောက်လာ၏။

ထို့နောက် သူသည် ပြတင်းပေါက်၌ ရပ်တန့်လိုက်၏။

ပြီးမှ လက်နှစ်ဖက် ဆုပ်ကာ ...

"မိတ်ဆွေတို့ကဘယ်ကလဲ၊ ကျုပ်တို့နဲ့ ဘာရန်ငြိုးရှိလို့လဲ"



ဟုလှမ်း၍ မေးလိုက်၏။

ချူလျူရှမ်း၏ စကားအဆုံး၌ သစ်ပင်များကြားထဲမှ စကားသံ ပေါ်ထွက်လာ၏။

"ခင်ဗျားတို့နဲ့ မဆိုင်ဘူး၊ ကျုပ်တို့က သစ္စာဖောက်ကိုပဲ လာရှာတာ၊ ခင်ဗျားတို့က သစ္စာဖောက်ကို ကာကွယ်ပေးရင်တော့ ကျုပ်တို့ကို အပြစ်မပြောပါနဲ့"

ချူလျူရှမ်းက သက်ပြင်းချလိုက်ပြီး ...

"ခင်ဗျားပြောတဲ့ သစ္စာဖောက်ဆိုတာ ဘယ်သူလဲ"

ဟု မေးလိုက်၏။

ချူလျူရှမ်း၏ စကားအဆုံး၌ မေလင်းဟုန်သည် ဒူးထောက်ရာမှ ဆတ်ခနဲ ထ,ရပ်လိုက်၏။

ထို့နောက် သူမသည် တံခါးပေါက်သို့ လျှောက်သွား၏။ လီယို့ဟန်က မေလင်းဟုန်ကို ကပျာကယာ လှမ်းဆွဲလိုက်ပြီး ...

"မသွားနဲ့ ... ညီမ မသွားနဲ့"

ဟု ဟန့်တားလိုက်၏။

မေလင်းဟုန်က လီယို့ဟန်ကို ဝမ်းနည်းကြေကွဲစွာ ကြည့်လိုက်၏။

ပြီးမှ ...

"ကျွန်မ သွားမှဖြစ်မယ်"

လီယို့ဟန်က ...

"မသွားရဘူး"

မေလင်းဟုန်က သက်ပြင်းချကာ ...

"မဖြစ်ဘူး၊ အစ်ကိုမကြားဘူးလား သူတို့က ကျွန်မကို အလို ရှိနေတာ"

ဝူးထိဝါးကမျက်မှောင်ကြုတ်ကာ ...

"သူတို့ဆိုတာ ဘယ်သူတွေလဲ"

ဟု မေးလိုက်၏။

မေလင်းဟုန်က ဝူးထိဝါးကို စူးစိုက်ကြည့်ကာ ...

"ရှင်တို့နဲ့ မဆိုင်ပါဘူး၊ ကျွန်မကိစ္စကို ကျွန်မရှင်းပါ့မယ်"

ဟု ပြောလိုက်၏။

ထို့နောက် ...

သူမသည် လီယို့ဟန်၏လက်မှ ရုန်းထွက်လိုက်၏။

လီယို့ဟန်က ဓားကို ဆွဲထုတ်လိုက်ပြီး ...

"မထူးဘူး အစ်ကို ညီမနဲ့လိုက်ခဲ့မယ်"

ဟု ပြောလိုက်၏။

မေလင်းဟုန်က လီယို့ဟန်ကို ကြည့်ကာ ...

"အစ်ကို ဘာဖြစ်လို့ လိုက်ချင်ရတာလဲ"

လီယို့ဟန်က ပြုံးလိုက်ပြီး ...

"အစ်ကိုက အစ်ကို့မိန်းမကို တစ်ယောက်တည်း ပေးမသွား နိုင်ဘူး"



မေလင်းဟုန်က ...

"အစ်ကိုနဲ့ မဆိုင်ပါဘူး၊ ညီမရဲ့အပြစ်အတွက် ညီမခံရတာ ပါ၊ အစ်ကိုမလာပါနဲ့"

လီယို့ဟန်က ...

"မဟုတ်ဘူး ညီမမရှိရင် အစ်ကိုက ဘယ်လိုလုပ်ပြီး အသက်ရှင်မလဲ၊ ဒီတော့ သေအတူ ရှင်အတူပေါ့"

ချူလျှူရှမ်းက သက်ပြင်းချလိုက်ပြီး ...

"ကျုပ်သဘောပေါက်ပြီ မေလင်းဟုန်မှာ အပြစ်မရှိဘူး၊ သူက သစ္စာဖောက်တာလည်း မဟုတ်ဘူး၊ သူက လီယို့ဟန်ကိုယူပြီး အေးချမ်းတဲ့ ဘဝထဲမှာ နေဖို့ကြိုးစားလို့ သူ့ကို တမင်သက်သက် တန်ဆာခံခိုင်းတာ"

ဟု ပြောလိုက်၏။

ချူလျှူရှမ်း၏ စကားကြောင့် ဝူးထိဝါးသည် မျက်မှောင်ကြုတ် ကာ ...

"မင်းကဘာကိုပြောချင်တာလဲ"

ဟု မေးလိုက်၏။

ချူလျှူရှမ်းက ပြုံးလိုက်ပြီး ...

"ဝူးထိဝါး မင်းမှတ်မိလား လက်တစ်ဖက်ကို ဓား(၁၃)လက်က ဝိုင်းထားတဲ့ ကြေးတံဆိပ်ပြားကိစ္စလေ"

ဟု ပြောကာ အိတ်ထဲမှ ကြေးပြားဝိုင်းကို ထုတ်ပြလိုက်၏။

ဂူးထိဝါးက မျက်မှောင်ကုတ်ရင်း ...

"အပြင်ကလူတွေက အဲဒီ ကြေးစားခားသမားတွေလား"

ချူလျှူရှမ်းက ဦးခေါင်းညိတ်ကာ ...

"ဟုတ်တယ်"

ဂူးထိဝါးက နားမလည်ဟန်ဖြင့် ဦးခေါင်းခါယမ်းကာ ...

"ကျုပ်ဖြင့် နားမရှင်းသေးဘူး"

ချူလျှူရှမ်းက ပြုံးလိုက်ပြီး ...

"ဒီကြေးပြားမှာ လက်တစ်ဖက်ရဲ့ ခား(၁၃)လက်က ဝိုင်းရံထားတယ် မဟုတ်လား"

ဂူးထိဝါးက ဦးခေါင်းညိတ်ကာ ...

"အင်း ..."

ချူလျှူရှမ်းက ပြုံးလိုက်ပြီး ...

"ခား(၁၃)လက်က ကြေးစားခားသမား (၁၃)ယောက်ကို ကျုပ်ပြောဖူးတယ်နော်၊ ဒီအကြောင်းကို မေလင်းဟုန်ကလည်း သိနေတယ် မဟုတ်လား"

ဂူးထိဝါးက ဦးခေါင်းညိတ်ကာ ...

"အင်း ကျုပ်မှတ်မိပါပြီ တည်းခိုခန်းမှာ မင်းကို လုပ်ကြံတုန်းက အဲဒီလူကို မေလင်းဟုန်က သတ်လိုက်တယ်လေ"

ချူလျှူရှမ်းက ပြုံးကာ ...

"ဒါ မေလင်းဟုန်က သစ္စာဖောက်လိုက်တာပဲ"



ဂူးထိဝါးက မျက်မှောင်ကုတ်ကာ ...

"ဘာဆိုင်လို့လဲ"

ချူလျှူရှမ်းက မေလင်းဟုန်ကို လှမ်းကြည့်ပြီး ...

"မင်းက နံပါတ် ဘယ်လောက်လဲ"

ဟု မေးလိုက်၏။

မေလင်းဟုန်က သက်ပြင်းချကာ ...

"နံပါတ်(၁၁)ပါ"

မေလင်းဟုန်၏ စကားကြောင့် ဂူးထိဝါးသည် မျက်လုံးပြူးကာ မေလင်းဟုန်ကိုကြည့်လိုက်၏။

မေလင်းဟုန်က ဦးခေါင်းငုံ့ထား၏။

ချူလျှူရှမ်းက ပြုံးလိုက်ပြီး ...

"ကဲ ဂူးထိဝါး မင်းကို ကျုပ်မေးမယ်၊ ခားမှာ အပြစ်ရှိလား၊ ခားကိုင်တဲ့လက်က အပြစ်ရှိတာလား"

ဂူးထိဝါးက မေလင်းဟုန်ကို တစ်ချက်လှမ်းကြည့်လိုက်၏။

ပြီးမှ ...

"ကျုပ်သဘောပေါက်ပြီ၊ ခားဟာ အပြစ်မရှိဘူး၊ ခားကိုင်တဲ့လက်သာ အပြစ်ရှိတယ်"

ချူလျှူရှမ်းက ပြုံးလိုက်ပြီး ...

"လောကပေါ်မှာ ဒီလက်ရှိနေသရွေ့ ဒုစရိုက်မှုတွေ မတရားမှုတွေ ရှိနေမှာပဲ၊ ခားက တစ်လက်ပျက်သွားရင် နောက်တစ်လက်

ရနိုင်တယ်၊ ဒီတော့ ဒီလက်ကို ကျုပ်တို့က ဖျက်ဆီးမှ နောက်ထပ် ဓားတွေ မကိုင်နိုင်တော့မှာ"

ဟု ပြောလိုက်၏။

ဂူးထိဝါးက ဦးခေါင်းညိတ်ကာ …

"ကျုပ် သဘောပေါက်ပြီ"

မေလင်းဟုန်က ချုလှုချုရှမ်းကို တစ်ချက်ကြည့်လိုက်ပြီး …

"ရှင်က ဒီလက်ကို ဖျက်ဆီးချင်တာလား"

ချုလှုချုရှမ်းက ပြုံးကာ …

"ဟုတ်တယ်"

မေလင်းဟုန်က သက်ပြင်းချလိုက်၏။

သူမ၏ မျက်နှာပေါ်၌ ထိတ်လန့်ကြောက်ရွံ့ဟန်ဖြင့် ပေါ်နေ၏။

ပြီးမှ သူမသည် နှုတ်ခမ်းကိုတစ်ချက် ကိုက်လိုက်ပြီး …

"ရှင်က သူ့ကို ဖျက်ဆီးနိုင်မှာ မဟုတ်ဘူး"

ဟု ပြောလိုက်၏။

ချုလှုချုရှမ်းက ပြုံးလိုက်ပြီး …

"လောကပေါ်မှာ မတရားမှုတွေဟာ ဘယ်လောက်ပဲ အင်အားကြီးပါစေ နောက်ဆုံးမှာ တရားမျှတတဲ့ ဘက်ကပဲ အနိုင်ရခဲ့ တယ် မဟုတ်ပါလား"

မေလင်းဟုန်က ဦးခေါင်းငုံ့လိုက်ပြီး …



"ဟုတ်ပါတယ် ဒါပေမယ့် ရှင် ရင်ဆိုင်ရတဲ့လူဟာ လောကပေါ်မှာ ကြောက်စရာ အကောင်းဆုံး လူဆိုတာ ကျွန်မပြောရဲတယ်"

ဟု ပြောလိုက်၏။

ချုလှုချုရှမ်းကပြုံးလိုက်ပြီး …

"ကျုပ်မင်းကို တစ်ခုမေးမယ်"

မေလင်းဟုန်က ဦးခေါင်းညိတ်ကာ …

"မေးပါ"

ချုလှုချုရှမ်းက သီလရှင်ကျောင်း အပြင်ဘက်သို့ လက်ကို ဝှေ့ယမ်းပြရင်း …

"အခုလာတဲ့ လူတွေထဲမှာ အဲဒီလူပါလား"

မေလင်းဟုန်က ဦးခေါင်းခါယမ်းကာ …

"မပါဘူး"

ချုလှုချုရှမ်းက ပြုံးလိုက်ပြီး …

"သူက ဘယ်တော့မှ မပါဘူး မဟုတ်လား"

မေလင်းဟုန်က ဦးခေါင်းညိတ်ကာ …

"ဟုတ်ပါတယ်"

ချုလှုချုရှမ်းက ပြုံးလိုက်ပြီး …

"ဒါဆို သူ့ကိုလောကပေါ်မှာ ကြောက်စရာအကောင်းဆုံး လူလို့ ဘယ်လိုလုပ်ပြီး ပြောနိုင်မလဲ"

မေလင်းဟုန်က သက်ပြင်းချကာ …

"ရှင် ... သူ့ကို မနိုင်ပါဘူး"

ဟုပြောလိုက်၏။

ချူလှူရှမ်းက ပြုံးလိုက်ပြီး ...

"သူကဘယ်သူဖြစ်နေလို့ ကျုပ်က သူ့ကိုမနိုင်ရမှာလဲ"

ဟု မေးလိုက်၏။

ချူလှူရှမ်း၏ စကားကြောင့် မေလင်းဟုန်သည် ချူလှူရှမ်းကို တိတ်လန့်တကြား ကြည့်လိုက်၏။

ချူလှူရှမ်းက ပြုံး၍ မေလင်းဟုန်ကိုရှုးစိုက် ကြည့်လိုက်ပြီး ...

"သူ့ကို တစ်ခြားလူတွေက မသိပေမယ့် မင်းကသိနေတယ် မဟုတ်လား၊ သူက ဘယ်သူလဲ"

ဟု မေးလိုက်၏။

မေလင်းဟုန်က သက်ပြင်းချကာ ...

"သူဟာ ကျွန်မကို ကြီးပြင်းအောင် ကျွေးမွေးစောင့်ရှောက်ခဲ့ပါတယ်၊ပြီးတော့ သိုင်းပညာကို သင်ပေးခဲ့ပါတယ်၊ ဒါကြောင့် ကျွန်မ သေချင်သေပါစေ သူဘယ်သူဆိုတာကို ပြောမှာ မဟုတ်ပါဘူး"

ဟုပြောလိုက်၏။

ချူလှူရှမ်းက ပြုံးလိုက်ပြီး ...

"ကောင်းပြီ ကျုပ်မမေးတော့ပါဘူး၊ ဒါပေမယ့် တစ်ခုတော့ မေးချင်သေးတယ်"

မေလင်းဟုန်က ...



"ဘာများလဲ"

ချူလှူရှမ်းက ...

"အခုက အပြင်မှာ ဘယ်နှစ်ယောက်လာသလဲ"

မေလင်းဟုန်က ...

"ရှစ်ယောက်ပါ ..."

ထိုစဉ် "ယား" ဟုအော်ဟစ်သံများ ပေါ်ထွက်လာပြီး သစ်ပင်များကြားမှ အနက်ရောင်ဝတ်ဆင်ထားသူများ ပေါ်ထွက်လာ၏။

ထို့နောက် သူတို့သည် သီလရှင်ကျောင်းတိုက်သို့ ပြေးတက်လာ၏။

ဂူးထိဝါးသည် မျက်မှောင်ကုတ်ကာ အပြင်သို့ တစ်ချက်လှမ်းကြည့်လိုက်၏။

တစ်ဆက်တည်းမှာပင်ထိုလူများ သီလရှင်ကျောင်းထဲသို့ ရောက်ရှိလာလျှင် စုံထန်းနှင့်လီဟုန်တို့အတွက် အန္တရာယ်ရှိနိုင်ကြောင်း တွေးလိုက်မိ၏။

ထို့ကြောင့် သူသည် ဘာမပြော ညာမပြောဖြင့် သီလရှင်ကျောင်း၏အပြင်ဘက်သို့ ခုန်ထွက်သွားလေတော့၏။

ဂူးထိဝါးက သီလရှင်ကျောင်း၏ အပြင်ဘက်သို့ ခုန်ထွက်သွားသောကြောင့် တုဟုန်ကလည်း ရပ်မနေနိုင်တော့ဘဲ ဂူးထိဝါး၏နောက်မှ ပြေးလိုက်သွားလေတော့၏။

ထို့နောက် သူတို့သည် သီလရှင်ကျောင်းပေါ်သို့ ပြေးတက်

လာသော အနက်ရောင်ဝတ် ကြေးစားဓားသမားများကို ဆီးကြို၍ တိုက်ခိုက်လိုက်လေတော့သည် မဟုတ်ပါလား။

❋ ❋ ❋

အနက်ရောင်ဝတ်ထားသော ကြေးစားဓားသမားများသည် ဓားရေးအလွန် ကျွမ်းကျင်သူများဖြစ်၏။

သူတို့၏ ဓားများက ပါးလွှာပြီး ထက်မြက်၏။

ဝူးထိဝါးနှင့် တုဟုန်တို့သည် တိပ်တန်းသိုင်းသမားများ ဖြစ်၏။

ထို့ကြောင့် သူတို့သည် ရန်သူကို(၄)ယောက်စီ ခွဲထုတ်ကာ တိုက်ခိုက်လိုက်လေတော့၏။

ထိုစဉ် လီယို့ဟန်နှင့် မေလင်းဟုန်တို့သည် သီလရှင်ကျောင်းထဲမှ ပြေးထွက်လာ၏။

တစ်ဆက်တည်းမှာပင် သူတို့သည် အနက်ရောင်ဝတ်ထားသော ဓားသမားများကို ဝင်ရောက်တိုက်ခိုက်လိုက်၏။

ယခု တိုက်ပွဲက တစ်မျိုးတစ်ဖုံ ပြောင်းလဲသွား၏။

လေးယောက်တစ်ယောက် တိုက်ခိုက်နေရာမှ နှစ်ယောက်တစ်ယောက် တိုက်ခိုက်သည့် တိုက်ပွဲအဖြစ် ပြောင်းလဲသွား၏။

ဝူးထိဝါးကရန်သူနှစ်ယောက်ကို ပိတ်ဆို့တိုက်ခိုက်သကဲ့သို့ တုဟုန်၊ လီယို့ဟန်နှင့် မေလင်းဟုန်တို့ကလည်း ရန်သူနှစ်ယောက်ကို ပိတ်ဆို့တိုက်ခိုက်နေ၏။



ချူလျူရှမ်းသည် သီလရှင်ကျောင်းထဲမှ တစ်လှမ်းချင်း ထွက်လာခဲ့၏။

သို့သော် သူသည် တိုက်ပွဲအတွင်းသို့ ဝင်ရောက်တိုက်ခိုက်ခြင်းမရှိပါ။

သူသည် ညနေခင်း၌ လှပသော ရှုခင်းကိုကြည့်ရင်း အပန်းဖြေနေသူတစ်ယောက်ကဲ့သို့ တိုက်ပွဲကို နဘေးမှ ရပ်ကြည့်နေ၏။

ထိုစဉ် အနက်ရောင်ဝတ်ထားသော ဓားသမား တစ်ယောက်သည် တုဟုန်၏ လက်ချက်ဖြင့် သေဆုံးသွား၏။

တုဟုန်ကိုတိုက်ခိုက်နေသော ဓားသမားနှစ်ယောက်အနက် ဓားသမားတစ်ယောက်သည် တုဟုန်၏လက်ချက်ဖြင့် သေဆုံးသွား၏။

ထို့ကြောင့် ကျန်ဓားသမားသည် ထိတ်လန့်ပြီး နောက်သို့ ဆုတ်သွား၏။

ထိုစဉ် ဝူးထိဝါးသည်မိမိကို ဝဲယာညှပ်၍ တိုက်ခိုက်နေသော ဓားသမားနှစ်ယောက်အနက် ဓားသမားတစ်ယောက်၏ ရင်ဝကို ဓားဖြင့် ထိုးစိုက်ချလိုက်၏။

"အား ..."

အနက်ရောင်ဝတ် ဓားသမားသည် နာကျင်စွာ အော်ဟစ်ပြီး လဲကျသေဆုံးသွား၏။

ထို့ကြောင့် ကျန်ဓားသမားသည် မျက်လုံးပြူး မျက်ဆံပြူးဖြင့် နောက်သို့ ကပျာကယာဆုတ်သွား၏။

ဝူးထိဝါးနှင့် တုဟုန်တို့၏ လက်ချက်ဖြင့် ဓားသမားနှစ်ယောက်သေဆုံးသွားသောအခါ ကျန်ဓားသမားများသည် အခြေအနေမဟန်မှန်း ရိပ်စားမိသဖြင့် နောက်သို့တဖြည်းဖြည်း ဆုတ်သွား၏။

ဝူးထိဝါးတို့ (၄)ယောက်က ရှေ့သို့ခုန်တက်ပြီး ဓားသမားများကိုတိုက်ခိုက်ရန် ဟန်ပြင်လိုက်၏။

ထိုစဉ် ရုတ်တရက်...

"ရပ်လိုက်"

ဟူသော အသံထွက်ပေါ်လာ၏။

ဟန့်တားလိုက်သော အသံကြောင့် ဝူးထိဝါးသည် မျက်မှောင်ကုတ်၍ ချူလျှူရှမ်းကို ကြည့်လိုက်၏။

အကြောင်းမှာ ချူလျှူရှမ်းက ဟန့်တားလိုက်သောကြောင့် ဖြစ်သည် မဟုတ်ပါလား။

❋ ❋ ❋

ယခု အနက်ရောင်ဝတ်ထားသော ကြေးစားဓားသမား(၆)ယောက်သာ ကျန်ရှိတော့၏။

သူတို့သည် ဓားကိုအသင့်ကိုင်ကာ နောက်လည်းမဆုတ်ရဲ ရှေ့လည်းမတိုးရဲ ဖြစ်နေ၏။

ချူလျှူရှမ်းက သူတို့ကြားသို့ ဝင်ရောက်လာ၏။

ဝူးထိဝါးက ချူလျှူရှမ်းကို မကျေမနပ်ဖြင့် ကြည့်ကာ...



"ပိုးဟပ်ဖြူရေ မင်းကဘာဖြစ်လို့ လာတားနေရတာလဲ"

ဟုပြောလိုက်၏။

ချူလျှူရှမ်းက ဓားသမား(၆)ယောက်ကို ပြုံးပြလိုက်ပြီး...

"မင်းတို့ မကြောက်ပါနဲ့ မင်းတို့ကို ငါက ဘာမှမမေးပါဘူး၊ မင်းတို့ကလည်း အသက်သာ အသေခံမယ် မင်းတို့ရဲ့ခေါင်းဆောင်ကို ထုတ်ပြောမှာ မဟုတ်ဘူးဆိုတာ ငါသိပါတယ်"

အနက်ရောင်ဝတ်ထားသော ကြေးစားဓားသမားတစ်ယောက်က ...

"ခင်ဗျားက ကျုပ်တို့ကို သတ်မှာလား"

ချူလျှူရှမ်းက ပြုံးကာ...

"ကျုပ်က သတ်မယ်လို့မပြောခဲ့ပါလား"

"ဒါဆို ခင်ဗျားက ဘာလုပ်ချင်လို့လဲ"

ချူလျှူရှမ်းက ပြုံးကာ လက်ဝှေ့ယမ်းပြကာ...

"ဘာမှ မလုပ်ပါဘူး၊ မင်းတို့သွားမယ်ဆိုရင် သွားနိုင်ပါတယ်"

ဟု ပြောလိုက်၏။

ချူလျှူရှမ်း၏ စကားကြောင့် ကြေးစားဓားသမား(၆)ယောက်သည် ကြောင်အမ်းအမ်း ဖြစ်ကာ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်၏။

ချူလျှူရှမ်းက လက်ဝှေ့ယမ်းကာ...

"ကဲ... ကျုပ်က စကားပြောလို့ ကုန်သွားပြီ၊ ခင်ဗျားတို့ သဘော ပဲ၊ သွားချင်ရင် သွားကြတော့"

ဟု ပြောလိုက်၏။

ချူလျှူရှမ်း၏ စကားဆုံးသည်နှင့် အနက်ရောင်ဝတ်ထား သော ကြေးစားဓားသမား(၆)ယောက်သည် ချူလျှူရှမ်းကို လက်နှစ်ဘက် ဆုပ်၍ ဂါရဝပြုလိုက်ပြီး ထိုနေရာမှ ထွက်သွားလေတော့၏။

ဝူးထိဝါးက ချူလျှူရှမ်းကို မကျေမနပ်ဖြင့် ကြည့်နေ၏။

ပြီးမှ ...

သူသည် နှာခေါင်းရှုံ့ကာ ...

"မိုးဟပ်ဖြူ မင်းရူးသွားပြီလား"

ဟု ပြောလိုက်၏။

ချူလျှူရှမ်းက ပြုံးလိုက်ပြီး ...

"ကျုပ် မရူးပါဘူး"

ဝူးထိဝါးက နှာခေါင်းကိုတစ်ချက်ပွတ်လိုက်ပြီး ...

"ရန်သူကို လွှတ်ပေးတာ ရူးတဲ့လူမှဘဲ လွှတ်ပေးမှာပေါ့"

ဟု ပြောလိုက်၏။

ချူလျှူရှမ်းက ပြုံးကာ ...

"သူတို့က လူမဟုတ်ဘူး"

ဝူးထိဝါးက မျက်မှောင်ကုတ်ကာ ...

"သူတို့က လူမဟုတ်လို့ ဝက်လား"

ချူလျှူရှမ်းက ပြုံးရင်း ...

"သူတို့က အရုပ်တွေ အပေါ်က ကြိုးဆွဲတဲ့အတိုင်း "က" နေရတာ"



ဝူးထိဝါးက ဦးခေါင်းခါယမ်းလိုက်ပြီး ...

"ဘာပဲဖြစ်ဖြစ် သူတို့ကို လွှတ်ပေးလိုက်တာ မှားတယ်"

ဟု ပြောလိုက်၏။

ချူလျှူရှမ်းက ပြုံးကာ ... .

"ငါတို့က(လက်)ကို အမိက ဖျက်ဆီးမှာလေ (လက်)ရှိနေ သမျှ ဒီဒုစရိုက်လုပ်ငန်းတွေ ရှိနေမှာပဲ၊ (လက်)မရှိရင်(ဓား)မရှိတော့ ဘူး မဟုတ်လား"

ဝူးထိဝါးက သက်ပြင်းချလိုက်၏။

ချူလျှူရှမ်းက ပြုံး၍ ဝူးထိဝါး၏ ပုခုံးကို အသာပုတ်ကာ ...

"မင်းက ဒီလူ(၆)ယောက်ကို သတ်လိုက်ပြီထားပါတော့၊ သူတို့ရဲ့ခေါင်းဆောင်က သူ့ရဲ့လုပ်ရပ်တွေကို ရပ်တန့်သွားမှာလား၊ သူက နောက်ထပ် လူ(၆)ယောက်မကဘူး သူတို့ရဲ့ခေါင်းဆောင်ကို တုတ်ဖော်ပြီး ရှင်းပစ်နိုင်မှ ဒီလုပ်ငန်းတွေ ရပ်တန့်သွားမှာ"

ဟုပြောလိုက်၏။

ဝူးထိဝါးက ဦးခေါင်းညိတ်လိုက်ပြီး ...

"အင်း ... မင်းပြောတာ နည်းလမ်းကျပါတယ်၊ ဒါပေမယ့် မင်းက သူတို့ရဲ့ခေါင်းဆောင်ကို ဘယ်လိုဖော်ထုတ်မှာလဲ"

ချူလျှူရှမ်းက ပြုံးကာ ...

"ငါးကလေး လွှတ်လိုက်ပြီ"

ဟု ပြောလိုက်၏။

ဝူးထိဝါးသည် ချူလှူရှမ်း၏ စကားကို နားမလည်ဟန်ဖြင့် မျက်မှောင်ကုတ်ကာ ...

"ဘာ ... ငါးကလေး ဟုဝင်လား"

ချူလှူရှမ်းက ပြုံးကာ ...

"ငါးလေးလွှတ်လိုက်ပြီ ကျုပ်တို့ ငါးကြီးနောက် လိုက်ရမှာပေါ့"

ဟု ပြောလိုက်၏။

ယခုမှ ဝူးထိဝါးသည် ချူလှူရှမ်း၏ စကားကိုသဘောပေါက်ကာ ရယ်မောလိုက်လေတော့သည် မဟုတ်ပါလား။

❋ ❋ ❋

ချူလှူရှမ်းက တုဟုန်ကိုကြည့်ကာ ...

"ကျုပ်ကို တစ်ခုလောက် ကူညီပါ"

ဟု ပြောလိုက်၏။

တုဟုန်က ပြုံးရင်း ...

"ပြောပါ ..."

ချူလှူရှမ်းက ပြုံးလိုက်ပြီး ...

"ခင်ဗျားက ဒီမှာနေခဲ့ပြီး ကျွန်တော့် ညီမနှစ်ယောက်ကို စောင့်ရှောက်ပေးပါ"

တုဟုန်က ဦးခေါင်းညိတ်ကာ ...

"စိတ်ချပါ ကျုပ်စောင့်ရှောက်ထားပါ့မယ်"



ချူလှူရှမ်းက လီယို့ဟန်တို့ လင်မယားကို တစ်ချက်ကြည့်လိုက်ပြီး ...

"ခင်ဗျားတို့ လင်မယားလည်း ဒီမှာနေခဲ့ပါ"

ဟု ပြောလိုက်၏။

မေလင်းဟုန်က ...

"ရှင်က ဘယ်သွားမလို့လဲ"

ချူလှူရှမ်းက ပြုံးကာ ...

"ကျုပ်တို့ (လက်)ဆီကို လိုက်သွားမလို့"

မေလင်းဟုန်က သက်ပြင်းချလိုက်ပြီး ...

"ကျွန်မ ရှင့်ကို စကားတစ်ခွန်းပြောပါရစေ"

ချူလှူရှမ်းက ဦးခေါင်းညိတ်ကာ ...

"ပြောပါ"

မေလင်းဟုန်က တစ်ချက်မျှ ငုနဲ့ဆိုင်းနေပြီးမှ ...

"ကျွန်မတို့ရဲ့ ခေါင်းဆောင်ဟာ ရှင်တို့ လိုက်ရှာနေတဲ့ မိုးဇွေငှက်ပါပဲ"

ဟု ပြောလိုက်၏။

မေလင်းဟုန်၏ စကားကြောင့် ဝူးထိဝါးသည် အံ့သြကာ ...

"လက် ... ဟာ မိုးဇွေငှက် ဟုတ်လား"

ဟု တအံ့တသြဖြင့် ပြန်မေးလိုက်၏။

မေလင်းဟုန်က ဦးခေါင်းညိတ်ကာ ...

"ဟုတ်ပါတယ် ကျွန်မဟာ ကျောက်တစ်လုံးမယ်တော်ရဲ့

တပည့်ဖြစ်ပေမယ့် ကျွန်မကို ငယ်ငယ်ကတည်းက ကြီးပြင်းအောင် ကျွေးမွေးပြီး သိုင်းပညာသင်ပေးခဲ့တာ မိုးဇွဲငှက်ပါပဲ"

ဟု ပြောလိုက်၏။

ဝူးထိဝါးက ...

"ဒါဆို နေပြည်တော်ပို့မည့် ဘဏ္ဍာငွေကို ဓားပြတိုက်တာ မင်းမဟုတ်ဘူးပေါ့"

မေလင်းဟုန်က ဦးခေါင်းညိတ်ကာ ...

"ဟုတ်ပါတယ် ကျွန်မ မဟုတ်ပါဘူး၊ အဲဒီအချိန်မှာ ကျွန်မက အဖွဲ့ကနုတ်ထွက်ပြီး အစ်ကိုလီယိုဟုန်နဲ့ အိမ်ထောင်ကျနေပါပြီ"

ချူလျှူရှမ်းက သက်ပြင်းချကာ ...

"ဒါဖြင့် မင်းကဘာဖြစ်လို့ မင်းလုပ်တာပါဆိုပြီးဝန်ခံရတာလဲ"

မေလင်းဟုန်က သက်ပြင်းချကာ ...

"သူက ကျွန်မရဲ့ကျေးဇူးရှင်ပါ၊ ပြီးတော့သူက ကျွန်မကို နောက်ဆုံးအနေနဲ့ သူခိုင်းတာကို လုပ်ပေးရမယ်လို့ ပြောခဲ့ပါတယ်၊ ဒါကြောင့် ရှင့်ကို လုပ်ကြံခဲ့တဲ့ကိစ္စရော၊ ဓားပြတိုက်တဲ့ကိစ္စပါ သူပြောတဲ့အတိုင်းကျွန်မက လိုက်ပြီး လုပ်ပေးခဲ့ရတာပါ"

ချူလျှူရှမ်းကသက်ပြင်းချလိုက်ပြီး ...

"ဒါဖြင့် မင်းကဘာဖြစ်လို့ ကျုပ်ကို ပြောပြရတာလဲ"

မေလင်းဟုန်က သက်ပြင်းချလိုက်ပြီး ...

"ရှင်ဟာ ကျွန်မအပေါ်မှာ အလွန်ကောင်းခဲ့ပါတယ်၊ ဒါ့ကြောင့် ကျွန်မဟာ ရှင့်အပေါ်မှာ လိမ်ညာမပြောသင့်ဘူးလို့ ယူဆခဲ့ပါတယ်၊ တကယ်လို့ ကျွန်မ ရှင့်အပေါ်မှာ ဆက်ပြီးလိမ်ညာနေဦးမယ်ဆိုရင် ကျွန်မဟာ လူမပီသတော့ဘူးလို့ တွေးမိလာပါတယ်၊ ဒါကြောင့် အခုလို ပြောပြတာပါ"



ချူလျှူရှမ်းက ပြုံးလိုက်ပြီး ...

"အခုလို မင်းက အချိန်မီ အမြင်မှန်ရလာတာ ကျုပ်တကယ် ဝမ်းသာတယ်၊ မင်းကကျုပ်ကို အခုလို ဖွင့်ပြောတာ လူထုအတွက် အများကြီး အကျိုးရှိကယ်"

ဟု ပြောလိုက်၏။

ပြီးမှ ဝူးထိဝါး၏ ပခုံးကို ပုတ်ကာ ...

"ကဲ ... ကျုပ်တို့ သွားရအောင်"

ဟု ပြောလိုက်၏။

ထို့နောက် သူတို့သည် ထိုနေရာမှ ထွက်သွားလေတော့၏။

မေလင်းဟုန်သည် တဖြည်းဖြည်းဝေး၍သွားသော ချူလျှူရှမ်းတို့ကို အတန်ကြာအောင် ငေးကြည့်နေ၏။

ပြီးမှ သူမသည် သက်ပြင်းချကာ ...

"ရှင် ကံကောင်းမှာပါ"

ဟု တီးတိုးရေရွတ်လိုက်လေတော့သည် မဟုတ်ပါလား။

❋ ❋ ❋

ချူလျှူရှမ်းသည် ရှေ့မှ ပြေးလွှားနေ၏။

ဝူးထိဝါးက ချူလျှူရှမ်း၏ နောက်မှ ပြေးလိုက်လာ၏။

အတန်ကြာသောအခါ ဝူးထိဝါးသည် ခြေလှမ်းရပ်တန့်လိုက်ပြီး ချူလျှူရှမ်း၏ နောက်သို့ မလိုက်တော့ပါ။

ထို့ကြောင့် ချူလျှူရှမ်းက ခြေလှမ်းရပ်ကာ ဝူးထိဝါးကိုလှည့် ကြည့်ပြီး ...

"မင်းက ဘာရပ်နေတာလဲ"

ဟု မေးလိုက်၏။

ဝူးထိဝါးက မျက်မှောင်ကုတ်ကာ ...

"သူတို့ရဲ့အရိပ်အရောင်ကောင် မတွေ့ရတာ မင်းကဘယ်ကိုလိုက်မှာလဲ"

ဟု ပြောလိုက်၏။

ချူလျှူရှမ်းက ပြုံးကာ ...

"လာ ကျုပ်က သူတို့ဘယ်မှာရှိတယ်ဆိုတာ ကျုပ်သိပါတယ်"

ဟု ပြောလိုက်၏။

ဝူးထိဝါးကနှာခေါင်းရှုံ့ကာ ...

"မင်းက ဘယ်လိုလုပ်သိတာလဲ"

ချူလျှူရှမ်းက ရယ်မောလိုက်ပြီး ...

"ဒါကြောင့် မင်းက အေးအေးဆေးဆေး စကားပြောနေတာကိုး"

ချူလျှူရှမ်းက ပြုံးကာ ...

"ဒါပေါ့ ..."

ဝူးထိဝါးက ပြုံးလိုက်ပြီး ...



"ဒါဆို အခုငါတို့ ဘယ်ကို လိုက်ရမလဲ"

ချူလျှူရှမ်းက ...

"လွယ်ပါတယ် မင်းရဲ့နှာခေါင်းကို အသုံးပြုပေါ့"

ဝူးထိဝါးက မျက်လုံးကိုမှိတ်ပြီး နှာခေါင်းကို ပွစိပွစိ လုပ်ကာ အနံ့ခံလိုက်၏။

မကြာမီ သူသည် အမွှေးနံ့တစ်ခုကိုရ၏။

ထိုမွှေးကြိုင်သော ရနံ့သည် ချူလျှူရှမ်း၏ ခြေရာခံ ရေမွှေးနံ့ဖြစ်ကြောင်း ဝူးထိဝါးကသိလိုက်၏။

ချူလျှူရှမ်းသည် ထိုရေမွှေးကို အသုံးပြုပြီး တရားခံများနောက်သို့ ခြေရာခံ၍လိုက်ခဲ့သော အကြိမ်ပေါင်း မနည်းတော့ပါ။

ယခု ချူလျှူရှမ်းသည် ထိုရေမွှေးကို အသုံးပြု၍ ကြေးစားဓားသမား(၆)ယောက်၏ နောက်သို့ လိုက်လာခဲ့ခြင်းဖြစ်၏။

ဝူးထိဝါးက နှာခေါင်းကို ပွစိပွစိလုပ်ကာ ရေမွှေးနံ့ရသည့်ဘက်သို့ လိုက်လာရာ မကြာမီ တောအုပ်တစ်ခုသို့ ရောက်ရှိလာ၏။

ချူလျှူရှမ်းက နှာခေါင်းကိုလက်ဖြင့် ပွတ်ရင်း ဝူးထိဝါး၏နောက်မှ လိုက်လာခဲ့၏။

ဝူးထိဝါးက ပြုံးကာ ...

"ပိုးဟပ်ဖြူ တွေ့တယ်မဟုတ်လား၊ ကျုပ်ရဲ့နှာခေါင်းက မင်းထက်သာတယ်"

ဟု ပြောလိုက်၏၊

ချူလျှူရှမ်းက ဦးခေါင်းညိတ်ကာ ...

"ဟုတ်ပါတယ်၊ အနံ့ခံကဲ့ နေရာမှာ ခွေးက လူထက်သာတယ်ဆိုတာ ငြင်းလို့မရတော့ပါဘူး"

ဟု ပြောလိုက်၏။

ချူလှူရှမ်း၏ စကားကြောင့် ဝူးထိဝါးသည် ချူလှူရှမ်းကို မျက်လုံးပြူး၍ ကြည့်ကာ ...

"ဟော့ကောင် ... မင်းကငါ့ကို ခွေးလို့ ပြောတာပေါ့ ဟုတ်လား"

ဟု မေးလိုက်၏။

ချူလှူရှမ်းက ပါးစပ်ပေါ်သို့လက်ညှိုးကို ကန့်လန့်ဖြတ်တင်ထားလိုက်၏။

"ရှူး တိုးတိုး ... လူသံကြားတယ်"

ဟု ပြောလိုက်၏။

ထိုစဉ်မှာပင် တောအုပ်ထဲမှ တိုက်ခိုက်သံများ ပေါ်ထွက်လာပြီး နာကျင်စွာ အော်ဟစ်သော အသံများထွက်ပေါ် လာလေတော့သည် မဟုတ်ပါလား။

❋ ❋ ❋

ဝူးထိဝါး၏ မျက်လုံးပြူးသွား၏။

လူတစ်ယောက်၏ နာကျင်စွာ အော်ဟစ်လိုက်သော အသံ မဟုတ်ပါလား။

လူတစ်စု၏ နာကျင်စွာ အော်ဟစ်လိုက်သော အသံများဖြစ်၏၊ ထို့နောက် တောအုပ်ထဲ၌ တိတ်ဆိတ်သွား၏။



ချူလှူရှမ်းသည် တုန့်ဆိုင်းမနေတော့ဘဲ တောအုပ်ထဲသို့ ပြေးဝင်သွား၏။

ဝူးထိဝါးကလည်း ချူလှူရှမ်း၏ နောက်မှ ပြေးလိုက်သွား၏၊

သူတို့နှစ်ယောက်သည် တောအုပ်ထဲသို့ ရှေ့ဆင့်နောက်ဆင့် ပြေးဝင်သွားကြ၏။

မကြာမီ သူတို့သည် ပြေးလွှားနေသော ခြေလှမ်းများကို ရပ်တန့်လိုက်၏။

အကြောင်းမှာ အနက်ရောင်ဝတ်ထားသော ကြေးစားဓားသမား (၆)ယောက်သည် မြေပေါ်၌ လဲကျသေဆုံးနေသည်ကို တွေ့လိုက်ရသောကြောင့် ဖြစ်၏။

သူတို့သည် မြေပေါ်၌ ဖရိုဖရဲလဲကျကာ သေဆုံးနေ၏။

သူတို့၏ လည်ပင်း၌ အပေါက်ကလေးတစ်ပေါက်စီ ဖြစ်ပေါ်နေပြီး သွေးများစိမ့်ထွက်နေ၏။

ထိုကြေးစားဓားသမား(၆)ယောက်၏ အနီး၌ လူတစ်ယောက် ရပ်နေ၏။ ထိုလူသည် အနက်ရောင်အင်္ကျီကို ဝတ်ဆင်ထား၏။

သူ၏ မျက်နှာပေါ်၌ မျက်နှာဖုံးတစ်ခု တပ်ဆင်ထား၏။

သူ၏ လက်ထဲ၌ ဓားတစ်လက်ကိုင်ထား၏။

ထိုဓား၏ ဓားဖျား၌ သွေးများ စွန်းပေနေ၏။

ချူလှူရှမ်းက ထိုလူကို စူးစိုက်ကြည့်လိုက်၏။

ထိုလူကလည်း ချူလှူရှမ်းကို စူးစိုက်ကြည့်နေ၏။

ချူလှူရှမ်းသည် ထိုလူနှင့်မျက်လုံးချင်းဆုံမိသည့် တစ်ခဏ

အတွင်းမှာပင် အလွန်အေးစိမ့်သော အငွေ့အသက်တစ်ခုက မိမိ၏ ခန္ဓာကိုယ်ပေါ်သို့ လာရောက်ရစ်ပတ်သည်ဟု ခံစားလိုက်ရ၏။

တစ်ဆက်တည်းမှာပင် ထိုလူသည် အလွန်ထူးဆန်းပြီး အလွန် လျှို့ဝှက်ဆန်ကြယ်သော လူတစ်ယောက်ဟု စိတ်ထဲ၌ ခံစားလိုက်ရ၏။

ထိုလူသည် မည်သူဖြစ်မည်နည်းဟု ချူလျှူရှမ်းက မစဉ်းစားတော့ပါ။

ထိုလူသည် ဓား(၁၃)လက်၏ အလယ်မှ “လက်”ပင်ဖြစ်သည် မဟုတ်ပါလား။

ချူလျှူရှမ်းသည် ထိုလူကို စူးစိုက်ကြည့်နေ၏။

ထိုလူကလည်း ချူလျှူရှမ်းကို စူးစိုက်ကြည့်နေ၏။

သူတို့သည် ကျောက်ရုပ်များပမာ ငြိမ်သက်စွာ ရပ်နေကြ၏။

မေလင်းဟုန်က “လက်”သည် လောက၌ ကြောက်မက်ဖွယ် အကောင်းဆုံးလူဟု ပြောခဲ့၏။

ထို့အပြင် ထိုလူကို ချူလျှူရှမ်းက ယှဉ်နိုင်မည် မဟုတ်ဟုလည်း ပြောခဲ့၏။

ယခု ချူလျှူရှမ်းသည် ထိုလူနှင့်နဖူးတွေ့ ဒူးတွေ့ တွေ့ရပြီးဖြစ်၏။

ချူလျှူရှမ်းသည် ထိုလူကို ရင်ဆိုင်နိုင်ပါမည်လော။

သို့သော် ဝူးထိဝါးက ချူလျှူရှမ်းသည် လောကပေါ်၌ အလွန်ကံကောင်းသူဟု ပြောခဲ့၏။



ဤသို့ဆိုလျှင် ချူလျှူရှမ်းသည် ယခုကံကောင်း နိုင်ပါဦးမည်လော ...။

❋ ❋ ❋

ပတ်ဝန်းကျင်သည် တိတ်ဆိတ်နေ၏။

အေးစိမ့်သော အငွေ့အသက်တစ်ခုက ထိုနေရာ ကွက်ကွက်က လေးကို လွှမ်းခြုံထားသည်ဟု ထင်မှတ်ရ၏။

မျက်နှာဖုံးနှင့် လူသည်ငြိမ်သက်စွာ ရပ်နေ၏။

ချူလျှူရှမ်းကလည်း ငြိမ်သက်စွာ ရပ်နေ၏။

သူတို့နှစ်ယောက်သည် ကျောက်ရုပ်နှစ်ရုပ်ကဲ့သို့ ထင်မှတ်ရ၏။

အတန်ကြာမှ ထိုလူက အလွန်အေးစက်သော လေသံဖြင့် ...

“ချူလျှူရှမ်းလား”

ဟု မေးလိုက်၏။

ချူလျှူရှမ်းက ...

“ဟုတ်ပါတယ်”

ထိုလူက အေးစက်စွာ ရယ်မောလိုက်ပြီး ...

“ဟား ... ဟား ... ဟား ... ကောင်းတယ် ... ကောင်းတယ်၊ မင်းနဲ့ငါနဲ့ တစ်နေ့တွေ့ရလိမ့်မယ်လို့ မျှော်လင့်ထားတာ”

ဟု ပြောလိုက်၏။

ချူလျှူရှမ်းက ...

"ခင်ဗျားကကြေးပြားပေါ်မှာ ဖော်ပြထားတဲ့ လက်ဆိုတာ လား"

ဟု မေးလိုက်၏။

ချူလှူရှမ်း၏ စကားကြောင့် ထိုလူသည် အံ့သြဟန်ဖြစ်ပေါ်သွား၏။

ပြီးမှ ရယ်မောကာ ...

"ဟုတ်ပါတယ်၊ ကျုပ် အဲဒီလက်ပါပဲ၊ ဟင်း ... ဟင်း ... လောကပေါ်မှာရှိတဲ့ လူအပေါ်များများရဲ့အသက်ဟာ ကျုပ်ရဲ့ လက်ထဲမှာရှိတယ်"

ထိုလူ၏ စကားကို ဝူးထိဝါးက အမြင်ကတ်ဟန်ဖြင့် ...

"ပေါ့လှူသိပ်ကြွားမနေနဲ့၊ လောလောဆယ် ခင်ဗျားရဲ့အသက်ဟာ ကျုပ်တို့ရဲ့ လက်ထဲမှာ ရှိတယ်ဆိုတာ သတိပြုပါဦး"

ဟု ဝင်ရောက်၍ ပြောလိုက်၏။

ထိုသူက ဝူးထိဝါးကို လှည့်ကြည့်လိုက်၏၊

သူသည် ဝူးထိဝါးကို ခြေဆုံးခေါင်းဆုံး ကြည့်လိုက်၏။

"ဟုတ်လား ကျုပ်အသက်က ခင်ဗျားတို့ လက်ထဲမှာ ဟုတ်လား"

ဟု ခပ်လှောင်လှောင် ပြောလိုက်၏။

ဝူးထိဝါးက ...

"ကျုပ်တို့က ခင်ဗျားကို သတ်ပစ်မယ်ဆိုတာ ခင်ဗျားကမယုံဘူးလား"



ထိုလူက ဝူးထိဝါးနှင့် ချူလှူရှမ်းကို တစ်လှည့်စီကြည့်ကာ ...

"ဘာလဲ ... ကျုပ်တို့နှစ်ယောက်တည်းကို နည်းတယ်ထင်လို့လား"

ထိုလူက ရယ်မောလိုက်ပြီး ...

"ကောင်းပြီ ... တစ်ယောက်ချင်း ယှဉ်မှာလား၊ နှစ်ယောက်ပေါင်းပြီးယှဉ်မှာလား"

ဝူးထိဝါးက နှာခေါင်းရှုံ့ကာ ...

"ခင်ဗျားကို ဒုစရိုက်ကောင်ကို သိုင်းလောကရဲ့ စည်းကမ်းတွေ စောင့်ထိန်းစရာ မလိုပါဘူး"

ထိုလူက သက်ပြင်းချကာ ...

"အင်း စိတ်ပျက်စရာပဲ"

ဟု ပြောလိုက်၏။

ဝူးထိဝါးက မျက်မှောင်ကုတ်ကာ ...

"ဘာ စိတ်ပျက်တာလဲ"

ဟု မေးလိုက်၏။

ထိုလူက မိမိ၏ဓားများကို တစ်ချက်ကြည့်လိုက်ပြီး ...

"လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်က ကျုပ်နယ်ခြားကို ရောက်ခဲ့တယ်၊ အဲဒီနယ်ခြားမှာ သိုင်းပညာရှင်တစ်ယောက်နဲ့ တွေ့ခဲ့ရတယ်၊ ကျုပ်တို့နှစ်ယောက် ဓားချင်းယှဉ်ပြိုင်ခဲ့ကြတယ်၊ ကျုပ်တစ်သက်မှာ စိတ်ဓာတ်အတက်ကြွဆုံး ယှဉ်ပြိုင်ပွဲတစ်ခုပဲ"

ဟု ပြောလိုက်၏။

ထို့နောက် သူသည် သက်ပြင်းချလိုက်ပြီး ...

"အဲဒီနောက်ပိုင်းမှာ ကျုပ်ဟာ ပြိုင်ဘက်တစ်ယောက်မှ မတွေ့ခဲ့ရဘူး"

ဟု ဆက်၍ ပြောလိုက်၏။

ဝူးထိဝါးက မဲ့ပြုံး ပြုံးကာ ...

"ဘာလဲခင်ဗျားက ခင်ဗျားရဲ့ သိုင်းပညာဟာ ပြိုင်ဘက်ကင်းတယ်လို့ ပြောချင်တာလား"

ထိုလူက ...

"အခုအချိန်အထိတော့ ပြိုင်ဘက်တစ်ယောက်မှ မတွေ့ရသေးဘူး၊ စားသမားတစ်ယောက်ဟာ ပြိုင်ဘက်မရှိရင် ဘယ်လောက်စိတ်ဆင်းရဲရတယ်ဆိုတာ မင်းတို့နားလည်ရဲ့လား"

ဟု ပြောလိုက်၏။

ပြီးမှ သူသည် ချူလျူရှမ်းကို စူးစိုက်ကြည့်ကာ ...

"နောက်တော့ သိုင်းလောကမှာ မင်းရဲ့နာမည်ကို ကြားခဲ့ရတယ်"

ချူလျူရှမ်းက ပြုံးလိုက်ပြီး ...

"ကျွန်တော့်ကို ခင်ဗျားရဲ့ ပြိုင်ဘက်လို့ ထင်နေလို့လား"

ထိုလူက ဦးခေါင်းညိတ်ကာ ...

"ပထမတုန်းကတော့ ကျုပ်ကမင်းကို ဒီလောက်အထင်မကြီးခဲ့ပါဘူး၊ နောက်တော့ မင်းကိုတွေ့မှ မင်းဟာ ကျုပ်ရဲ့ပြိုင်ဘက်တစ်ယောက်လို့ သတ်မှတ်ခဲ့တာပါ"



ချူလျူရှမ်းက ပြုံးလိုက်ပြီး ...

"ကျုပ်ကို အခုလို ချီးကျူးတာ ကျေးဇူးတင်ပါတယ်"

ထိုလူက သက်ပြင်းချကာ ..

"အခုအချိန်မှာတော့ မင်းရဲ့အခြေအနေဟာ ကျုပ်နဲ့ဘယ်လိုမှ မယှဉ်သာအောင် အခြေအနေဆိုးနေလို့ ကျုပ်ဖြင့် ပြိုင်ဘက်တစ်ယောက်ဆုံးရှုံးရပြီလို့ စိတ်မကောင်းဖြစ်မိပါတယ်"

ဟု ပြောလိုက်၏။

ဝူးထိဝါးက မျက်နှာကိုရှုံ့မဲ့လိုက်ရင်း ...

"ဒီမှာ ခင်ဗျားသိပ်ပြီး အပြောမကြီးပါနဲ့၊ ကျုပ်တို့ နှစ်ယောက်ပူးပေါင်းလိုက်ရင် ခင်ဗျားဟာ သိုင်းကွက်(၁၀)ကွက်တောင် ခံနိုင်မယ်မထင်ဘူး"

ဟု ခပ်နှိမ့်နှိမ့် ပြောလိုက်၏။

ထိုလူက အေးတိအေးစက်ဖြင့် ဝူးထိဝါးကို ကြည့်ကာ ...

"မင်းရဲ့သိုင်းပညာက မဆိုးပါဘူး၊ ဒါပေမယ့် မင်းတို့နှစ်ယောက်ပေါင်းတိုက်ရင် ငါကတစ်ပန်းသာတယ်ဆိုတာ မင်းမသိဘူးမဟုတ်လား"

ဟုပြောလိုက်၏။

ထိုလူ၏ စကားကြောင့် ဝူးထိဝါးသည် ကြောင်အမ်းအမ်းဖြစ်သွား၏။

ပြီးမှ မျက်မှောင်ကုတ်ကာ ...

"ဘာဖြစ်လို့လဲ"

ထိုလူက ...

"ချူလှူရှမ်းနဲ့ တစ်ယောက်ချင်းယှဉ်ပြိုင်ရင် ကျုပ်ရဲ့သိုင်းကွက် (၁၀၀)အထိ သူကခုခံနိုင်မယ်ထင်တယ်၊ မင်းနဲ့ပေါင်းပြီး ယှဉ်ပြိုင်မယ်ဆိုရင်တော့ ကျုပ်ရဲ့ သိုင်းကွက်(၁၀)ကွက်တောင် ခံနိုင်မှာ မဟုတ်ဘူး"

ဟု ပြောလိုက်၏။

ဝူးထိဝါးက နှုတ်ခမ်းတစ်ချက် မဲ့လိုက်ပြီး ဓားကိုဆွဲထုတ်လိုက်၏။

ထို့နောက် ...

"ခင်ဗျားပြောတာ ဟုတ်,မဟုတ် လက်တွေ့အဖြေရှာကြည့်ရအောင်"

ထိုလူက ဝူးထိဝါးကိုစူးစိုက်ကြည့်လိုက်ပြီး ...

"ကောင်းပြီ ... မင်းတို့ မယုံရင် စမ်းကြည့်ပေါ့"

ဟု ပြောလိုက်၏။

ထို့နောက် သူသည် ဓားကိုအပေါ်သို့ မြှောက်လိုက်လေတော့သည် မဟုတ်ပါလား။

❋ ❋ ❋

ထိုလူက ဓားကိုမြှောက်လိုက်သည်နှင့် ထိုလူ၏ ခန္ဓာကိုယ်တစ်ခုလုံးသည် ဓားကဲ့သို့ ဖြစ်သွားသည်ဟု ချူလှူရှမ်း၏ စိတ်ထဲ၌ ခံစားလိုက်ရ၏။



ထိုလူ၏ ဝိညာဉ်က ဓားထဲသို့ရောက်သွားခြင်းလော။

ဓား၏ ဝိညာဉ်က ထိုလူ၏ခန္ဓာကိုယ်ထဲသို့ ဝင်ရောက်သွားခြင်းလောဟူ၍ ချူလှူရှမ်းက ခွဲခြားမရတော့ပါ။

ထိုသူ့ထံမှ ထွက်ပေါ်လာသော ဓား၏အငွေ့အသက်များက ပတ်ဝန်းကျင်တစ်ခုလုံးကို လွှမ်းခြုံသွားလေတော့၏။

ဝူးထိဝါး၏ ခန္ဓာကိုယ်သည် ချွေးစေးများဖြင့် စေးထန်းလာ၏။

သူ၏ လက်ထဲမှ ဓားသည် အလွန်လေးလံလာသည်ဟုခံစားရ၏။

သူ၏ လက်ကလည်း ဓားကိုဆွဲ၍ မြှောက်သော်လည်း ဓားက အလွန်လေးလံနေသဖြင့် ဆွဲမြှောက်၍ မရအောင် ဖြစ်နေသည်ဟု စိတ်ထဲ၌ ခံစားနေရ၏။

ထိုစဉ် ချူလှူရှမ်းက ပြုံးလိုက်၏။

ပြီးမှ သူသည် ဦးခေါင်းကို ခါယမ်းကာ ရယ်မောလိုက်၏၊

ချူလှူရှမ်းက ရုတ်တရက် ရယ်မောလိုက်သောကြောင့် ဝူးထိဝါးသည် ချူလှူရှမ်းကို ရူးသွပ်သွားပြီလောဟု ထင်မှတ်ကာ မျက်လုံးပြူး၍ ကြည့်လိုက်၏။

ချူလှူရှမ်းက ရယ်မောလိုက်သောကြောင့် မျက်နှာဖုံးနှင့်လူသည် ကြောင်အမ်းအမ်း ဖြစ်သွား၏။

ချူလှူရှမ်းက ရယ်မောလိုက်ပြီးမှ ဦးခေါင်းကို ခါယမ်းကာ ...

"အင်း ... သနားဘို့ကောင်းလိုက်တာ၊ နှမြောဘို့လည်း အတော်ကောင်းပါတယ်"

ဟု ပြောလိုက်၏။

မျက်နှာဖုံးနှင့်လူက …

"မင်းက ဘာရယ်တာလဲ"

ချယ်လျူရှမ်းက …

"ခင်ဗျားရဲ့ ဓားကိုင်ပုံကို သဘောကျလို့ပါ"

ထိုလူက …

"ကျုပ်ဓားကိုင်ပုံက ဘာဖြစ်လဲ"

ချယ်လျူရှမ်းက …

"ဟာကွက်တွေ များမနေဘူးလား"

ထိုလူက ရယ်မောလိုက်၏။

ပြီးမှ …

"မရဘူး ချယ်လျူရှမ်း ကျုပ်ကို စိတ်ဓာတ်စစ်ဆင်ရေးလုပ်လို့ မရဘူး"

ဟု ပြောလိုက်၏။

ချယ်လျူရှမ်းက ပခုံးတွန့်ကာ …

"စိတ်ဓာတ်စစ်ဆင်ရေး လုပ်တယ်လို့ ခင်ဗျားကထင်နေလို့လား၊ ဒါဆို ကျုပ်ကို ဓားနဲ့ခုတ်လိုက်လေ၊ အခု အခြေအနေမှာ ကျုပ်က ခင်ဗျားရဲ့အဓိက ဟာကွက်(၃)ကွက်ကို မြင်ထားတယ်"

ဟုပြောလိုက်၏။

ထိုလူက ချယ်လျူရှမ်းကို စူးစိုက်ကြည့်လိုက်၏။

ချယ်လျူရှမ်းကို အကဲခတ်လိုက်ခြင်းဖြစ်၏။



ချယ်လျူရှမ်းက ဣန္ဒြေပျက်ခြင်းမရှိသဖြင့် ထိုလူ၏ စိတ်ထဲ၌ ဇဝေဇဝါ ဖြစ်သွားပြီး တုန်လှုပ်ချောက်ချားသွား၏။

အမှန်မှာ ချယ်လျူရှမ်းသည် ထိုလူ၏ ဓားကိုင်သည့်ဟန်ကို မြင်တွေ့လိုက်ကတည်းက အလွန်အဆင့်မြင့်သော သိုင်းပညာရှင် တစ်ယောက်ဖြစ်ကြောင်း သိလိုက်၏။

တစ်ဆက်တည်းမှာပင် ထိုလူပြောသကဲ့သို့ ထိုလူ၏သိုင်းကွက် (၁၀)ကွက်ကိုပင် မိမိက ခုခံနိုင်မည် မဟုတ်မှန်းလည်း သဘောပေါက်လာ၏။

ထို့ကြောင့် သူသည် ထိုလူကို စိတ်ဓာတ်စစ်ဆင်ရေးဖြင့် ထိုးနှက်လိုက်ခြင်း ဖြစ်၏။

ထိုလူက ချယ်လျူရှမ်းကို စူးစိုက်ကြည့်ကာ …

"မင်းက ဒီလောက်ပြောနေမှ ဘာဖြစ်လို့ လက်တွေ့စမ်း မကြည့်တာလဲ"

ထို့နောက် ထိုလူက လက်ကိုဝှေ့ယမ်းလိုက်ရာ ထိုလူ၏ ဓားများက ချယ်လျူရှမ်း၏ လည်ပင်းသို့ ရောက်ရှိလာ၏။

ချယ်လျူရှမ်းက လုံးဝမလှုပ်ရှားပါ။

သူသည် ကျောက်ရုပ်ကဲ့သို့ ငြိမ်သက်နေ၏။

ထို့အပြင် သူသည် ထိုလူကိုမျက်တောင်မခတ်ဘဲ ကြည့်နေ၏။

အကယ်၍သာ ချယ်လျူရှမ်းက ကြောက်ရွံ့၍ ရှောင်တိမ်းလိုက်ပါက ထိုလူ၏ဓားဖျားက ချယ်လျူရှမ်း၏ လည်ပင်းကို ထိုးဖောက် သွားလိမ့်မည် ဖြစ်၏။

ယခု ချူလူချူရှမ်းက ရှောင်တိမ်းခြင်းမရှိသောအခါ ထိုလူသည် တိတ်လန့်တုန်လှုပ်ပြီး လက်ကို ရပ်တန့်လိုက်၏။

ထို့ကြောင့် ဓားဖျားက ချူလူချူရှမ်း၏ လည်ပင်းနှင့်(၄)လက်မ (၅)လက်မခန့် အကွာ၌ ရပ်တန့်သွား၏။

ထိုလူက ချူလူချူရှမ်းကို စူးစိုက်ကြည့်လိုက်၏။

ချူလူချူရှမ်းက အပြုံးမပျက်ပါ။

သူသည် ခပ်ပြုံးပြုံးဖြင့် ထိုလူကို ကြည့်နေ၏။

ထိုလူက ရယ်မောလိုက်ပြီး ...

"ချူလူချူရှမ်း တကယ်တော့ မင်းက အလကားကောင်ပဲ၊ ကျုပ်ရဲ့သိုင်းကွက်တစ်ကွက်တောင် ခံနိုင်ပါ့မလား"

ချူလူချူရှမ်း၏ ရင်ထဲ၌ တိတ်လန့်တုန်လှုပ်နေ၏။

သို့သော် ရင်ထဲမှ ထိတ်လန့်တုန်လှုပ်မှုသည် မျက်နှာပေါ်သို့ ရောက်ရှိမလာပါ။

ချူလူချူရှမ်းက အပြုံးမပျက်ဘဲ ...

"ခင်ဗျားက ကျုပ်ကိုသတ်လို့ရမယ်လို့ ထင်နေလို့လား"

ထိုလူက ရယ်မောကာ ...

"ကျုပ်ရဲ့လက်ကိုလှုပ်လိုက်တာနဲ့ မင်းရဲ့လည်ပင်းမှာ အပေါက်ကလေးတစ်ပေါက် ဖြစ်သွားမယ်ဆိုတာ မတွေးမိဘူးလား"

ချူလူချူရှမ်းက ရယ်မောလိုက်ပြီး ...

"ခင်ဗျား မှားနေပြီ"

ချူလူချူရှမ်း၏ စကားကြောင့် ထိုလူသည် တွေဝေသွားပြီး ...



"ဘာဖြစ်လို့လဲ "

ချူလူချူရှမ်းက ပြုံးကာ ...

"ခင်ဗျားရဲ့နောက်မှာ ကျုပ်ရဲ့လူက ရောက်နေတယ်"

ထိုလူက ရယ်မောကာ ...

"ကျုပ်ကို လာပြီးလိမ်မနေနဲ့"

ချူလူချူရှမ်းက ရယ်မောကာ ဦးခေါင်းခါယမ်းလိုက်ပြီ ...

"ကျုပ်ပြောတာ မယုံဘူးဆိုရင် ဘာဖြစ်လို့ နောက်ကိုလှည့်မကြည့်တာလဲ"

ထိုလူက ...

"လှည့်ကြည့်စရာမလိုဘူး"

ချူလူချူရှမ်းကပခုံးတွန့်ကာ ...

"ကောင်းပြီလေ၊ ဒါကတော့ ခင်ဗျားရဲ့သဘောပါ ခြော်ဒါနဲ့ စကားမစပ် မိုးကြိုးငွေအပ်လက်နက်ပုန်းဆိုတာကို ကြားဖူးလား"

ဟုပြောလိုက်၏။

ထိုလူက ဘာမျှပြန်မပြောပါ။ ချူလူချူရှမ်းက ပြုံးလိုက်ပြီး ...

"ခင်ဗျားနောက်မှာ ရပ်နေတဲ့ ကျုပ်ရဲ့လူက မိုးကြိုးငွေအပ်လက်နက်ပုန်းကို ကိုင်ထားတယ်၊ ခင်ဗျားက ကျုပ်ရဲ့လည်ပင်းကို မဖောက်ခင် မိုးကြိုးငွေအပ်(၂၇)ချောင်းက ခင်ဗျားရဲ့ ခန္ဓာကိုယ်ထဲကို ဖောက်ဝင်သွားလိမ့်မယ်"

ထိုလူက ...

"မင်းပြောတိုင်း ငါက ယုံရမှာလား"

ချူလှူရှမ်းက ပခုံးတွန့်ကာ ...

"ယုံတာ မယုံတာက ခင်ဗျားရဲ့သဘောပဲ၊ မယုံရင်တော့ ကျုပ်ကို ဓားနဲ့သာထိုးလိုက်"

ဟု ပြောလိုက်၏။

ထိုလူက ပါးစပ်ပိတ်သွား၏။

ချူလှူရှမ်းက အသာစီးရနေဟန်ဖြင့် ပြုံးကာ ...

"ကဲပါလေ ... ခင်ဗျားယုံတာ မယုံတာ ခဏဘေးချိတ်ထားပြီး ကျုပ်တို့ဆွေးနွေးရအောင်"

ထိုလူက ...

"ဘာကို ဆွေးနွေးမှာလဲ"

ချူလှူရှမ်းက ပြုံးကာ ...

"ခင်ဗျားဟာ လက်ဖြစ်သိုင်း မိုးစွေ့ငှက်ဆိုတာ ကျုပ်သိထားတယ်၊ ဒီတော့ ခင်ဗျား ဓားပြတိုက်သွားတဲ့ ဘဏ္ဍာတော်ငွေတွေ ဘယ်မှာ ဝှက်ထားတယ်ဆိုတာ ပြောပါ၊ ပြီးရင် ခင်ဗျား ဒီကထွက်သွားလို့ ရပြီ"

ဟု ပြောလိုက်၏။

ထိုလူက ရယ်မောကာ ...

"မင်းပြောတာ မလုပ်နိုင်ဘူးဆိုရင်"

ချူလှူရှမ်းက ထိုလူကို အလွန်သနားစရာကောင်းသော လူတစ်ယောက်ကို ကြည့်သကဲ့သို့ ကြည့်ကာ ...



"အင်း ... ခင်ဗျားဟာ အခွင့်အရေးကို အသုံးမချတတ်တဲ့ လူပဲ ထားပါတော့၊ အခွင့်အရေးဆိုတာ တစ်ခါပဲရမယ်၊ မလိုချင်ဘူး ဆိုရင် ခင်ဗျားသဘောပဲ"

ထိုလူက ရယ်မောကာ ...

"ဒီမှာ ချူလှူရှမ်း ကျုပ်က တစ်ချက်လှုပ်လိုက်တာနဲ့ ခင်ဗျားရဲ့ လည်ပင်းမှာ အပေါက်ဖြစ်သွားမယ်ဆိုတာ စဉ်းစားမိရဲ့လား"

ချူလှူရှမ်းက ပြုံးကာ ...

"ကျုပ်လည်းပင်းမှာ အပေါက်မဖြစ်ခင် မိုးကြိုးငွေအပ်တွေက ခင်ဗျားရဲ့ ကိုယ်ထဲစိုက်ဝင်မှာကိုရော ခင်ဗျားက ဘာဖြစ်လို့ မစဉ်းစားတာလဲ"

ဟုပြောလိုက်၏။

ထိုလူက ပါးစပ်ပိတ်သွား၏။

သူသည် ချူလှူရှမ်းကို စူးစိုက်ကြည့်နေ၏။

ချူလှူရှမ်း၏ မျက်နှာပေါ်၌ သေမင်းနှင့်လက်တစ်ကမ်း အလို ရောက်နေသည့်တိုင် ထိတ်လန့်ချောက်ချားမှုကို မတွေ့ရပါ။

ထို့ကြောင့် ထိုလူသည် တွေဝေ၍ သွား၏။

ချူလှူရှမ်းက ပြုံးလိုက်ပြီး ...

"ဒီမှာ မိုးစွေ့ငှက် ကျုပ်ပြောတဲ့ စကားကို ယုံရင် ကျုပ်ပြော သလိုလုပ်ပါ၊ ကျုပ်ပြောတဲ့ စကားကိုမယုံရင်တော့ ခင်ဗျားကြိုက် သလိုသာလုပ်ပါ၊ ဟုတ်ပြီလား ကျုပ်စကားအကုန်ပြောပြီးပြီ"

ဟုပြောလိုက်၏။

ထိုလူသည် ဘာမျှပြန်မပြောပါ။

သူသည် ချူလှူရှမ်းကို စူးစိုက်ကြည့်နေ၏။

အတန်ကြာမှ သူသည် ချူလှူရှမ်း၏ လည်ပင်းကိုချိန်ရွယ်ထားသော ဓားကို ပြန်၍ရုပ်သိမ်းလိုက်ပြီး နောက်သို့ လှည့်မကြည့်ဘဲ ထိုနေရာမှ ထွက်သွားလေတော့၏။

❋ ❋ ❋

မိုးစွေငှက်၏ ခန္ဓာကိုယ်သည် မကြာမီမှာပင် ထိုနေရာမှ ပျောက်ကွယ်သွား၏။

ထိုအခါမှ မိုးစွေငှက်၏ နောက်၌ရပ်နေသော စုယုံယုံသည် ပျော့ခွေကာ မြေကြီးပေါ်၌ ကျသွ ခလေတော့၏။

သူမသည် ဝူးထိဝါးတို့ထွက်ခွာသွားပြီးနောက် အချိန်အတန်ကြာသောအခါ ရေအောက်နန်းတော်သို့ လိုက်လာခဲ့ခြင်းဖြစ၏၊

ယခု နေရာသို့ ရောက်လာသောအခါ လူတစ်ယောက်က ချူလှူရှမ်းကို ဓားဖြင့်ချိန်ရွယ်ထားကြောင်း တွေ့ရ၏။

ထို့ကြောင့် သူမသည် မလှုပ်ရှားရဲဘဲ ထိုလူ၏ နောက်ဘက်ခပ်လှမ်းလှမ်း၌ ရပ်နေခဲ့ ခြင်းဖြစ်၏။

ချူလှူရှမ်းက စုယုံယုံကိုပြုံးပြကာ ...

"မင်းရောက်လာတာ အချိန်မီပဲ"

ဝူးထိဝါးက ဓားကို ဓားအိမ်ထဲသို့ ပြန်ထည့်ကာသက်ပြင်းတစ်ချက်ကို "ဟူး" ခနဲ အသံမြည်အောင် မှုတ်ထုတ်လိုက်၏။



စုယုံယုံက ကြောက်စိတ် မပြေသေးဟန်ဖြင့် ...

"ကျွန်မဖြင့် သူကနောက်ကို လှည့်ကြည့်မှာကြောက်လိုက်တာ"

ဟု ပြောလိုက်၏။

ချူလှူရှမ်းက ပြုံးကာ ...

"ညီမလာတာ အတော်ပဲ၊ ညီမရဲ့လက်ထဲမှာ မိုးကြိုးငွေအပ်မရှိလည်း အရေးမကြီးဘူး"

စုယုံယုံသည် ယခုမှ ကြောက်စိတ်ပြေလာပြီး သက်ပြင်းချကာ

"အစ်ကိုရဲ့ ပြောပုံ ဆိုပုံ လုပ်ပုံက ကျွန်မရဲ့လက်ထဲမှာ တကယ်ပဲ မိုးကြိုးငွေအပ်လက်နက်ပုန်းကို ကိုင်ထားသလားလို့ ကိုယ့်ကိုယ်ကိုတောင် ထင်မိခဲ့တယ်"

ဟု ပြောလိုက်၏။

ဝူးထိဝါးက ချူလှူရှမ်း၏ ပခုံးကိုပုတ်ကာ ...

"မင်းရဲ့ရင်ထဲမှာ အတော်တုန်လှုပ်ချောက်ချားနေတယ် မဟုတ်လား"

ဟုမေးလိုက်၏၊

ချူလှူရှမ်းက ပြုံးကာ ...

"ဒါကတော့ စွန့်စားကြည့်ရတာပဲ မင်းသိတယ်မဟုတ်လား၊ ငါက စွန့်စားတာ ဝါသနာပါတယ်လေ"

ဝူးထိဝါးကပြုံးကာ ...

"သူက မင်းစကားကို မယုံဘဲ ဓားနဲ့လှမ်းထိုးလိုက်ရင် အခုလောက်ဆို မင်းက မြေကြီးအောက် ရောက်နေပြီ"

ဟု ပြောလိုက်၏။

ချာလ္စ်ဟူးရှမ်းက ပြုံးကာ ...

"မင်းပဲငါ့ကို ပြောခဲ့တယ်လေ၊ လောကပေါ်မှာ ငါ့လောက် ကံကောင်းတဲ့လူ မရှိဘူးလို့"

ဟုပြောလိုက်၏။

ထို့နောက် သူတို့(၃)ယောက်သည် ပြိုင်တူ ရယ်မောလိုက်ကြလေတော့၏။

❋ ❋ ❋

ချာလ္စ်ဟူးရှမ်း၊ ဝူးထိဝါးနှင့် စယုံယုံတို့သည် သီလရှင်ကျောင်းသို့ ပြန်လာခဲ့ကြ၏။

ဝူးထိဝါးက ...

"သူက ငွေတွေဘယ်မှာ ဝှက်ထားတယ်ဆိုတာ ပြောမသွားဘူး၊ ဘယ်လိုလုပ်မလဲ"

ချာလ္စ်ဟူးရှမ်းက လက်ကာပြကာ ...

"မပူပါနဲ့ သူ့ကိုမကြာခင် ဖမ်းမိမှာပါ"

ဝူးထိဝါးက မျက်မှောင်ကုတ်ကာ ...

"မင်းက သူဘယ်သူလဲဆိုတာ သိလို့လား"

ဟု မေးလိုက်၏။

ချာလ္စ်ဟူးရှမ်းက ဦးခေါင်းခါယမ်းကာ ...

"မသိဘူး"



ဝူးထိဝါးက မျက်မှောင်ကုတ်ရင်း ...

"မသိဘဲ ဘယ်လိုလုပ်ပြီး သူ့ကိုဖမ်းမှာလဲ"

ချာလ္စ်ဟူးရှမ်းက နှာခေါင်းကို လက်ညှိုးဖြင့် ထိုးပြကာ ...

"ခြေရာခံ ရေမွှေးကို မင်းကဘာဖြစ်လို့ မေ့သွားရတာလဲ"

ချာလ္စ်ဟူးရှမ်း၏ စကားကြောင့် ဝူးထိဝါး၏ မျက်နှာသည် ပြုံးရွှင်သွားပြီး ...

"မင်းက သူ့ကို ရေမွှေးနဲ့ ဖျန်းလိုက်တာလား"

ချာလ္စ်ဟူးရှမ်းက ဦးခေါင်းညိတ်ကာ ...

"ဟုတ်တယ် သူနဲ့စကားပြောနေတုန်းမသိမသာ သူ့ကိုရေမွှေးနဲ့ ဖျန်းလိုက်တာ""

ဝူးထိဝါးက ...

"ဒါဆို မင်းကသူ့နောက်ကို ခြေရာခံပြီး လိုက်ရဦးမှာပေါ့"

ချာလ္စ်ဟူးရှမ်းက ပြုံးကာ ...

"မလိုပါဘူး၊ ဒါကို သိမ်းငှက်လောက်ချစ်က ဆက်ပြီး လုပ်လိမ့်မယ်"

ဝူးထိဝါးက မျက်မှောင်ကုတ်ကာ ...

"ဘာဖြစ်လို့လဲ"

"မိုးစွေငှက်ဟာ မျက်နှာဖုံးစွပ်ထားပေမယ့် သူ့ရဲ့ပြောပုံ ဆိုပုံ လေယူလေသိမ်းက ထူးခြားတယ်၊ သာမန်လူမျိုးမဟုတ်ဘူး၊ ဆွေကြီးမျိုးကြီးထဲက ဖြစ်မယ်၊ ဒါမှမဟုတ် ရာထူးရာခံ အတော်ကြီးတဲ့ ပုဂ္ဂိုလ်ဖြစ်မယ် နောက်ပြီး နေပြည်တော်ဘဏ္ဍာငွေပို့တဲ့ကိစ္စဟာ သာမန်

ပစ္စည်းပို့သလိုမျိုးမဟုတ်ဘူး၊ လုံခြုံရေးလမ်းကြောင်းတွေ လုံခြုံရေး အစီအစဉ်တွေ ရေးဆွဲပြီးမှ စနစ်တကျနဲ့ ပို့ရတာ ဒါကိုစားပြုတိုက် တယ်ဆိုကတည်းက ဒီလို လုံခြုံရေး အစီအစဉ်တွေ သိနိုင်တဲ့ အသိုင်း အဝိုင်းထဲက ဖြစ်ရမယ်လို့ ကျုပ်ယုံကြည်ထားတယ်"

ဝူးထိဝါးက ဘာမျှမပြောတော့ပါ။

အတန်ကြာမှ သူသည် ချူလျှူရှမ်းကို မျက်မှောင်ကုတ်၍ ကြည့်ကာ …

"ဒါဖြင့် မင်းကဘာဖြစ်လို့ ရေအောက်နန်းတော်အထိ လာရ တာလဲ"

ချူလျှူရှမ်းက ပြုံးကာ …

"ရေအောက်နန်းတော်ကို ရောက်ဖူးချင်လို့ပါ"

ဟုပြောလိုက်လေတော့သည် မဟုတ်ပါလား။

❋ ❋ ❋

ကမ်းစပ်နှင့် မဝေးကွာလှသော နေရာတစ်နေရာ၌ ရွက်လှေ တစ်စီး ကျောက်ချ ထား၏။

ထိုရွက်လှေပေါ်၌ ချူလျှူရှမ်းသည် ပက်လက်ကုလားထိုင်ပေါ်၌ ထိုင်ရင်း ငါးမျှားနေ၏။

သူနှင့် မလှမ်းမကမ်း၌ စုယုံယုံ၊ စုံထန်း၊ လိဟုန်တို့ ထိုင်နေ၏။

ပုလဲနက်နှင့် ရေအောက်နန်းတော်မှ လိုက်ပါလာသော နန်းပင်း က ချူလျှူရှမ်းတို့ စားသောက်ရန်အတွက် ချက်ပြုတ်နေ၏။



ဝူးထိဝါးသည် အရက်ကို မော့သောက်လိုက်ပြီးမှ ချူလျှူရှမ်း ထံသို့ လျှောက်လာပြီး …

"ပိုးဟပ်ဖြူ ကျုပ် မင်းကိုတစ်ခုမေးရဦးမယ်"

ချူလျှူရှမ်းက ငါးမျှားနေရာမှ …

"ဘာလဲ … မိုးစွေငှက်အကြောင်းလား"

ဝူးထိဝါးက မျက်ခုံးပင့်ကာ …

"မင်းက ကျုပ်မေးမှာကို ဘာလို့ကြိုသိနေတာလဲ"

ချူလျှူရှမ်းက ဘာမှမပြောဘဲ အင်္ကျီရင်ဘတ်ထဲမှ စာတစ် စောင်ကို ထုတ်ယူ၍ ဝူးထိဝါးကို လှမ်းပေးရင်း …

"မင်းသိချင်ရင် အဲဒီမှာဖတ်ကြည့်"

ဟုပြောလိုက်၏။

ဝူးထိဝါးက စာကိုဖတ်ကြည့်ပြီးနောက် မယုံကြည်နိုင်လောက် အောင် အံ့သြသောလေသံဖြင့် …

"မိုးစွေငှက်ဟာ အငြိမ်းစားယူသွားတဲ့ ဟုန်ကျူးမြို့စားကြီး ယန်းလောက် ဆိုပါလား၊ ဟုတ်ရောဟုတ်ရဲ့လား ၊သူက အင်မတန် ချမ်းသာတာ၊ အခုအထိ ဟုန်ကျူးမြို့ရဲ့ မြို့မျက်နှာဖုံး ဖြစ်နေတာ လေ"

ချူလျှူရှမ်းက ပြုံးကာ …

"လောဘဆိုတာ ပင်လယ်ဝထက် ကြီးတယ်လို့ ရှေးလူကြီး တွေက ပြောတာကြားဖူးတယ်၊ လောဘကို မသတ်နိုင်ရင် အခုလို ဖြစ်မှာပဲ၊ ဘာပဲဖြစ်ဖြစ် အမှန်တရားဆိုတာ မီးကိုစက္ကူနဲ့ ထုပ်လို့

မရသလိုပဲ တစ်နေ့မှာ အမှန်တရားဟာ ပေါ်ပေါက်လာမှာပဲ၊ အဲဒီအခါမှာ မကောင်းမှုတွေဟာ ဘူးပေါ်သလို ပေါ်လာမှာပဲ၊ ဥပဒေဆိုတာ ကျောသားရင်သားမခွဲခြားဘူး၊ ဥပဒေကို ချိုးဖောက်ရင် ဥပဒေက ပေးတဲ့အပြစ်ကို ခံယူရမှာပဲ"

ဟုပြောလိုက်၏။

ထိုစဉ် သူတို့၏ ရှက်လှေအနီးသို့ လှေတစ်စင်း ရောက်လာပြီး လှေပေါ်မှလူက ချူလှူရှမ်းကို စာတစ်စောင် လှမ်းပေးလိုက်၏။

ဝူးထိဝါးက ...

"ဘယ်က စာလဲ"

ချူလှူရှမ်းက စာကိုဖောက်၍ ဖတ်လိုက်ပြီး ...

"စိမ်းဖန့်ဖန့်ကျေးရွာက မေလင်းဟုန် ပို့လိုက်တဲ့စာ"

ဝူးထိဝါးက ...

"ဘာရေးထားလဲ"

ချူလှူရှမ်းက ပြုံးကာ ...

"ဆရာကြီး လီကွန်းရီက ရေနွေးကြမ်းသောက်ဖို့ ဖိတ်လိုက်တဲ့အကြောင်းပါ"

ဟု ပြောလိုက်လေတော့သည် မဟုတ်ပါလား။

(ပြီး)

နန္ဒကျော်သူ